

www.burmeseclassic.com
တတိယမြောက် တမလွန်ခရီးသည်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၄၈၄၀၉၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၅၆၄၁၁၀၈ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း<br>ရဲအောင်စာပေ<br>အမှတ် (၂)၊ ချမ်း ၁-လမ်း<br>မင်္ဂလာတောင်ညွန့်။ |
| အတွင်းပုံနှိပ်သူ | ဦးကျော်စိန်<br>(ကျောက်စိမ်းပုံနှိပ်တိုက်)<br>၁၇၁၊ ၃၃ လမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| အဖုံးပုံနှိပ်သူ | ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တို<br>၂၂၅၊ ၃၂-လမ်း၊ ပန်းဘဲတန်<br>ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ၂၀၀၉-ခုနှစ်၊<br>ဖေဖော်ဝါရီလ။ |
| တန်ဖိုး | (၁၀၀) ကျပ် |

အိုယွန်းယုဉ်စာပေ မှ ဖြန့်ချိပါသည်။


BURMESE CLASSIC .com

## မာတိကာ


အခန်း(၁) တစ္ဆေယပ်တောင်

အခန်း(၂) တတိယမြောက် တမလွန်ခရီးသည်

အခန်း(၃) တစ္ဆေ ဒီပနီ

အခန်း(၄) တစ္ဆေရဲ့သားကောင်

အခန်း(၅) ညတိပေတာ ဥမ္မိသဓိနပွဲ

အခန်း(၆) သခင်ခေါ်ရာ လိုက်ခဲ့သူ

အခန်း(၇) နှင်းဆီပန်းနဲ့ ဝိညာဉ်ခေါ်ခဲ့သူ

အခန်း(၈) သချိုင်းရွေ့ပွဲ

အခန်း(၉) သချိုင်းကပြန်ခဲ့တယ်

အခန်း(၁၀) သေရွာပြန်နှင့် ပရလောကဆန်းကြယ်


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## တစ္ဆေယပ်တောင်

ပြဿနာကတော့ ယပ်တောင်တစ်ချောင်းက စတာပဲ။

ယပ်တောင်က ရိုးရိုးယပ်တောင်တော့ မဟုတ်ဘူး။

အသုဘမှာ သေဆုံးသူအတွက် ရည်စူးပြုလုပ်ခဲ့တဲ့ ယပ်တောင်။

ဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က အဖြစ်အပျက်တစ်ခုပဲ။

ဒိုယွန်းယဉ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ရန်ကုန်မှာ ကြံတောသချိုင်း၊ နာနတ်တော သချိုင်း၊ ထားမွေသချိုင်း၊ ဖျိုင်းရေအိုးစင်က တရုတ်သချိုင်းတွေ မှာ အသုဘအချများတယ်။

ကြံတောသချိုင်းကတော့ ဟံသာဝတီမှတ်တိုင်ရဲ့အနောက် ဘက် မျက်စောင်းထိုးလောက်မှာ ရှိတယ်။

ဟံသာဝတီမှတ်တိုင်ရဲ့ အနောက်ဘက်တည့်တည့်မှာ စစ် သချိုင်းရှိတယ်။

ဒုတိယကမ္ဘာစစ်တုန်းက စစ်ပွဲမှာ ကျဆုံးခဲ့တဲ့ စစ်သား တွေရဲ့ အုတ်ခုံလေးတွေ ရှိတယ်။

အဲဒီ အုတ်ခုံလေးတွေမှာ စစ်သားအကြပ်၊ စစ်ဗိုလ်တို့ရဲ့ နာမည်နဲ့ အဆင့်ကို ရေးထားတယ်။

ရန်ကုန်မှာ အသုဘအချရဆုံး နေရာကတော့ ကြံတော သချိုင်းပဲ ဖြစ်တယ်။ အဲဒီ သချိုင်းရှေ့မှာ အခေါင်းရောင်းတဲ့ အခန်း ရှိတယ်။

လူတစ်ယောက် ကွယ်လွန်ပြီဆိုတာနဲ့ အခေါင်းရောင်းတဲ့





အတန်းမှာ အခေါင်းရတယ်။ ပြီးတော့ ကြည့်မြင်တိုင် မှာရှိတဲ့ ယပ်တောင်ဆိုင်မှာ ယပ်တောင်မှာရတယ်။

အဲဒီတုန်းက ပလတ်စတစ်ယပ်တောင်ဆိုင်တွေ မပေါ် သေးဘူး။

ဝါးနှီးဖာပေါ်မှာ သေသူရဲ့အမည်၊ အသက်၊ ရေးထိုးထား တဲ့ စက္ကူနှစ်ချပ်ကို ကပ်လိုက်တယ်။

အနားမှာတော့ အဝါ၊ အနီ၊ အပြာ စတဲ့ စက္ကူရောင်စုံ တွေနဲ့ အနားသတ်ထားတယ်။

စက္ကူယပ်တောင်ဆိုတော့ သိပ်ပြီးမခိုင်ခံ့ပါဘူး။

ယိုင်နဲ့နဲ့နဲ့ တစ်ရက်၊ နှစ်ရက်လောက် ခပ်လိုက်တာနဲ့ စက္ကူတွေ စုတ်ပြဲပြီး လွှင့်ပစ်ရတာမျိုးပဲ။

အဲဒီတုန်းက သချိုင်းထဲမှာ သချိုင်းစောင့် အလုပ်သမား တွေလည်း နေတယ်။ အစိမ်းရောင်သင်္ကန်းဝတ် ရုတင်ဆောင်နေတဲ့ ရဟန်း တစ်ပါးလည်း ရှိတယ်။ အဲဒီရဟန်းရဲ့ ဆွမ်းခံကြွပုံဟာ ထူးခြား တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဆွမ်းခံကြွတဲ့အခါတိုင်း ခြေတစ်လှမ်းချင်းကြွတယ်။

သူ့ရဲ့နှုတ်ခမ်းက ဘုရားစာတွေကို ရွတ်ဆိုပူဇော်လာတယ်။

ရဟန်းဟာ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ စတဲ့ နေရာအသီး သီးကို ကြွတယ်။

တစ်ခါတစ်ရံမှာ အဲဒီရဟန်းကို အင်းစိန်ဘက်မှာလည်း တွေ့ရတတ်တယ်။

ဒီကိုယ်တော်ကို ဒကာ၊ ဒကာမတွေက လှူကြ တန်းကြတယ်။

ကလေးတွေ နေကောင်းရင် ဆီမန်းပေးတတ်တဲ့အတွက် ဆီမန်းကိုယ်တော်လို့လည်း ခေါ်ကြတယ်။

ခေါင်းရောင်းတဲ့အတန်းက ဆိုင်စောင့်တွေက သင်္ချိုင်းရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဆိုင်ခန်းတွေမှာ အိပ်ကြတယ်။ အဲဒီနားက တဲကလေးမှာ အရူးမ ခင်စိန် နေတယ်။





အရူးမ ခင်စိန်သာ ပြောရတယ်။

သူက အရူးပါ။

အဲဒီနားက အခေါင်းရောင်းတဲ့သူတွေရော သင်္ချိုင်းထဲက သင်္ချိုင်းစောင့်လုပ်သားတွေပါမကျန် သူ လိုက်လံတောင်းခံတဲ့ ဖောက်သည်တွေချည်းပဲ။

အရူးမ ခင်စိန်ဟာ ကြံတောသင်္ချိုင်းနားမှာ နေခဲ့တာ ဆယ်နှစ်ကျော် ကြာပြီဆိုတော့ အဲဒီနားကလူတွေဟာ ခင်စိန်ကို မသိတဲ့သူ မရှိဘူး။

နံနက်မိုးလင်းတာနဲ့ အခေါင်းရောင်းတဲ့သူတွေဆီ သွားပြီး…

'ထမင်းဖိုးလေး ငါးပြား၊ ဆယ်ပြား ပေးကြပါ'

'ဟဲ့… ခင်စိန်၊ ငါတို့တောင် ဈေးဦးမပေါက်သေးဘူး၊ နင်က လာပြီ'

'မလာလို့မဖြစ်ဘူး၊ ကျုပ်က မနက်မိုးလင်းတာနဲ့ ဆာပြီလေ၊ ဒီတော့ ရှင်တို့ဆီကို လာတောင်းရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဟိုမှာ ဝါးတံမြက်စည်းရှိတယ်၊ လှည်းစမ်း၊ ဘယ်နေရာမှာ အလကား မရဘူး၊ နင်လည်း တံမြက်စည်းလှည်းရင် ဗိုက်ဆံရမယ်'

'ဗိုက်ဆံရမယ်ဆိုရင် လှည်းပါ့မယ်တော်၊ လှည်းပါ့မယ်'

ခင်စိန်က ပြောပြောဆိုဆို ဝါးတံမြက်စည်းအရှည်ကို ကောက်ကိုင်ကာ ဆိုင်ရှေ့မှာ ရှုပ်ပွနေသော စက္ကူအပိုင်းအစများနှင့် သစ်ရွက်ခြောက်များကို လှည်းကျင်းလိုက်တယ်။

စက္ကူစုတ်များ၊

ကွမ်းတံတွေးများ၊

ကြံဖတ် စတဲ့ အမှိုက်သရိုက်များက ဘယ်ကထွက်လာသည် မသိအောင် များပြားလှတယ်။

လှည်းရင်း လှည်းရင်း မပြီးနိုင်။

'ဟဲ့… ခင်စိန်၊ ဟိုဘက်ထောင့်မှာ ရှိသေးတယ်'

'ကျုပ် သိပါတယ်၊ လှည်းပါ့မယ်တော်'





'ကောင်းကောင်းလှည်းနော်၊ အမှိုက်မစင်ရင် ဗိုက်ဆံမပေးဘူး'

'အမှိုက်စင်အောင် လှည်းပါ့မယ်တော်'

ထိုသို့ ပြောဆိုပြီး အမှိုက်လှည်းနေစဉ် အခေါင်းရောင်းသည့် ဦးဘခင်က အခေါင်းပုံရှေ့တွင် မတ်တတ်ရပ်ပြီး…

'ဘုတ်…'

'ဘုတ်…'

'ဘုတ်…'

အခေါင်းများကို လက်ဖြင့်ပုတ်ကာ…

'ဒီနေ့ အခေါင်းများများ ရောင်းရပါစေ၊ မြန်မြန်ဈေးဦးပေါက်ပါစေ'

ဤသို့ ဆုတောင်းသည်ကို ခင်စိန် တွေ့လိုက်ရတယ်။

'ဦးလေး စောစောစီးစီး ဘာဖြစ်လို့ အခေါင်းတွေကို ခေါက်နေရလဲ'

'ခင်စိန်… နင်က ဘာမှမသိဘဲနဲ့ မေးမနေနဲ့၊ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးဦးပေါက်အောင်လို့ အခေါင်းကို ခေါက်ရတာ'

'ဟင်… ဦးလေးက ဈေးဦးပေါက်ဖို့ အခေါင်းကို ခေါက်တာဆိုတော့ လူတစ်ယောက်ယောက် သေပေးရတော့မှ ဈေးဦးပေါက်မှာပေါ့'

'ဘယ်သူသေသေ …ဒါ ဈေးဦးပေါက်ဖို့ အရေးကြီးတယ်'

'ဒါတော့ မကောင်းပါဘူး ဦးလေးရယ်၊ လူသေရင် အဲဒီအိမ်ကလူတွေ ငိုကြမယ်'

'လူသေမှတော့ ငိုတာ ဆန်းသလား'

'ဒါကတော့ ဘယ်ဆန်းမလဲ၊ နေ့တိုင်း တွေ့နေတာပဲ၊ ကျွန်ုပ် ပြောချင်တာက ဦးလေးက အခေါင်းကိုခေါက်တော့ လူတွေသေကုန်မှာပေါ့၊

သူများသေမှ သူများငိုမှ စားရတာ မကောင်းပါဘူး ဦးလေးရယ်'

'ဟဲ့… ခင်စိန်၊ အရှုးပါးစပ်က နတ်စကားထွက်ဆိုတာ





မျိုး ဖြစ်နေပြီ၊ နင် ငါ့ကို ဘာမှလာပြီး ပြောမနေနဲ့၊ တံမြက်စည်းလှည်းမှာသာ လှည်းစမ်း'

'အင်း… လူတွေ… လူတွေ ကိုယ်ကောင်းဖို့ ကိုယ်ငွေ ရဖို့တစ်ခုပဲ သိတယ်၊ အခေါင်းခေါက်ပြီး ဈေးခေါ်တဲ့လူနဲ့ လူသေပါးစပ်ထဲက ရွှေသွားဖြုတ်'

'ဟဲ့… ခင်စိန်၊ ဘာတွေလျှောက်ပြောနေတာလဲ'

'ဘာမှမပြောပါဘူး'

ခင်စိန်က ဘာမှမပြောဘူးဟု ဆိုသော်လည်း ပါးစပ်က ငုံ့ပွစိ။

'အင်း… ဘယ်သူမှ မကောင်းဘူး၊ ငါပဲကောင်းတယ်'

သူမက မကြားတကြား ပြောရင်း တံမြက်စည်းကို လှည်းနေတယ်။

မကြာမီ။

အခေါင်းဝယ်သူတစ်ဦး ရောက်ရှိလာပြီး…

'လူကြီးအခေါင်းလား၊ ကလေးအခေါင်းလား'



www.burmeseclassic.com

www.burmeseclassic.com



'လူကြီးအခေါင်းပါ'

'အဲဒါက အစားအစာရှိတယ်၊ ရိုးရိုးခေါင်းက နှစ်ရာငါး ဆယ် ဖဲပြားပန်းတွေပါတဲ့အခေါင်းက ငါးရာ'

'ဈေးမများဘူးလား'

'အခေါင်းဝယ်ရင် မဆစ်ကောင်းပါဘူး ဆရာ၊ တချို့ အခေါင်းရောင်းတဲ့သူတွေက ဈေးဆစ်ရင် အခေါင်းအဆစ်ယူသွား လို့ ပြောတတ်တယ်'

'ဟာဗျာ… အခေါင်းအဆစ်ပေးစရာလားဗျ'

'ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော်တို့ ဆိုင်က အဲဒီလို အပြောမဆိုးပါဘူး၊ အခေါင်းဝယ်တာနဲ့ သေသူရဲ့နာမည် အသက် စတာတွေကို တစ်ခါတည်း ရေးပေးလိုက်မယ်'

'ကဲ… ဒါဆို ဈေးမဆစ်တော့ပါဘူး၊ ငါးရာတန် အခေါင်းသာ ပေးပါ၊ နာမည်က ဦးဘခင်'

'ဗျာ…'

'ဘာဖြစ်လို့လဲ'





'ကျွန်တော့်နာမည်နဲ့ တူနေလို့ပါ'

'ရော့… ဒီမှာ ငွေငါးရာ၊ ရေးရမယ့်စာက ဒီမှာ၊ ခဏနေရင် လာယူမယ်'

'ကောင်းပါပြီ၊ ရေးထားလိုက်ပါ့မယ်'

ဦးဘခင်က ဈေးဦးပေါက်သွားသည့် ငွေငါးရာကို လှမ်း ယူလိုက်ပြီး…

'ရော့… ခင်စိန် မုန့်ဖိုးတစ်မတ်'

'အခေါင်းက ဝယ်တော့ နှစ်ရာငါးဆယ် ပြန်ရောင်းတော့ ငါးရာ'

'ဟဲ့… ခင်စိန်၊ နင့်အပူ ဘာပါလဲ'

'ဘာမှမပါပါဘူး'

'ရော့… တစ်မတ်ယူပြီး မြန်မြန်သွား'

'ဟုတ်ကဲ့…'

'အင်း… ဘယ်သူမှမကောင်းဘူး၊ ငါပဲကောင်းတယ်'

ခင်စိန်က ကြိမ်လုံးလေးတစ်လုံးကို ကောက်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှံ့ပေါက်ကာ ကြံတောသချိုင်းထဲသို့ ဝင်သွားခဲ့တယ်။

သချိုင်း အဝင်ဝတွင် ဘိန်းမုန့်ရောင်းသည့် ဈေးသည်နှင့် တွေ့သို့ ဘိန်းမုန့် ဆယ်ပြားဖိုး နှစ်ခုနှင့်ဝယ်ကာ အုတ်ဂူများဆီသို့ သွားခဲ့တယ်။

အုတ်ဂူနှစ်ခုကြားတွင် ထိုင်ကာ ဘိန်းမုန့်ကို စားနေစဉ်…

'အောင်မယ်လေး… မောင်ရဲ့'

'ဟဲ့… ပလုတ်တုတ်၊ ဘယ်သူတွေတုံး'

ခင်စိန်သည် အော်ငိုသံတစ်သံကြောင့် လန့်ဖျပ်သွားခဲ့တယ်…

'အောင်မယ်လေး… ရှင်သေမင်းရဲ့၊ ကျွန်မယောက်ျား ခန်တောက်မင်း ပညာရှိကြီးကိုမှ ရွေးခေါ်သွားလေခြင်း၊ ရက်ရက်စက်စက် ကျွန်မတို့ချစ်ခြင်းကို ခွဲရက်ကြတယ်၊ တကယ်ဆို အသုံးမကျတဲ့ လမ်းပေါ်က ကလေကဝတွေ၊ သူဘရောဇာတွေ သေပါလား၊ ကျွန်မယောက်ျား လူ့အဖိုးတန် ပညာရှိကြီး၊ အသက်





မှ လေးဆယ့်ငါးနှစ်ပဲ ရှိသေးတယ်. လူ့ပြည်မှာ နေနိုင်ပါရက်နဲ့ ဘာဖြစ်လို့ ရှင်သေမင်းက ခေါ်သွားရတာလဲ၊ အဟီး… အဟီး… ကိုလှမြင့်ရေ၊ ကျွန်မ ရှင့်နောက်ကို လိုက်ခဲ့မယ်'

အုတ်ဂူတစ်ခုရှေ့တွင် ဆွဲဆွဲငင်ငင် ပြောလိုက်ဆိုလိုက်နှင့် ငိုနေသော အမျိုးသမီးတစ်ယောက်ဝယ် အသံကို ကြားလိုက်ရတယ်။

'သြော်… ဒီမိန်းမနှယ်၊ သေမင်းကို မကျေနပ်လို့ အပြစ်တင်နေသေးတယ်၊ သူ မကျေနပ်ရင် သူ့ယောက်ျားကိုယ်စား သူ အသေခံမယ်လို့ သွားပြောပါလား၊ ဘယ့်နှယ်… ကလေကဝတွေ၊ သူဘရောဇာတွေကို သေခိုင်းနေရတာလဲ'

ခင်စိန်က မုန့်တစ်ကိုက် ကိုက်လိုက် ပြောလိုက်တယ်။

အဲဒီအချိန်မှာ အသုဘတစ်ခု ရောက်လာသည်ကို ခင်စိန် တွေ့လိုက်ရတယ်။

ခင်စိန်အဖို့မှာ အသုဘချသည့် မြင်ကွင်းမှာ သမားရိုးကျဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် အလောင်း ငါးလောင်း၊ ဆယ်လောင်းခန့် ဤ သချိုင်းသို့ အသုဘချခဲ့တယ်။

ထိုစဉ် စောစောက ငိုနေသော အမျိုးသမီးမှာ ထိုအသုဘ အခေါင်းတွင် ရေးထားသည့်စာကို အသံထွက်ပြီး ဖတ်လိုက်သည်။

'ဦးတင်မောင်(အင်ဂျင်နီယာ) အသက် ၄၂ နှစ်'

'ဟင်း… အင်ဂျင်နီယာ ဦးတင်မောင်တဲ့၊ အသက်က လည်း ၄၂ နှစ်ဆိုတော့ ငါ့ယောက်ျားနဲ့ အသက်အတူတူပဲ၊ သေကြ၊ သေကြ၊ တမလွန်မှာ ငါ့ယောက်ျားနဲ့ တွေ့ကြ၊ ကောင်းတယ်၊ ကောင်းတယ်'

ခင်စိန်က မကြားချင်သော်လည်း ကြားနေရသည်။

'ဪ… လူတွေ… လူတွေ ကိုယ့်ယောက်ျား သေတာ နဲ့ သူများယောက်ျား သေတာတွေ့တော့ ဝမ်းသာနေလိုက်ကြကာ၊ ဘယ်သူမှ မကောင်းဘူး၊ ငါပဲ ကောင်းတယ်'

ခင်စိန်က သူမ၏ လက်သုံးစကားဖြစ်သည်။





'ဘယ်သူမှ မကောင်းဘူး၊ ငါပဲကောင်းတယ်'

ဟူသော စကားလေးကို ပြောလိုက်သည်။

မကြာမီ အင်ဂျင်နီယာ ဦးတင်မောင်ရဲ့ အလောင်းကို သဂြိုဟ်ပြီးစီးသွားခဲ့ပြီ။

သူ့ရဲ့အသုဘကို လာရောက်ပို့ဆောင်သူအများစုမှာ ဇရပ် ပေါ်တွင် ဦးတင်မောင်အား ရည်စူးပြုလုပ်ထားသည့် ယပ်တောင် များကို ထားရစ်ခဲ့ကြတယ်။

အသုဘ တစ်ခုချတိုင်း ဇရပ်ပေါ်မှာ ဒီလို ယပ်တောင် များ ကျန်နေသည်မှာ အထူးအဆန်းမဟုတ်ပါ။

အသုဘ လာပို့သူ အများစုမှာ မလွှဲသာ၍ အသုဘ ယပ်တောင်ကို ယူထားရသော်လည်း အိမ်အပြန်မှာ ထိုယပ်တောင် ကို မိမိတို့အိမ်သို့ သယ်မသွားလို၍ ဇရပ်ပေါ်၌ မေ့သလိုလိုလုပ် ကာ ထားခဲ့ကြတယ်။

အသုဘတစ်ခုချတိုင်း ယပ်တောင်အတော်များများဟာ ဇရပ်ပေါ်မှာ ကျန်နေခဲ့တယ်။

အိုးယွန်းယဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်စိန်ဟာ ဂူဘက်မှ ဇရပ်ပေါ်သို့ တက်လာခဲ့ပြီး ဇရပ်ပေါ်မှာ ကျန်ရစ်ခဲ့သော ယပ်တောင်တစ်ချောင်းကို ကိုင်ရင်း…

'အင်း… အင်ဂျင်နီယာ ဦးတင်မောင်ဆိုတာ ဂုဏ်သရေရှိ လူကြီးလူကောင်းနဲ့ တူတယ်· လိုက်ပို့တဲ့လူတွေက အများကြီးပဲ၊ အသက်ရှင်တုန်းကတော့ ခင်ကြမင်ကြနဲ့ အခု သေတော့ အသုဘယပ်တောင်ကိုတောင် ယူမယ့်လူ မရှိဘူး၊ ငါ ဖတ်ကြည့်ဦးမယ်'

'တစ်နေ့ကွယ် သေနယ်သို့ တစ်ခါကူး မေ့လျော့ကာ သေဘူးမထင်ပါနဲ့၊ နေကွယ်တာ အကြိမ်များလျှင်ဖြင့် သေနယ်ရှ ဟစ်ကြိမ်သွားပါလိမ့်၊ တားမရဘူး'

'ငါနဲ့ရွယ်တူ ငါ့အောက်လူကြီး သူသေခြင်း များလှပြီ'

'ဖြစ်ခြင်း၊ ပျက်ခြင်း၊ လျှင်မြန်ခြင်း၊ သေခြင်း များလှပြီ'

'မရဏဘေးကြီး အလွန်နီး ယခုလည်း သေမည်မသိပြီ'





ခင်စိန်က ပတ်ကြည့်ပြီး…

'ယပ်တောင်တစ်ချောင်းက ဘဝတစ်ခုပါလား'

'ယပ်တောင်တစ်တောင်ကို ကောက်ကိုင်ကာ သူ့ကိုယ်သူ ယပ်ခတ်လိုက်တယ်'

'အင်း… လူတွေက အသုဘယပ်တောင်ကို ကြောက်လို့လား၊ ရွံလို့လား မသိ၊ အိမ်ကို ယူမသွားကြဘူး၊ ဒါပေမဲ့ အခုလို ယပ်ခတ်လိုက်တော့လည်း အေးသွားတာပဲ'

ခင်စိန်က ယပ်တောင်ခတ်ရင်း ဇောစောက ယောက်ျား သေ၍ ငိုနေသော အမျိုးသမီးဆီသို့ လျှောက်လာပြီး…

'အစ်မ ငိုရတာ ပင်ပန်းပါတယ်၊ အစ်မ အေးသွားအောင် ယပ်တောင်ခတ်ပေးမယ်'

ပြောပြောဆိုဆို ယပ်တောင်နဲ့ထပ်ပြီး ခတ်ပေးတဲ့အတွက် ခင်စိန်ကို တာဝန်ရှိသူများက ဆွဲသွားခဲ့တယ်။

ဒီကိစ္စဟာ ဘာမှကြီးကျယ်သည့်ကိစ္စ မဟုတ်လို့ ဒီနေရာမှာ ပြီးသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ မပြီးသည့်ကိစ္စတစ်ရပ်က မမျှော်လင့်ဘဲ ပေါ်ပေါက်လာခဲ့သည်။

ခင်စိန် ယပ်တောင်ခတ်ပေးခဲ့သည့် ခင်ဖုန်းတင်ဆိုသည့် အမျိုးသမီးမှာ နောက်နှစ်ရက်အကြာတွင် ကားတိုက်ခံရပြီး ဒဏ်ရာပြင်းထန်စွာရကာ သေအံ့မူးမူးအချိန်တွင်…

'အမေ သမီးကို အသုဘယပ်တောင်နဲ့ ယပ်ခတ်ပြီး ကိုလှမြင့်နောက် လိုက်သွားလို့ အရူးမတစ်ယောက်က ပြောတယ်၊ သူ နိမိတ်ဖတ်လို့ သမီး မနေရတော့ဘူး၊ သေ… သေ…'

စကားမဆုံးမီ ခင်ဖုန်းတင် သေဆုံးသွားခဲ့တယ်။

သူမမိသားစုမှာ ဘယ်အရူးမက ယပ်ခတ်ပေးနေမှန်း မသိ။

ဘယ်အရူးမက ကိုလှမြင့်နောက်သို့ လိုက်သွားခိုင်းမှန်း မသိချေ။

ထိုသို့ဖြင့် ခင်ဖုန်းတင်၏ အသုဘကို ကြံတောသင်္ချိုင်း၌ ချခဲ့ကြတယ်။





ခင်စိန်က အလောင်းတွင်ရေးထားသည့် စာတန်းကလေးကို ဖတ်ကြည့်လိုက်သည်။

**ဒေါ်ခင်ဖုန်းတင်**

**အသက် ၄၂ နှစ်**

'ဟင်… ဒေါ်ခင်ဖုန်းတင် ဆိုပါလား၊ ငါ ယပ်ခတ်ပေးလိုက်တဲ့ မိန်းမများ ဖြစ်နေမလား'

ထိုသို့ စဉ်းစားနေစဉ်…

ဒေါ်ခင်ဖုန်းတင်၏ အမေဖြစ်ဟန်တူသူ အမျိုးသမီးကြီးမှာ…

'အောင်မယ်လေး… သမီးရဲ့အဖြစ် ဆိုးလှချည်လား၊ အရူးမက ယပ်တောင်ခတ်ပြီး မောင်လှမြင့်နောက်ကို လိုက်သွားဆိုတာနဲ့ သေရရောလား'

'ဘယ်နေရာမှာများ အရူးမနဲ့ ရန်ဖြစ်ရပါလိမ့် သမီးရယ်'

'အမေ ရင်ကွဲရချည်ရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ရင်ဘတ်စည်တီး ငိုယိုနေပါတော့တယ်။ ဒီမှာတင် ခင်စိန် ချက်ချင်းသတိရလိုက်တယ်။

'ငါ့နာမည် ခင်ဖုန်းတင့်တဲ့ဆော်၊ ငါ ဘယ်သူ့ကိုမှ သည်းမခံဘူး'

'အင်း… ငါနဲ့ ရန်ဖြစ်တဲ့ အမျိုးသမီးဟာ မသိဘူး၊ သွားကြည့်ဦးမှပဲ'

ခင်စိန်က ဤသို့တွေးကာ ခင်ဖုန်းတင့်၏ ရုပ်ပလာပ်ကို ကြည့်လိုက်ရာ…

'ဟာ… ငါ ယပ်ခတ်လိုက်တဲ့ မိန်းမပဲ၊ ဘယ်လိုများ ဖြစ်သွားပါလိမ့်'

သူမက အံ့သြစွာပြောလိုက်မိသည်။ ဖို့နောက် ပရိသတ်ထဲမှ မိန်းမတစ်ယောက်အား…

'အစ်မ ဒေါ်ခင်ဖုန်းတင့်က ဘာကြောင့် သေရတာလဲ'

'ကားတိုက်လို့တဲ့'

'သြော်…'





'ကားမတိုက်ခင်က အရှုးမတစ်ယောက် အသုဘယပ်တောင်နဲ့ ယပ်ခတ်ပြီး ကျိန်လိုက်လို့ဆိုလားပဲ'

'ဗုဒ္ဓေါ…'

ဒီစကားကိုတော့ အပြင်သို့မထွက်ဘဲ စိတ်ထဲက ရေရွတ်ရင်း ငင်းတို့လူသိုက်နှင့် ဝေးရာသို့ ပြေးထွက်လာခဲ့သည်။

ညနေစောင်းချိန်တွင်…

ဟိုတစ်နေ့က ဝိုင်းဆွဲသည့် သချိုင်းစောင့်များ ရောက်လာကာ…

'ခင်စိန်'

'ရှင်…'

'ဟိုတစ်နေ့က မိန်းမတစ်ယောက်ကို ယပ်တောင်ခတ်ပြီး ကျိန်လိုက်တာ၊ ဒီနေ့ အဲဒီမိန်းမ ကားတိုက်ပြီး သေပြီ၊ ချက်ချင်း အသုဘချသွားတာ သိလား'

'သိဘူး'

'ဘာမသိဘူးလဲ၊ အဲဒီမိန်းမ နာမည်က ခင်ဖုန်းတင့်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဪ… သိပြီ၊ သိပြီ၊ ကျွန်မက သူငိုနေလို့ သူ့ကို ဒီလို ဒီလို ယပ်ခတ်ပေးလိုက်တာပါ ဦးလေးမောင်ရဲ့'

ခင်စိန်က သချိုင်းစောင့် ဦးလေးမောင်ကို ယပ်ခတ်ပြလိုက်ရာ…

'ဟဲ့… ခင်စိန်၊ နင်က ငါ့ကို ဘာဖြစ်လို့ ယပ်ခတ်ရဘာလဲ'

'ဦးလေးမောင်ကို ယပ်ခတ်တာ မဟုတ်ပါဘူး၊ ဟိုမိန်းမကို ဒီလိုယပ်ခတ်တယ်လို့ ပြောတာပါ'

'တယ်လေ… ငါ မပြောချင်ဘူး'

'ကန်တော့… ကန်တော့'

ခင်စိန်က ပြောပြောဆိုဆို ဦးလေးမောင်အား လက်အုပ်ချီပြီး သချိုင်းတွင်းမှ ထွက်ပြေးသွားခဲ့တယ်။

ဒီအဖြစ်အပျက်ကလည်း ဘာမှ ထူးဆန်းသည် မဟုတ်။ ဒါပေမဲ့ ဒီအဖြစ်အပျက်ကိုတော့ သချိုင်းစောင့်လုပ်သားအချို့နှင့် ခေါင်းရောင်းသည့်အုပ်စုက မြင်ခဲ့သည်။





ဤသို့ဖြစ်ပြီး နှစ်ရက်မြောက်သည့်နေ့တွင် အလွန်ပင် တိုက်ဆိုင်သည့် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပြန်တယ်။

သချိုင်းစောင့် ဦးလေးမောင်၏ ထူးခြားသည့်ဖြစ်ရပ်တစ်ခု။

ထိုနေ့တွင် အလောင်းတစ်လောင်းကို မြေမြှုပ်ရန် တွင်းတူးနေစဉ် ဦးလေးမောင်က သူ့လူများဆီသို့ လာကြည့်ခဲ့သည်။

'ဟေ့ကောင်တွေ… တွင်းကို နက်နက်တူး'

'ဟုတ်ကဲ့… ဦးလေးမောင် နေပူတော့ သိပ်အလုပ်မလုပ်နိုင်ဘူး'

'မင်းတို့ ပျင်းတွေ၊ နေပူသလေး မိုးရွာသလေးနဲ့ အလုပ်ကောင်းကောင်းကို မလုပ်ချင်ဘူး၊ ဖယ်… ဖယ်… ငါ တူးမယ်'

'နေပါစေ ဦးလေးမောင်ရယ်၊ စိတ်ကလည်း တိုလိုက်တာ'

ဦးလေးမောင်ကား စိတ်မြန်တယ်။ တွင်းတူးသည့် လုပ်သားတစ်ယောက်ဆီမှ ပေါက်တူးကို လုမ်းယူကာ မြေကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



တူးခိုက်တယ်။ အချိန်ကား နေမွန်းတည့်အချိန်ဖြစ်၍ ဦးခေါင်းပေါ် တည့်တည့်၌ နေမင်းကြီးရောက်နေသည့်အချိန် ဖြစ်တယ်။

မကြာမီအချိန်မှာ တွင်းတူးနေတဲ့ ဦးလေးမောင်မှာ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက် ကျနေသည်။ ထိုသို့တူးရင်း တစ်ခဏအကြာတွင်...

'မူးတယ်၊ မူးတယ်'

ဟု ပြောရင်း တွင်းထဲသို့ ဦးခေါက်ထိုးကျသွားတယ်။ ကျပုံကလည်း ပုံသဏ္ဌာန်မကျ၊ ဦးခေါက်ထိုးကျသည့်အတွက် ဇက်လိမ်ချိုးသလိုဖြစ်ပြီး...

'ဦးလေးမောင်'

'ဦးလေးမောင်'

ဟု ခေါ်ကာ ၄င်းအား ပွေ့တင်လိုက်တယ်။ အပေါ်ရောက်တော့ အသက်မပါတော့ပေ။

'ဟာ... ဦးလေးမောင်ကြီး အသက်မရှိတော့ဘူး'

'ဦးလေးမောင်ကြီး သေတာ မြန်လိုက်တာ'





'ဇက်ကျိုးပြီး သေသွားတာ၊ ဒါဟာ ခင်စိန်လက်ချက်ပဲ'

မသိမဆိုင်ဟု ပြောရမလား၊ တိုက်ဆိုင်တာဟု ပြောရမလား မသိ။

ခင်စိန် ယပ်ခတ်တဲ့ ဦးလေးမောင်မှာ တကယ်ပင် ဇက်ကျိုးကာ သေဆုံးခဲ့တယ်။

'ဒီတွင်းထဲကျပြီး သေဟားခဲ့တော့ ဦးလေးမောင်ကြီးကို အဲဒီတွင်းထဲမှာပဲ မြှုပ်လိုက်မှပဲ'

'ဟုတ်တယ်၊ ဒီတွင်းထဲကျသေမှတော့ ဒီတွင်းထဲမှာပဲ မြှုပ်ရမှာပဲ'

သချိုင်းစောင့်များကလည်း သူ့အယူအဆနှင့်သူ၊ သူ့အစွဲအလမ်းနှင့်သူ ဖြစ်တယ်။

'ဦးလေးမောင်ရယ်... ဖြစ်မှဖြစ်ရလေ၊ ကိုယ့်သေတွင်း ကိုယ်တူးဆိုသလို ဖြစ်နေပြီ'

'ခင်စိန်ကပဲ မရဏအစွဲရှိသလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် မျိုးစုံအောင် ပြောနေကြသည်။

သည်တွင် ခင်စိန်မှာ ဘာတစ်ခုမျှမသိဘဲ သချိုင်းထဲသို့ ယပ်တောင်တစ်ချောင်းကိုင်ကာ ဝင်လာခဲ့တယ်။

'ဟော... ခင်စိန် လာပြီ'

'ခင်စိန်... လာစမ်း'

'ဘာဖြစ်လို့ခေါ်နေတာလဲ'

'ဟဲ့... နင့်ကိုခေါ်တာ ပြစရာရှိလို့ပေါ့၊ ဒီမှာ လာကြည့်စမ်း'

'အသုဘချမယ့်တွင်း တူးတာများ အဆန်းလုပ်လို့'

'အေး... တွင်းမှာ ဘယ်သူလဲ၊ ကြည့်စမ်း'

'မှန်း... ကြည့်လိုက်စမ်းမယ်'

ခင်စိန်က မာန်ပါပါနှင့် မျက်လုံးကို လက်ဝါးဖြင့်ကာပြီး ကြည့်လိုက်ရာ...

'ဟာ... ဦးလေးမောင်ကြီးပါလား၊ ဘယ်လိုဖြစ်တာတုံး'





'အေး... အသုဘတွင်းတူးတာ သူ့ဝင်ပြီး တူးရင်းနဲ့ လဲကျပြီး သေဆုံးသွားတာပဲ'

'ဟောတော့...'

ခင်စိန်လည်း အံ့ဩလွန်းလို့ ဟောတော့ဟုသာ ရေရွတ်လိုက်မိတယ်။

'ခင်စိန် မြောက်ဘက်တဲက ဦးလေးမောင်ရဲ့ မိန်းမကို သွားခေါ်ချေ'

'ဟုတ်ကဲ့'

ခင်စိန်က ဦးလေးမောင်ကြီး သေဆုံးသွားခြင်းအတွက် လွန်စွာအံ့ဩသလို စိတ်မကောင်းလည်း ဖြစ်မိတယ်။ မြောက်ဘက်တဲသို့သွားကာ...

'အဒေါ်အေးဘုံ၊ အဒေါ်အေးဘုံ'

'ဟဲ့... ဘာလဲ ခင်စိန်'

'ဦးလေးမောင်ကြီး သေပြီတဲ့'

သူမက တုံးတိတိပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်... အရှုးမ၊ တောက်တီးတောက်တက် ဘာတွေလာပြောနေတာလဲ၊ ခုနကပဲ ထမင်းစားပြီး ထွက်သွားတာ ဘာကြာသေးလို့လဲ'

'အဲဒါတော့ မသိဘူး၊ တွင်းတူးရင်း သေသွားလို့ဆိုလားပဲ၊ တွင်းဘေးမှာ ပက်လက်ကြီး'

ခင်စိန်က စိတ်မနှံ့သူဖြစ်၍ တည့်တိုးကြီးပြောလိုက်ရာ ဒေါ်အေးဘုံမှာ မယုံသင်္ကာဖြစ်ကာ...

'ဟယ်... ဟုတ်လား၊ ဒါဆို ငါ့ကို လိုက်ပြစမ်း'

'လိုက်ခဲ့၊ လိုက်ခဲ့'

'အဒေါ်အေးဘုံ... ဟိုမှာတွေ့လား'

ခင်စိန်က ပက်လက်လန်ကာ သေဆုံးနေသော ဦးလေးမောင်၏ ရုပ်အလောင်းကြီးကို ညွှန်ပြလိုက်တယ်။

'ဟောတော့... ကိုလေးမောင် ဘယ်လိုဖြစ်သွားရတာတုံး'

ဒေါ်အေးဘုံမှာ ခင်ပွန်းသည်ကိုကြည့်ရင်း ပြောပြော





ဆိုဆို မျက်ရည်များ ကျလာခဲ့တယ်။ ဦးလေးမောင်၏လက်ကို ကိုင်ကြည့်ကာ...

'ကိုလေးမောင်ရယ်... ကျွန်မ မယုံနိုင်ဘူး'

သူမဟာ ဒီလိုပြောရင်း ဝမ်းနည်းပူဆွေး ငိုကြွေးခဲ့တယ်။

သည်တွင် ခင်စိန်က...

'အဒေါ်အေးဘုံ မယုံလို့မရဘူး၊ အခု ဦးလေးမောင်သေပြီလေ'

'ဟဲ့... ခင်စိန်၊ အဲဒါ နင့်ကြောင့်ဖြစ်ရတာ၊ ဟိုတစ်နေ့က မိန်းမတစ်ယောက်ကိုလည်း ယပ်တောင်ခတ်ပြီး ကျိန်လိုက်လို့ ကားတိုက်သေပြီ၊ အခုလည်း ငါ့ယောကျ်ားကို နင် ယပ်ခတ်လို့သေပြန်ပြီ၊ နင့်ကို ငါ သတ်မယ်'

ထိုသို့ပြောဆိုကာ လည်ပင်းညှစ်မည့်ဟန်ဖြင့် လက်နှစ်ဖက်ကို ကားကာ ပြေးလာခဲ့သည်။ ခင်စိန်မှာ ကြောက်လန့်တကြားဖြစ်ကာ...

'ဦးလေးတို့ရေ... လုပ်ကြပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုရင်း လှည့်ပတ်ပြေးနေခဲ့တာကြောင့် သန်မိုင်းစောင့်လူကြီးဖြစ်သော ဦးစိန်လှက…

'ဒေါ်အေးဘုံ… မလုပ်နဲ့၊ ဆွဲကြပါဦး'

ဤသို့ အနီးရှိလူများကို ပြောလိုက်ရာ ဒေါ်အေးဘုံကို ဝိုင်းဆွဲထားလိုက်ကြသည်။

သည်တော့မှ ခင်စိန်လည်း အပြေးရပ်ခဲ့တယ်။

ဒေါ်အေးဘုံမှာ ခင်စိန်ကို မကျေနပ်သေးဘဲ ဆက်၍ ရန်တွေ့နေခဲ့သည်။

'ဟဲ့… ခင်စိန်၊ နင်က ငါ့ယောကျ်ားကို မရဏယပ်တောင်နဲ့ခတ်ပြီး သတ်လိုက်တာပေါ့လေ၊ နင့်ကို ငါ တစ်သက်မကျေဘူး'

ခင်စိန်မှာ မရဏယပ်တောင်ဟု ဆိုသဖြင့် အူကြောင်ကြောင်ဖြစ်သွားပြီး…

'အဒေါ်အေးဘုံကလည်း ဘယ်က မရဏယပ်တောင်ဖြစ်ရမှာလဲ၊ ရိုးရိုး အသုံးယပ်တောင်ပါ'





ဟူ၍ ပြန်ပြောလိုက်တယ်။

ဤတွင် ဦးစိန်လှက…

'ဒေါ်အေးဘုံ တရားနဲ့ဖြေပါဗျာ၊ လူတစ်ယောက်ကို သေအောင် ယပ်တောင်ခတ်လို့ မရပါဘူး၊ ဦးလေးမောင်ကြီးဟာ နေပူပူထဲမှာ ပင်ပင်ပန်းပန်းလုပ်လို့ သွေးကြောပြတ်သွားတာနဲ့ တူပါတယ်၊ ဒီယပ်တောင်ကြောင့် မဟုတ်ပါဘူး'လို့ ပြောပြီး ဖျောင်းဖျပြောဆိုလိုက်တယ်။

'ဆရာတို့ကတော့ ရိုးရိုးအမြင်ပဲ မြင်တာပေါ့၊ ကျွန်မတို့ မိန်းမသားချင်းက သိတယ်၊ သူတောင်းတိုင်း ကျွန်မက မပေးလို့ ကျွန်မယောကျ်ားကို မရဏယပ်တောင်နဲ့ခတ်ပြီး ကျိန်စာတိုက်လို့ ကျွန်မယောကျ်ား သေတာ'

'မဟုတ်ပါဘူး ဒေါ်အေးဘုံရယ်၊ အခု ဦးလေးမောင် သေပြီ၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ၊ ဒါကိုပဲ ဆွေးနွေးကြရုံပဲ'

'အဒေါ်လည်း ဘာမှမလုပ်တတ်ဘူး၊ ဦးစိန်လှတို့ ကောင်းသလိုပဲ ကြည့်လုပ်ကြပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း အလောင်းပက်လက်ကြီးထားတာ မကောင်းပါဘူး၊ အခေါင်းထဲထားမှပဲ'

'ကောင်းတယ်၊ ကောင်းတယ်၊ အခေါင်းသွားမှာလိုက်'

'ဟဲ့… ခင်စိန်၊ အခေါင်းရောင်းတဲ့ ဦးဘခင်ကို သွားပြော၊ ဦးလေးမောင် ဆုံး၍ ရိုးရိုးအခေါင်းထဲက တစ်လုံးယူမယ် ပြောလိုက်'

'ဟုတ်ကဲ့ ဦးလေးစိန်လှ'

ခင်စိန်က ပြောပြောဆိုဆို ယပ်တောင်ကလေးကိုကိုင်ကာ ဦးဘခင်ဆိုင်သို့ သွားခဲ့တယ်။ ယနေ့အဖို့ ဦးဘခင်မှာ ဈေးဦးမပေါက်သေးလို့ ထိုင်ခုံတွင်ထိုင်ကာ ငိုက်မျဉ်းနေစဉ် ခင်စိန်က ဦးဘခင်ကို စချင်သည့်အနေနှင့် စားပွဲကိုပုတ်ကာ…

'ဘုန်း…'

'အောင်မယ်လေး…'

'ဟား… ဟား… ဟား…'

'ဦးလေးက နေ့ခင်းကြောင်တောင်ကြီး လန့်ရတယ်လို့'





'ဟယ်… မလန့်ပါဘူး၊ ငါ အိပ်ငိုက်သွားလို့ပါ'

'ကဲ… ဦးလေးရေ၊ ငိုက်မနေနဲ့၊ ဈေးဦးပေါက်ပြီ'

'ခင်စိန်… နင် ဘာတွေလာပြောပြန်ပြီလဲ'

'ဦးလေးမောင်ကြီး တွင်းတူးရင်းနဲ့ လဲကျပြီးသေသွားလို့ အဲဒါ ရိုးရိုးအခေါင်းတစ်လုံး ပို့ပေးပါတဲ့'

ခင်စိန်ကလည်း ဦးစိန်လှ မှာသည့်အတိုင်း ပြောလိုက်တယ်။

သို့သော် ဦးဘခင်မှာ မယုံရေးချ မယုံ။

'ခင်စိန်နော်… အခြားဟာကို စတာ၊ နောက်တာ လက်ခံတယ်၊ လူသေတာကို မစနဲ့'

'မစပါဘူး ဦးလေးရယ်'

'ဦးလေးမောင်ကြီးနဲ့ ငါ မနက်ကပဲ လက်ဖက်ရည် အတူတူသောက်သေးတယ်၊ မဟုတ်တာ မပြောနဲ့'

'ဦးလေးနဲ့ မနက်က အတူတူလက်ဖက်ရည်သောက်ခဲ့တာ ထားလိုက်၊ အခု နေ့လယ်က သူ့မိန်းမ ဒေါ်အေးဘုံနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



အတူတူထမင်းစားလိုက်သေးတယ်၊ အခုပဲ တွင်းတူးရင်း သေသွားတာ'

'နင့်စကားတော့ ငါ မယုံပါဘူး'

'ဩော်... ဦးလေးကလည်း ဟုတ်ပါတယ်ဆိုနေမှ၊ အခုတောင် သူ့မိန်းမ အဒေါ်အေးဘုံက ကျွန်မ ယပ်တောင်နဲ့ခတ်လို့ သေတာဆိုပြီး ရန်လုပ်နေလို့၊ ဒီမှာ ဦးလေးကိုလည်း ကျွန်မ ယပ်ခတ်မယ်၊ ဟောဒီလို... ဟောဒီလို...'

ခင်စိန်မှာ သူမ၏စကားကို မယုံဘူးဟု ပြောသည့်အတွက် ဦးဘခင်ကို အားရပါးရ ယပ်ခတ်လိုက်သည်။

သူမ၏ စိတ်မှာ မထိန်းနိုင်တော့ဘဲ အခေါင်းတွေကိုပါ...

'ကဲ... အခေါင်းတွေလည်း မြန်မြန်ထွက်ဟဲ့၊ ဟောဒီလို... ဟောဒီလို...'

ပြောရင်းဆိုရင်း စိတ်ပါလာကာ သူ့ယပ်တောင်နှင့် ခပ်မြန်မြန် ခတ်ပါတော့သည်။





သည့်တွင် ဦးဘခင်က လန့်လန့်ဖျပ်ဖျပ်နှင့်...

'ဟဲ့... ခင်စိန်၊ နင် ဘာတွေ လျှောက်လုပ်နေတာလဲ'

'ဦးလေးပဲ ဦးလေးမောင်ကြီး သေတာ မယုံဘူးဆို၊ ကျွန်မလည်း အဲလိုပြောတော့ စိတ်ဆိုးပြီး ယပ်ခတ်တာပေါ့'

'နင်နဲ့တော့ ခက်နေပါပြီ၊ မရူးမကောင်းနဲ့၊ ရူးတယ်ပြောရအောင်လည်း သွက်သွက်လည်းရူးတာ မဟုတ်ဘူး၊ အားလုံးသိတဲ့ အရူးပါး၊ ကောင်းတယ်ပြောရအောင်လည်း စိတ်ဆိုးတာနဲ့ လုပ်ချင်ရာလုပ်ပြီး ဖောက်ဖောက်လာတယ်၊ အခုလည်း ဟိုယပ်ခတ် ဒီယပ်ခတ်နဲ့'

'ယပ်ခတ်တယ်ဆိုတာလည်း ဦးလေးကို စိတ်ဆိုးလို့ပါ၊ ကျွန်မ စကားဆိုရင် ဘယ်သူမှမယုံဘူး၊ ဒီတော့ ဦးလေး ကျွန်မနဲ့လိုက်ခဲ့'

ထိုသို့ပြောပြီး ဦးဘခင်ကို ခေါ်လာခဲ့တယ်။

တွင်းအနီးသို့ရောက်သောအခါ ပက်လက်လဲကျ သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေသော ဦးလေးမောင်၏ အလောင်းကြီးကို ပြကာ…

'ဦးလေး… ဟိုမှာ ဦးလေးမောင်ကြီး သေနေတာ တွေ့လား'

ခင်စိန်က တုံးတိတိပြောလိုက်တယ်။

သည်တော့မှ ဦးဘခင်က…

'အေးဟဲ့… ဘယ်လိုဖြစ်တာတုံး'

'ဖြစ်ပုံကတော့ နေ့ခင်းအထိ အကောင်းပဲ၊ ဝင်းမောင်တို့ တွင်းတူးတာ အားမရဖြစ်ပြီး သူ ဝင်တူးတယ်၊ …ကြာတော့ သူ တွင်းထဲလဲကျပြီး သေသွားတာပဲ'

'သြော်… သွေးကြောပြတ်သွားတာနဲ့ တူတယ်'

'ဟုတ်မယ်၊ ဒါကြောင့် ဒေါ်အေးဘုံရဲ့အိမ်ကို အခေါင်းတစ်လုံး ပို့လိုက်ပါ၊ ဦးလေးမောင်ကြီး အလောင်းကို ထည့်ထားရအောင်လို့'

'ဖြစ်မှဖြစ်ရလေ ကိုလေးမောင်ရယ်၊ မနက်ကတောင်





လက်ဖက်ရည်အတူတူသောက်ကြသေးတယ်၊ ငါ့ကို နှုတ်ဆက်သွားသလိုပဲ'

ဦးဘခင်က စိတ်မကောင်းစွာ ပြောလိုက်ရာ ဒေါ်အေးဘုံက…

'ဒီအရူးမကြောင့် သေတာ၊ သူ့ရဲ့ မရဏာယပ်တောင်နဲ့ ခတ်လိုက်လို့ မိန်းမတစ်ယောက်နဲ့ ကျုပ်ယောကျ်ား သေပြီလေ'

စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်ရာ…

ခင်စိန်ကလည်း တစ်စက်ကလေးမှ မခံဘဲ…

'ဟိုမိန်းမရော အဒေါ်အေးဘုံယောကျ်ားပါ သူ့ဘာသာ သေချင်လို့ သေတာ၊ ကျွန်မနဲ့ မဆိုင်ဘူး၊ အခုတောင် ဦးလေး ဦးဘခင်ကြီးနဲ့ အခေါင်းတွေကို ယပ်တောင်နဲ့ ခတ်လိုက်သေးတယ်'

'ဟင်… နှင် ဦးဘခင်ကို ယပ်တောင်နဲ့ခတ်လိုက်သေးတယ်၊ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ… ဦးလေး ဦးဘခင် ဘာမှမဖြစ်ဘူး၊ လူတွေသိအောင်လို့ ယပ်ခတ်ပြတာ'

'ကိုဘခင်… ရှင်တော့ သေတော့မှာပဲ၊ ခင်စိန်ကိုင်တဲ့ ယပ်တောင်က အပမှီနေတဲ့ တစ္ဆေယပ်တောင်ဖြစ်မယ်၊ ဒါဆိုရင် ရှင်လည်း မကြာဘူး၊ ကိုလေးမောင်ရဲ့ နောက်ကို လိုက်ရတော့မယ်'

ခင်ပွန်းသည် လောလောလတ်လတ် သေထားသည့် ဒေါ်အေးဘုံက ဤသို့ပြောလိုက်ရာ ဦးဘခင်ပင် လန့်သွားပါတော့တယ်။

သည်တွင် ဦးစိန်လှက…

'ကဲ… ဒေါ်အေးဘုံ၊ ခင်ဖျားလည်း ပြဿနာရှာမနေနဲ့တော့၊ ခင်ဖျားယောကျ်ားအလောင်းကို အိမ်ကို ပို့ပေးမယ်'

'ကဲ … ဝင်းမောင်တို့၊ တာတီးတို့ ကိုလေးမောင် အလောင်းကို သယ်သွားကြ'

'ကောင်းပါပြီ'





၄င်းတို့အုပ်စုက ဦးလေးမောင်၏အလောင်းကို ၄င်း နေထိုင်ရာ တဲဆီသို့ သယ်ဆောင်သွားခဲ့တယ်။

'ကဲ… ဦးဘခင်၊ ရိုးရိုးအခေါင်းတစ်လုံး ဒေါ်အေးဘုံ အိမ်ကို ပို့နိုင်းလိုက်'

'ကောင်းပါပြီ'

ဦးဘခင် အခေါင်းသာရောင်းသော်လည်း တစ္ဆေသရဲကို သူ ကြောက်တယ်။

ယခု ဦးလေးမောင် သေဆုံးသွားတဲ့အတွက် ဦးလေးမောင် တစ္ဆေဖြစ်ပြီး ခြောက်လှန့်မှာကို တွေးပူနေမိသည်။

'ကိုလေးမောင်နဲ့ ငါနဲ့က မနက်တိုင်း အတူတူ လက်ဖက်ရည်သောက်နေကျ၊ အခုလည်း ရုတ်တရက်လဲကျပြီးသေတော့ အစိမ်းသေပေါ့၊ အစိမ်းသေတွေဟာ အိမ်ကမိသားစုအပေါ် စွဲလမ်းတဲ့စိတ် ရှိကြတယ်ဆိုတော့ တစ္ဆေဖြစ်မှာ သေချာတယ်'

'နောက်ပြီး ခင်စိန် ယပ်တောင်နဲ့ခတ်လို့သေတဲ့ ဒုတိယ လူပဲ၊ ငါတို့လည်း အဲဒီအရူးမက ယပ်ခတ်သွားပြန်ပြီ၊ တိုက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တာဆိုပေမယ့် ဒေါ်အေးဘုံ ပြောသလို တစ္ဆေယပ်တောင်များ ဖြစ်နေလား'

ဦးဘခင်တစ်ယောက်မှာ ဟိုတွေး ဒီတွေးနှင့် စိတ်ကယောက်ကယက်ဖြစ်နေခဲ့တယ်။

ဦးဘခင်မှာ နဂိုကပင် သေရမှာ ခပ်ကြောက်ကြောက် လူတန်းစားဖြစ်သည်။

အခေါင်းများစွာ ရောင်းချင်၍သာ အခေါင်းကို လက်နှင့်ပုတ်ပြီး ဈေးခေါ်လုပ်ခဲ့တယ်။

အယူအဆမှာလည်း မည်သူက စခဲ့သည်မသိ ကြားဖူးနားဝနှင့် လုပ်ခြင်းဖြစ်သည်။

ယခုလည်း တိုက်ဆိုင်သည်လော မသိ။

နေ့ခင်းရောက်သည့်တိုင် အခေါင်း ဈေးဦးမပေါက်သေး၍ အသက်အောင့်ကာ ခုနစ်ချက် လက်နှင့်ပုတ်လိုက်တယ်။

ဈေးဦးပေါက်မယ့်ပေါက်တော့ မနက်တိုင်း လက်ဖက်ရည်သောက်နေကျ သူငယ်ချင်း ဦးလေးမောင် သေဆုံးခဲ့ပြီး





အခေါင်း စတင်ရောင်းချခဲ့ရတယ်။

'အင်း… ငါ့သူငယ်ချင်းအတွက် အခေါင်းမရောင်းပါဘူး၊ ငါကပဲ အခေါင်းကူလိုက်တော့မယ်'

'သူ့ဘဝရဲ့ နောက်ဆုံးအချိန်မှာ အခေါင်းကောင်းကောင်းလေး ရွေးပေးလိုက်ဦးမှ'

ဦးဘခင်က ဤသို့စဉ်းစားရင်း ထပ်ထားသည့်အခေါင်းများကြားသို့သွားကာ ဖဲပြားများနှင့် ရောင်စုံစက္ကူလိပ်များဖြင့် တန်ဆာဆင်ထားတဲ့ အဖြူရောင်အခေါင်းကို သူ ရွေးလိုက်တယ်။

'အင်း… ဒီအခေါင်းနဲ့ဆိုရင် အတော်ပဲဖြစ်မယ်'

ထိုအခေါင်းမှာ အလယ်တွင်ရှိပြီး အပေါ်တွင် အခေါင်းလေးလုံးခန့် တင်ထားသည့်အတွက် အပေါ်ရှိ အခေါင်းများကို သိန်းပြီး ဆွဲထုတ်လိုက်တယ်။ သို့သော် အပေါ်ဆုံးတွင်ထားသည့် အခေါင်းများအား ထိန်းထားရန်အတွက် ဦးဘခင်တစ်ယောက်တည်းနှင့် မနိုင်၍ လက်တိုလက်တောင်းနိုင်းသည့် နီတွက်အား ခေါ်ကာ…



www.burmeseclassic.com

www.burmeseclassic.com



'နီတွက်… အပေါ်က အခေါင်းတွေကို ထိန်းထားလိုက်၊ ဦးလေးအလယ်က အခေါင်းကို ဆွဲထုတ်လိုက်ဦးမယ်'

'ဟုတ်ကဲ့ ဦးလေး'

နီတွက်က ခုံပေါ်တက်ပြီး အပေါ်က အခေါင်းများကို ထိန်းထားလိုက်သည်။

သို့သော် အပေါ်ဆုံးတွင် တင်ထားသည့် အခေါင်းမှာ စနစ်တကျ တင်ထားခြင်းမရှိဘဲ ခပ်စောင်းစောင်း တင်ထားသဖြင့် အပေါ်ဆုံးရှိ အခေါင်းမှာ လှုပ်လာသည်။

ဦးဘခင်က အလယ်ရှိအခေါင်းကို ဆွဲလေလေ အပေါ်ဆုံးရှိ အခေါင်းက လှုပ်လေလေဖြစ်ကာ အပေါ်ဆုံးက အခေါင်းက…

'ဝုန်းခနဲ'

ပြုတ်ကျလာပြီး အခေါင်းတခြား အဖုံးတခြားဖြစ်ကာ ကြမ်းပြင်ပေါ်သို့ ကျသွားတယ်။

ဦးဘခင်မှာ…





'ဟာ… သွားပါပြီ'

အခေါင်းများမှာ သစ်သားပြား ခပ်ညံ့ညံ့နှင့် လုပ်ထားသည့်အတွက် အခေါင်းမှာ အက်ကြောင်းများ ထသွားပါတော့တယ်။

'အင်း… အခေါင်းတစ်လုံးတော့ အက်သွားပြီ၊ ဒါ နိမိတ်မကောင်းဘူး'

ဦးဘခင်မှာ ပထမဦးစွာ စိတ်ထဲတွင် ထင့်သွားခဲ့သည်။

❏ ❏ ❏

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

## တတိယမြောက် တမလွန်ခရီးသည်

သည်နေ့ည။

ဦးလေးမောင်ရဲ့အိမ်မှာ အသုဘဖြစ်လို့ ဖဲရိုက်သူများနှင့် စည်ကားနေတယ်။ ဦးလေးမောင်၏ အလောင်းကြီးမှာ ဦးဘခင်၏ ကောင်းမှုကြောင့် အခေါင်းထဲတွင် ဇန့်ဇန့်ကြီးသေဆုံးနေတယ်။

အခေါင်း၏ ဦးခေါင်းပိုင်း ပျားဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းထားပြီး အမွှေးတိုင်များပါ ထွန်းညှိထားတယ်။





အမွှေးတိုင်မှ မီးခိုးများ တစ်ချက်တစ်ချက် လွင့်လာတယ်။

ဦးဘခင်သည် ဦးလေးမောင်၏ အိမ်ပေါ်သို့တက်လိုက်တာနဲ့ တစ်ပြိုင်နက် ဒေါ်အေးဘုံက...

'ကိုလေးမောင်ရေ... ရှင့်သူငယ်ချင်း ကိုဘခင် လာပြီလေ၊ လက်ဖက်ရည်ထွက်ပြီး သောက်ပါဦးလား'

ငှက်ဆိုးထိုးသလို အော်လိုက်သဖြင့် ဦးဘခင်ပင် လန့်သွားခဲ့တယ်။

ဤရပ်ကွက်တွင် လက်ဖက်ရည်ချိုးနှစ်ဦး ရှိတယ်။

၎င်းတို့မှာ ဦးဘခင်နှင့် ဦးလေးမောင်ပင် ဖြစ်သည်။

လက်ဖက်ရည်ဆိုတာနှင့် ဘယ်အချိန်ဖြစ်ဖြစ် သူတို့နှစ်ယောက် သွားသောက်ခဲ့သူများ ဖြစ်သည်။

'အင်း... အသက်ရှင်တုန်းက ဒီအချိန်မှာလည်း လက်ဖက်ရည်သောက်နေကျပဲ'

ဦးဘခင်က ဤသို့စဉ်းစားရင်း အိမ်ပေါ်သို့တက်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပဒိုင်းအနီးတွင် ထိုင်လိုက်တယ်။ မကြာမီ လေခပ်ပြင်းပြင်း တစ်ချက်တိုက်ပြီး သစ်ပင်မှ သစ်ရွက်အိုကလေးများ ရှုံခနဲကြွေကျခဲ့တယ်။

လေခပ်ပြင်းပြင်းတိုက်လိုက်သည့်အတွက် အမွှေးတိုင်မီးများက ရဲခနဲဖြစ်ကာ မီးခိုးများ တွန့်လိမ်ကောက်ကွေးစွာ ပေါ်ထွက်လာတယ်။

ဦးဘခင်မှာ အသက်ခြောက်ဆယ်ကျော်လာပြီမို့ မျက်စိက ခပ်မှုံမှုံ။

သူ့မျက်လုံးထဲတွင် မီးခိုးငွေ့တန်းများက ဆွဲဆောင်နေသလို ခံစားရတယ်။

မျက်စိလွှဲသော်လည်း လွှဲ၍မရ။

ကြည့်ရင်း ကြည့်ရင်း သူ့သူငယ်ချင်း ဦးလေးမောင်၏ မျက်နှာကြီးပုံ ပေါ်လာကာ လေတိုက်တိုင်း ပြုံးသလို မဲ့သလိုလို မျက်နှာကြီးကို တွေ့လိုက်ရသည်။ ဦးဘခင်မှာ မီးခိုးငွေ့များကို ကြည့်ရင်း ဥပါဒါန်အစွဲအလမ်း ဖြစ်နေတယ်။





သူ ကြာကြာမနေချင်တော့ပါ။ ထို့ကြောင့် ဒေါ်အေးဘုံကို နှုတ်ဆက်ကာ ထိုအိမ်မှ အခေါင်းရောင်းရာဆိုင်သို့ ပြန်ရန် ထွက်လာခဲ့တယ်။

ဦးဘခင်မှာ ထိုင်ဆိုင်မှာအိပ်၊ ထိုဆိုင်မှာ စားသူဖြစ်ရာ ဆိုင်ပိတ်သော်လည်း ထိုဆိုင်ထဲတွင် အိပ်ခဲ့တယ်။

ယခုလည်း အိပ်ရန် အိမ်သို့ပြန်လာခဲ့ရာ သူပြန်လာရာ လမ်းတစ်လျှောက်တွင် မှောင်နဲ့မည်းမည်း။

လမ်းဓာတ်မီးတိုင်မှ မီးသီးကလည်း နီကျင့်ကျင့်။

ထိုစဉ်…

'အူး…'

'အူး… အူး…'

ခွေးတစ်အုပ်၏ ဆွဲဆွဲငင်ငင် အူသံကို ကြားလိုက်ရသဖြင့် ကြောက်တတ်သူ ဦးဘခင်မှာ ရင်ထဲတွင် စိမ့်ခနဲ ကျောချမ်းလာခဲ့တယ်။

'ဘယ်ကခွေးတွေ အူနေသလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူက ကြောက်စိတ်နှင့် ခပ်ဝိုးဝိုးရှေ့တက်ကာ လက်နှိပ်

ဓာတ်မီးတစ်လက်ကို အားပြုရင်း ပြန်လာခဲ့တယ်။

သူ လမ်းလျှောက်စဉ် နောက်မှ…

'ဖျတ်…'

'ဖျတ်…'

'ဖျတ်…'

ဟူသော ခြေသံကို ကြားရသဖြင့် နောက်သို့ လက်နှိပ်

ဓာတ်မီးနှင့် ထိုးကြည့်လိုက်တယ်။

ခြေသံလည်း တိတ်သွားပြီး မည်သည့်အရာမျှ မတွေ့

ပါ။

ဦးဘခင်မှာ ကြက်သီးမွေးညင်းတွေ တဖျန်းဖျန်းထလာ

ပြီး ကြောက်စိတ်တွေ တဖွားဖွား ဖြစ်သွားခဲ့ပါတော့သည်။

ဦးဘခင်က ရှေ့ဆက်ပြီး လျှောက်လာခဲ့ရာ နောက်မှ

ဖိနပ်ကို ရှပ်တိုက်လျှောက်တဲ့အသံမျိုး ကြားရပြန်တယ်။

'အင်း… ခုနက ဒေါ်အေးဘုံက သူ့ယောက်ျားနာမည်





တပြီး ကိုလေးမောင်ရေ၊ ရှင့်သူငယ်ချင်း ကိုဘခင် လာပြီ၊ လက်ဖက်ရည် ထွက်သောက်လိုက်ပါဦးလားလို့ ပြောလိုက်တာ တကယ်ပဲ ကိုလေးမောင်ရဲ့ဝိညာဉ်က ငါ့နောက်က ကပ်လိုက်လာသလား မသိဘူး'

'ကိုလေးမောင်က လမ်းသွားရင် ဖိနပ်က ရှပ်တိုက်နေကျပဲ'

'ရော်… အခုမှ ခက်ပြီ၊ ဖိနပ်သံကလည်း ကြားနေတုန်းပဲ'

'အမှောင်လမ်းမှာ ငါတစ်ယောက်တည်း'

ကိုဘခင်မှာ တွေးရင်း တွေးရင်း ဒူးတုန်အောင် ကြောက်လန့်နေတယ်။

'အင်း… ဟိုရှေ့မှာတော့ သူနဲ့ ငါနဲ့ သောက်နေကျ လက်ဖက်ရည်ဆိုင်ပဲ၊ ငါ့ဆိုင်ကို အရင်မပြန်ဘဲ လက်ဖက်ရည်ဆိုင်ထဲ ခဏဝင်လိုက်ဦးမှပဲ'

ဦးဘခင်က ကြောက်ဒူးတုန်နေသည့်အတွက် ဆိုင်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆက်မသွားတော့ဘဲ မီးရောင်မှိန်တုတ် မှိန်တုတ်ရှိရာ လက်ဖက်ရည်ဆိုင်အပေါင်းသို့ ခပ်မြန်မြန်လေး ဝင်လိုက်သည်။ ဤတွင် ၄င်း၏နောက်နားမှ မြေကြွက်ကြီးတစ်ကောင် ဖြတ်သွားသည်ကို တွေ့လိုက်ရတယ်။

'ခြေသံလို့ထင်တာ မြေကြွက်ကြောင့်လား'

ဟု စဉ်းစားရင်း…

'ဟော… ကျဆိမ့်တစ်ခွက်'

ထိုသို့အော်ကာ လက်ဖက်ရည်ဆိုင်ထောင့်ရှိ ထိုင်ခုံ၌ ဝင်ထိုင်လိုက်တယ်။

ညအချိန်ဖြစ်ပြီး လျှပ်စစ်ခေတ်မီးများ ပြတ်တောက်နေသဖြင့် လက်ဖက်ရည်ဆိုင်လေးမှာ မီးခွက်များထွန်းညှိထားသည့်အတွက် မှိန်ဖျော့ဖျော့ မသဲမကွဲသည့် အလင်းရောင်သာ ရှိနေပါတယ်။

သည်လက်ဖက်ရည်ဆိုင်ထဲမှာ ကိုလေးမောင်နှင့် မနက်တစ်ခါ ညနေတစ်ခါ နေ့တိုင်းလိုလို သောက်ဖြစ်တယ်။





'ဆရာတို့ နောက်ကျလှချည်လား၊ ဒီမှာ လက်ဖက်ရည် နှစ်ခွက်'

'ဟ… ငါက ကျဆိမ့်တစ်ခွက်ပဲ မှာတာ'

ဦးဘခင်က လက်ဖက်ရည်ဆိုင်က စားပွဲထိုးကလေးကို ဤသို့ပြောလိုက်ရာ…

'ဆရာကလည်း နှစ်ယောက်လာတော့ ကျွန်တော်က နှစ်ခွက်ဖျော်လိုက်တာပေါ့'

'ဟေ့ကောင်… မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ငါလာတာ တစ်ယောက်တည်းပါ'

'ဟုတ်လား၊ ဆိုင်ထဲဝင်လာတာ နှစ်ယောက်ပါ၊ ဦးလေးနဲ့ အတူတူလာလေ့ရှိတဲ့ ခေါင်းဖြူဖြူနဲ့ ဦးလေးလည်း ပါတယ်'

'မင်း မျက်စိမှားနေပြီ၊ ငါတစ်ယောက်တည်းပါ'

'အင်းလေ… မှောင်နေလို့ပဲ မသဲမကွဲဖြစ်သွားသလား မသိပါဘူး ဦးလေးရာ၊ ဒါဆို တစ်ခွက်ပြန်ယူသွားတော့မယ်'

'အေး… အေး…'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခင်မှာ လက်ဖက်ရည်ဆိုင်သို့ တစ်ယောက်တည်း ဝင်လာပါလျက် ခေါင်းဖြူဖြူနှင့် ဦးလေးတစ်ယောက်ပါ အတူ ပါလာသည်ဟု ဆိုသဖြင့်…

'အင်း… ကိုလေးမောင်များ ငါ့နောက်လိုက်လာတာ များလား'

ဟူ၍ စဉ်းစားကာ ကြက်သီးမွေးညင်းများ တဖျန်းဖျန်း ထလာပါတော့သည်။

'စားပွဲထိုးကောင်လေးက ငါတို့နှစ်ယောက် အမြဲတမ်း လာနေကျဆိုတော့ မှောင်မည်းနေလို့ သူ့စိတ်မှာ နှစ်ယောက်လို့ ထင်တာဖြစ်မယ်'

ထိုသို့ စိတ်ကို ဖြေတွေးရင်း ဦးဘခင်သည် လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ကာ သောက်လိုက်တယ်။ ကြောက်စိတ်ကြောင့် လက်ဖက်ရည်ခွက်ကို ကိုင်ထားတဲ့ လက်က တုန်ယင်နေသဖြင့် လက်ဖက်ရည်သောက်စဉ် ပန်းကန်စောင်းသွားပြီး…

'ခလွမ်း…'





'ဟာ…'

'အို…'

လက်ဖက်ရည်ခွက်မှာ အောက်သို့လွတ်ကျပြီး ကြမ်းပြင်ပေါ်၌ လက်ဖက်ရည်များ ဖိတ်စဉ်ကျသွားသည်။ ဦးဘခင်မှာ ဤအဖြစ်အပျက်ကြောင့် ပိုလန့်သွားပြီး…

'သူငယ်ချင်း လေးမောင်၊ မင်း လက်ဖက်ရည်သောက်ချင်လို့ ခွက်ကို တမင်တိုက်ချလိုက်တာလား လေးမောင်ရယ်'

ဦးဘခင်က အစွဲအလမ်းကြီးစွာ ရေရွတ်လိုက်တယ်။ သူ့မျက်လုံးထဲတွင်လည်း ဦးလေးမောင်၏ မျက်နှာကိုသာ မြင်ယောင်နေခဲ့တယ်။

ခဏအကြာတွင် ဦးဘခင်မှာ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ကာ ၄င်း၏ဆိုင်ခန်းဆီသို့ ပြန်လာခဲ့တယ်။ စိုးထိတ်ကြောက်လန့်နေ၍လား မသိ။ သူ၏ခေါင်းထဲတွင် မူးဝေကာ အမြင်များ မှုန်ဝါးနေတယ်။

လက်ဖက်ရည်ဆိုင်က အလုပ်သမားကလေးရဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုလေးမောင် လိုက်လာသည်အထင်နှင့် လက်နှိပ်ဓာတ်မီးကို ဟိုထိုးသည်ထိုးကာ လျှောက်လာခဲ့သည်။ မကြာခင် ဆိုင်အနီးကို လှမ်းမြင်နေပြီ။

ဦးဘခင်သည် ခြေလှမ်းခပ်သွက်သွက်ဖြင့် ၄င်း၏ဆိုင်ဆီသို့ လာခဲ့တယ်။

ဆိုင်ရှေ့အရောက်တွင် သော့ကို တုန်တုန်ချိချိနဲ့ဖွင့်ကာ ဆိုင်ခန်းတွင်းသို့ အမြန်ဆုံးဝင်လိုက်တယ်။

'ဟင်း...'

ဆိုင်ခန်းတွင်းသို့ရောက်မှ ဟင်းချနိုင်ခဲ့တယ်။ အခန်းတွင်း၌ အလင်းရောင်ရစေရန် မှန်မီးအိမ်ကို ထွန်းညှိလိုက်တယ်။

ထို့နောက် အတွင်းတံခါးကို ခပ်မြန်မြန် ကန့်လန့်ထိုးလိုက်သည်။

သည်တော့မှ လုံခြုံသွားသည်ဟု ဦးဘခင် ထင်မှတ်မိတယ်။

ပြီးနောက် အခေါင်းထားရာနေရာမှဖြတ်ကာ အခန်းတွင်း





သို့ဝင်မည်အပြုတွင် နေ့လယ်က ပြုတ်ကျထားသည့် အခေါင်းကြီးမှာ ပုံပျက်ပန်းပျက်နှင့် ကွဲအက်နေပါတယ်။

'ဒီအခေါင်းကြီးကတော့ ကွဲအက်ပြီး ပျက်စီးသွားပြီ၊ မနက်မှ လွှင့်ပစ်နိုင်းရမယ်'

ထိုသို့သောအတွေးဖြင့် ၄င်းအခေါင်းကြီးကို နံရံအနီး၌ ကပ်လိုက်သည်။ ထို့နောက် မှန်အိမ်ကလေးကိုကိုင်ကာ အိပ်ခန်းအတွင်းသို့ ဝင်လိုက်တယ်။ အိပ်ခန်းအတွင်းရောက်မှ မိမိ၏အရိပ်မည်းကြီးကိုမြင်ပြီး ကြောက်လန့်နေမိတယ်။

ထိုစဉ် အခေါင်းများထားရာ အရှေ့ခန်းဆီမှ...

'တောက်...'

'တောက်...'

'တောက်...'

ဟူသော အသံများကို ကြားရသည်။ အခေါင်းရောင်းသည့်ဆိုင်အတွင်း သူတစ်ယောက်တည်းမို့ အသံကြားရာဆီသို့ နားစွင့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခေါင်းတွင် ကပ်ထားသည့် စက္ကူမှာ ကော်နှင့်ကပ်ထားသည့်အတွက် ကြွက်ထိုးသံလော။

ကိုလေးမောင်များ လိုက်လာခဲ့လေသလော။

အမျိုးမျိုးတွေးပြီး ဇောချွေးများ ပြန်နေတယ်။

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဓာင်ကို ခေါင်းမြီးခြုံပြီးအိပ်မှဖြစ်မယ်'

ဦးဘခင်မှာ ကိုလေးမောင် တစ္ဆေဖြစ်သွားပြီဟု ယုံကြည်သည့်အတွက် အလွန်ပင် ကြောက်လန့်သဖြင့် ဓာင်ကို ခေါင်းမြီးခြုံကာ အိပ်လိုက်တယ်။

ထိုစဉ် ဦးဘခင်အတွက် မကောင်းဆိုးဝါးလှသည့် ကံကြမ္မာပင် ဖန်လာလေရော့သလား မပြောတတ်အောင်ပင်။ ဥပါဒါန်စိတ်အစွဲကြောင့် အိပ်မက်ဆိုးမက်ခဲ့သည်။

အိပ်မက်ထဲတွင် အမှောင်လမ်းကလေးအတိုင်း လျှောက်လာရာ ခေါင်းဖြူဖြူ ဆံပင်စုတ်ဖွားနှင့် ဦးလေးမောင်က သူ့နောက်မှ ဖိနပ်ကို ရှပ်တိုက်ပြီး လိုက်လာခဲ့တယ်။





'ကိုဘခင်... ကိုဘခင်... ကျုပ်တို့ လက်ဖက်ရည်သောက်ရအောင်'

ဦးလေးမောင်က ပြောသော်လည်း ဦးဘခင်က မကြားပေ။

'ကိုဘခင်... ခင်ဗျား နားလေးနေလား၊ ကျုပ်ပြောတာ နားထောင်၊ ဘာမှပြန်မပြောဘူး'

ဦးလေးမောင်က မကျေမနပ်နှင့် နောက်မှလိုက်ကာ ဤသို့ပြောလိုက်တယ်။ ဦးဘခင်မှာ ဦးလေးမောင် နောက်က လိုက်လာသည်ကို မသိဘဲ လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်သွားခဲ့တယ်။ ထို့နောက် လက်ဖက်ရည်တစ်ခွက်တည်း မှာခဲ့တယ်။ ထိုစဉ် ဦးလေးမောင်က...

'ဟေ့ကောင်... ငါလည်း လက်ဖက်ရည်သောက်မှာပေါ့၊ ဘာဖြစ်လို့ တစ်ခွက်တည်းမှာရတာလဲ'

ဟု ပြောလိုက်တယ်။

အဲဒီအခါ ဆိုင်ကကောင်လေးက နှစ်ခွက်ယူလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ဦးလေးမောင်က…

'အတော်ပဲ… ဒီတစ်ခွက်ကို ငါသောက်မယ်'

ဟု ပြောနေစဉ် ထိုကောင်လေးက လက်ဖက်ရည်ခွက်ကို ယူသွားသဖြင့် ဦးလေးမောင် အတော်စိတ်ဆိုးသွားခဲ့တယ်။ ဦးဘခင်မှာ လက်ဖက်ရည်ခွက်ကို ကိုင်ကာ သောက်လိုက်ရာ ဦးလေးမောင်က ၎င်း၏လက်ကို ပုတ်ချလိုက်သဖြင့်…

'ခလွမ်း…'

ဟူသော အသံဖြင့်အတူ ပန်းကန်လုံး ကျကွဲသွားပြီး လက်ဖက်ရည်များ ဖြန့်ကျဲကုန်တယ်။ ဤတွင် ဦးလေးမောင်မှာ လက်ဖက်ရည်သောက်ချင်စောဖြင့် လျှာကို အရှည်ထုတ်လိုက်ပြီး ကြမ်းပြင်ပေါ်၌ ဖြန့်ကျဲနေသော လက်ဖက်ရည်ကို လျက်လိုက်တယ်။

'အောင်မယ်လေး… လျှာကြီးက အရှည်ကြီးပဲ'

လျှာကြီးမှာ တဖြည်းဖြည်း ပို၍ ပို၍ ရှည်လျားကာ မျက်လုံးကြီးမှာလည်း ပို၍ပြူးကျယ်လာခဲ့တယ်။





'အောင်မယ်လေး… မျက်လုံးကြီးက ပြူးလို့ပါလား'

ဟူ၍ ဦးဘခင်မှာ ကြောက်ကြောက်လန့်လန့်နှင့် အော်လိုက်တယ်။

သည့်တွင် ဦးလေးမောင်က…

'သူငယ်ချင်း… မင်းက ငါ့ကို ကြောက်လို့လား'

'ကြောက်တာပေါ့ကွ၊ မင်းက တစ္ဆေဖြစ်သွားတော့ မင်းနဲ့ ငါနဲ့ ဘဝခြားနေပြီ'

'မင်းနဲ့ ငါနဲ့ ဘဝခြားနေပြီ၊ ဟုတ်စ'

'ဟုတ်တယ်လေ'

'မင်းက မင်းကိုယ်မင်း မသိလို့ ပြောနေတာ၊ မင်းဟာ ဒီညမှာ သေရမယ်၊ မင်းလည်း ငါ့လိုပဲ တစ္ဆေဖြစ်ရမယ်၊ ဟား… ဟား… ဟား…'

ဦးလေးမောင်က မျက်လုံးကြီးပြူးပြီး လျှာကြီးကို အရှည်ကြီးထုတ်ပြပြီး ကွဲအက်အက်အသံကြီးဖြင့် ပြောပြောဆိုဆို ရယ်မောလိုက်ရာ ဦးဘခင်မှာ ကြောက်လွန်းအားကြီး၍ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်း… ငါ့ကို သေမယ့်ကိစ္စ မစပါနဲ့ကွာ၊ ငါ ကြောက်လွန်းလို့ပါ'

'မစပါဘူး သူငယ်ချင်းရယ်၊ ငါ တကယ်ပြောတာပါ'

'မင်းက ဘာဖြစ်လို့ သိနေတာလဲ'

'မင်းလည်း ငါ့လိုပဲ တစ္ဆေယပ်တောင်ခတ်တာ ခံရတယ်မဟုတ်လား၊ ဒီယပ်တောင်မှာ အပမှီနေတာကွ၊ ဒါကြောင့် ဒီယပ်တောင်နဲ့ အခပ်ခံရတဲ့သူတွေဟာ တမလွန်ကို ဒိုင်းခနဲ ရောက်သွားတာပဲ'

'မဖြစ်နိုင်ပါဘူးကွာ'

'မဖြစ်နိုင်ဘူး မလုပ်နဲ့၊ ဒီမှာတွေ့လား၊ နံရံမှာ မင်းနာမည် ပေါ်နေပြီ'

ဦးလေးမောင် ညွှန်ပြသော နံရံပေါ်သို့ ကြည့်လိုက်သော အခါ…

'ဒီနေ့ည မောင်ဘခင် သေမည်'

'ဟယ်… ဟုတ်ပါရဲ့၊ ငါ သေမယ်ဆိုပါလား'





ဦးဘခင်မှာ နဂိုကမှ တစ္ဆေသရဲကို ကြောက်ရသည့်အထဲတွင် ဒီနေ့ည မောင်ဘခင် သေမည်ဟုဆိုသဖြင့် လွန်စွာကြောက်လန့်ကာ တုန်တုန်ချည့်ချည့်ဖြင့်…

'သူငယ်ချင်း… ဒီနေ့ည ငါ သေမယ်ဆိုပါလား၊ ကြောက်လိုက်တာ'

'မကြောက်ပါနဲ့ သူငယ်ချင်းရယ်'

'ငါ မသေအောင် ဘယ်လိုလုပ်ရမလဲ'

'မသေအောင်တော့ လုပ်လို့မရဘူး၊ မင်းသေရင် ငါ့ဆီကို လာခဲ့၊ ငါနဲ့ အတူတူနေလို့ရအောင်တော့ ပြောပေးလို့ရတယ်'

'ဒါဆိုရင် ငါက မင်းလိုပဲ တစ္ဆေဖြစ်မှာလား'

'တစ္ဆေမဖြစ်လို့ ဘာဖြစ်မှာလဲ၊ မင်း လူ့ပြည်မှာရှိတုန်းက ဘာတွေကောင်းမှုလုပ်ခဲ့လို့လဲ'

'အေး… ငါ ဘာကောင်းမှုမှ မလုပ်ဖြစ်ဘူး'

'မင်း အခေါင်းရောင်းရအောင် နေ့တိုင်း အခေါင်းကို ခေါက်နေတာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'မင်းလည်း အခေါင်းကြောင့်ပဲ သေရလိမ့်မယ်'

'မလုပ်ပါနဲ့ သူငယ်ချင်းရယ်'

'မရဘူး၊ ဟိုမှာ ကွဲကြေနေတဲ့အခေါင်းဟာ မင်းအတွက်ပဲ'

'အဲဒီအခေါင်းက မနက်က အပေါ်ကကျပြီးကွဲသွားတာ၊ လွှင့်ပစ်မလို့ထားတဲ့ အခေါင်းကွ'

'အဲဒါ မင်းအတွက် အခေါင်းပဲ၊ ငါ တမင်တကာ အပေါ်ကနေ တွန်းချလိုက်တာ၊ ငါ့အတွက် မင်း အခေါင်းရွေးနေတုန်း ငါက မင်းရဲ့အနားမှာ ရှိတယ်၊ ငါ အားလုံးသိတယ်'

'မလုပ်ပါနဲ့ သူငယ်ချင်းရယ်၊ ငါ မသေချင်သေးဘူး'

'မရဘူး၊ မင်းနဲ့ ငါနဲ့အတူတူ ဒီသင်္ချိုင်းမှာ နေရဦးမှာ'

ထိုစဉ် အခန်းဝ၌ ထောင်ထားသည့် အခေါင်းကြီးမှာ တရွေ့ရွေ့နှင့် အိပ်ခန်းဆီသို့ ရွေ့လျားလာပါသည်။

ဦးဘခင်မှာ ကြောက်အားလန့်အားနှင့် ထိုအခေါင်းကြီး





အား အခန်းအပြင်ဘက်သို့ တွန်းထုတ်လိုက်တယ်။

၎င်း၏ နှုတ်မှလည်း…

'မလာနဲ့၊ မလာနဲ့၊ သွား… သွား…'

ဟု အော်ဟစ်စဉ် ဦးဘခင် လန့်နိုးလာခဲ့သည်။ အိပ်မက်မှ နိုးလာခဲ့တယ်။ ဦးဘခင်ဝယ် တစ်ကိုယ်လုံးမှာ ချွေးတွေစို့ရွှဲနေတယ်။

ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တုန်ယင်နေတယ်။

မှန်မီးအိမ်၏အလင်းကြောင့် အခန်းဝတွင် ထောင်ထားသည့် ပျက်စီးနေသော အခေါင်းကြီးကို မြင်တွေ့လိုက်ရာ…

'အောင်မယ်လေး… ငါ့အတွက် အခေါင်းတဲ့၊ ကိုလေးမောင် လာပြောသွားတာ'

'ဒီအခေါင်းကြီးကို ဒီမှာထားလို့ မဖြစ်တော့ဘူး၊ ညတွင်းချင်း အပြင်ဘက်ကိုထုတ်ထားမှ ဖြစ်မယ်'

ထိုသို့စဉ်းစားပြီး အိပ်ရာမှထကာ အခန်းဝသို့အရောက်တွင်…



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း…'

အခန်းဝရှိ တံခါးဘောင်ခွေထားသည့် သစ်သားနှင့်တိုက်မိပြီး အခေါင်းရှိရာသို့ ခလုတ်တိုက်ကာ အခေါင်းကို ကိုင်မိလျက်သား ဖြစ်သွားတယ်။ အခေါင်းမှာ ထောင်ထားသည့်အတွက် တိမ်းစောင်းကာ ဦးဘခင်၏ခေါင်းကို ပြင်းပြင်းထန်ထန် တိုက်မိသွားပြီး ဦးဘခင်က အောက်က အခေါင်းက အပေါ်က ဖြစ်သွားခဲ့ပါတော့တယ်။

'ဒိုင်း…'

'အောင်မယ်လေးဗျ…'

ဦးဘခင်မှာ အခေါင်း၏စောင်းနှင့် ပြင်းပြင်းထန်ထန် တိုက်မိသည့်အတွက် သတိလစ်လုလုဖြစ်ကာ ခေါင်းတစ်ခုလုံးမှာလည်း သွေးအလိမ်းလိမ်းနှင့် မြင်မကောင်းအောင် ဖြစ်နေတယ်။

ထိုစဉ် တစ်ဖက်ဆိုင်ခန်း၌ အိပ်နေသော တာတီးနှင့် ဖိုးစည်တို့နှစ်ဦးမှာ ဦးဘခင်၏ ဆိုင်ဘက်မှ တဒုန်းဒုန်း တဒိုင်းဒိုင်း ကြားရသည့်အတွက်…





'ဦးလေး… ဦးလေးဦးဘခင်'

'ဒုန်း…'

'ဒုန်း…'

တံခါးကို တဒုန်းဒုန်းထုကာ ခေါ်ခဲ့သည်။ သို့သော် ဦးဘခင်ထံမှ ဘာသံမျှ မကြားရသဖြင့် တာတီးမှ…

'တံခါးဖျက်ပြီး ဝင်ကြည့်မှပဲ'

ဟု ဖိုးစည်ကို ပြောလိုက်တယ်။

'ဒါဆိုရင် လူကြီး ဦးစိန်လှကို သွားခေါ်ချေ'

'အေး… အေး…'

တာတီးဟာ ဦးစိန်လှနှင့် အပေါင်းအပါတစ်စုတို့အား ခေါ်ကာ ဦးဘခင်၏ဆိုင်သို့ ရောက်လာခဲ့တယ်။

ထို့နောက် တံခါးဖျက်ပြီး ဝင်ကြည့်ရာ…

'ဟာ… အခေါင်းကြီးက အပေါ်က ဦးလေးဦးဘခင်က အောက်ကပါလား'

'ဟုတ်ပါရဲ့… ခေါင်းတစ်လုံးလည်း သွေးတွေချည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဘာမှပြောမနေနဲ့၊ ဦးလေးကို ပွေ့လိုက်'

ဦးစိန်လှက လူကြီးပီပီ ပြောလိုက်သဖြင့် တာတီးက ဦးဘခင်ကို ပွေ့ထားလိုက်သည်။

'ဦးလေး… ဦးလေး… သတိရပြီလား'

'ဟင်း… အဟင်း… ဟင်း…'

'သတိရပြီ… ဦးလေး သတိရပြီ'

'ဘာဖြစ်တာလဲ ဦးလေး'

'ငါ့ကို ကိုလေးမောင် လာခေါ်နေပြီ၊ သူနဲ့အတူတူနေရမယ်တဲ့'

'ဘယ်တုန်းက ပြောတာလဲ'

'အိပ်မက်ထဲမှာ ပြောကာ၊ ဒီအခေါင်းကလည်း ငါ့အတွက်တဲ့'

'ဦးလေး… သတိထားပါ၊ ဆေးခန်းကို ပို့ပေးမယ်'

'မပို့နဲ့… မပို့နဲ့… ငါ့ရဲ့မျက်လုံးတွေ ဘာမှမမြင်ရတော့ဘူး၊





'မောလည်း အရမ်းမောလာနေပြီ၊ ဟော … ဟိုမှာ ကိုလေးမောင် လာခေါ်နေပြီ'

ဟု ဆိုကာ အိပ်မက်အကြောင်းကို ပြောပြခဲ့သည်။

'ဦးလေး… ဦးလေး သတိထားပါ'

'ကိုလေးမောင် ငါ့ကို ဆွဲခေါ်နေပြီ'

'အား… အား… အား… မလိုက်ဘူး၊ မလိုက်ဘူး'

ဦးဘခင်မှာ ရုန်းရင်းကန်ရင်း တာတီး၏လက်ပေါ်တွင် ငြိမ်ကျသွားတယ်။

'ဟောဗျ… ဦးလေး ဦးဘခင် သေသွားပြီလား မသိဘူး'

'ဟုတ်မယ်၊ ခုနက သွေးရူးသွေးတန်းနဲ့ စကားတွေပြောပြီး ဇက်ကျိုးသွားပြီ'

'အဲဒါမှ ဒုက္ခပဲ၊ သေမသေ စစ်ဆေးကြည့်ပါဦး'

ဦးစိန်လှတို့ လူသိုက်ထံမှ စကားတွေ အမျိုးမျိုးထွက်လာခဲ့တယ်။ ဆရာဝန်၏ စစ်ဆေးချက်အရ ဦးဘခင်မှာ သွေးထွက်



www.burmeseclassic.com

www.burmeseclassic.com



လွန်၍ သေဆုံးခဲ့သည်ဟု ဆိုတယ်။ ဦးဘခင်အား ထိုအခေါင်းနှင့် ပင် အသုဘချခဲ့ကြတယ်။

ဤတွင် ပြဿနာက ခင်စိန်ဘက်သို့ လှည့်တော့တယ်၊

တကယ်လည်း တိုက်တိုက်ဆိုင်ဆိုင်။

ခင်စိန် ယပ်တောင်ခတ်ခဲ့သည့် လူသုံးဦးမှာ ဝေဒနာ တစ်မျိုးစီနှင့် ချက်ချင်းလက်ငင်း သေဆုံးခဲ့တယ်။ သည်တော့ ပြဿနာ၏အစမှာ ထိုယပ်တောင်က ဖြစ်ခဲ့တယ်။

'ခင်စိန်… ယပ်တောင်ခတ်တဲ့ လူသုံးယောက်စလုံး သေပြီ၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ'

ဤစကားကို ဒေါ်အေးဘုံက လူဘုံအလယ်တွင် စတင် ပြောလိုက်တော့တယ်။

သူမက ခင်စိန် ယပ်တောင်ခတ်သဖြင့် သူ့ခင်ပွန်း ဦးလေးမောင် သေဆုံးသွားသည်ဟု ထင်ကာ ခင်စိန် အပေါ်တွင် လွန်စွာစိတ်ဆိုးနေသူ ဖြစ်တယ်။

ဤတွင် ဦးစိန်လှမှ…





'ဒေါ်အေးဘုံရယ်… ဥပါဒါန် အစွဲအလမ်းမထားပါနဲ့၊ တိုက်ဆိုင်လို့ ဖြစ်တာပါ'

'တိုက်ဆိုင်တယ်လို့ မပြောပါနဲ့ ဦးစိန်လှရယ်၊ ခင်စိန် က ဦးဘခင်ကြီးကို သက်သေထားပြီး ယပ်ခတ်ပေးတာ၊ ကျွန်မ လည်း ဦးဘခင်ကြီးကိုတော့ ဘာမှမဖြစ်ဘူးလို့ ထင်တာ၊ အခု တော့ သေပြီ၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ'

ထိုစဉ် မိန်းမတစ်သိုက်ကလည်း…

'ဟုတ်တယ် ဦးစိန်လှရဲ့၊ တိုက်ဆိုင်တယ်ဆိုပေမယ့် သုံးလောင်းဆက်တိုက် သေတာဆိုတော့ ကျွန်မတို့တော့ ကြောက် တယ်၊ ကျွန်မတို့တော့ ကြောက်တယ်၊ ခင်စိန့်ကို ယပ်တောင် ကိုင်မခိုင်းပါနဲ့'

ဤသို့ ပြောခဲ့တယ်။

တချို့ အမျိုးသမီးများကလည်း…

'ကျွန်မတို့ရဲ့ ကလေးကို ယပ်ခတ်လို့ သေသွားရင် တိုက်ဆိုင်တာတို့ ဘာတို့ လုပ်မနေဘူး၊ ခင်စိန့်ကို ရိုက်သတ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောကြပြန်သည်။

အချို့သော အမျိုးသားများကလည်း…

'ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီလိုအဖြစ်မျိုး ကြုံခဲ့ရင် ကျွန်တော်တို့လည်း ဆင်ခြင်နိုင်မှာ မဟုတ်ဘူး၊ သားသမီးအရေး ရိုက်သတ်မိမှာ'

ထိုသို့ဖြင့် ခင်စိန်နှင့် ယပ်တောင်၊ ယပ်တောင်နှင့် ခင်စိန်တို့မှာ တကယ့်ပြဿနာ ပီဘိဖြစ်နေပါတော့သည်။ သည်တော့ ခင်စိန့်ကို ယပ်တောင်နှင့်တကွ လာရောက်ရန် ခေါ်လိုက်တယ်။

'ဟဲ့… ခင်စိန်၊ နင်ကတော့ မပြေးသော် ကန်ရာရှိဆိုသလို ဖြစ်နေပြီ'

'အခု ဘာဖြစ်လို့လဲ၊ ဦးလေး ဦးစိန်လှ'

'ဘာဖြစ်ရမလဲ၊ အခု ဦးဘခင်ကြီး သေပြီ'

'အောင်မယ်လေး… ဒုက္ခပါပဲ'

'ဟိုနေ့က နင် သူ့ကို ယပ်ခတ်ခဲ့သေးတယ် မဟုတ်လား'





'ဟုတ်ပါတော်… ဟုတ်ပါ'

'မနေ့ညက အခေါင်းနဲ့တိုက်မိပြီး သေပြီ'

'အောင်မယ်လေး… ဒါဆိုရင် နေ့တိုင်း တစ်မတ်မရတော့ဘူးပေါ့'

'နင့်တစ်မတ်က အဖိုးမတန်ဘူး၊ ပြဿနာက နင့်ယပ်တောင်က ဖြစ်နေတယ်'

'ပြဿနာကိုတော့ ခင်စိန် ကြောက်တယ်၊ ရော့… ဦးလေးစိန်လှ၊ ဒီယပ်တောင်ကို ယူလိုက်တော့'

ခင်စိန်က ကြောက်လန့်တကြားနှင့် ဦးစိန်လှဘက်သို့ ယပ်တောင်ကို ပစ်ပေးလိုက်တယ်။ သည်တော့ ဦးစိန်လှကလည်း ကြောက်လန့်စွာဖြင့်…

'ဟဲ့… ခင်စိန်၊ နင့်ယပ်တောင်ကြီး ငါ့ကို ပစ်မပေးနဲ့'

'ဦးလေး… ကျွန်မလည်း ကြောက်တာပဲ'

'နင် ကြောက်တာက အရေးမကြီးဘူး၊ ဒီယပ်တောင်ကို ဘယ်လိုလုပ်ရရင် ကောင်းမလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဘုန်းကြီး ဦးစန္ဒိမာကို သွားမေးကြမယ်'

'အဲဒါ ကောင်းတယ်'

'ရော့… ဦးလေး ဦးစိန်လှ၊ ယပ်တောင်ကို ယူသွားပါ'

ခင်စိန်ကလည်း ခပ်ကြောက်ကြောက်ဖြစ်၍ ဦးစိန်လှထံသို့ လှမ်းပေးလိုက်ရာ…

'ဟဲ့… ဟဲ့… နင့်ယပ်တောင်ကို ငါ့လာပြီး မပေးနဲ့၊ နင်ကိုယ်တိုင် ကိုင်ထား၊ အခုပဲ ဆရာတော် ဦးစန္ဒိမာကျောင်းကို သွားမယ်'

'ဦးလေး ဦးစိန်လှက မကြောက်ဘူးဆိုပြီး အခုတော့ ဒီယပ်တောင်လေးတစ်ချောင်းကိုတောင် မကိုင်တော့ဘူး၊ သေခြင်းသေ ခင်စိန် သေပေါ့၊ ဟုတ်လား ဦးလေး'

'တယ်… ခင်စိန် ဖောက်လာပြန်ပြီ'

'အင်း… ဘယ်သူမှ မကောင်းဘူး၊ ငါပဲ ကောင်းတယ်'

အိုးယွန်းယဉ်စာပေ



ဟု ပြောကာ လူအုပ်ကြီးနှင့်အတူ ဆရာတော် ဦးစန္ဒိမာ ကျောင်းသို့ သွားခဲ့ကြတယ်။

တတိယမြောက် သားကောင်အဖြစ် ဦးဘခင် သေဆုံး သည့်အတွက် ယပ်တောင်တစ်ချောင်းဖြင့် စခဲ့သည့် ပြဿနာမှာ အမှု ဘုန်းကြီးပတ်ဟု ဆိုသကဲ့သို့ ဆရာတော်၏ကျောင်းသို့ ာက်ရှိသွားခဲ့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## တဏှာဒီပနီ

ဆရာတော် ဦးစန္ဒိမာ၏ ရှေ့မှောက်သို့ အားလုံးရောက်ခဲ့
ကြတယ်။

ဖြစ်သမျှအကြောင်းစုံကို ဆရာတော်အား လျှောက်ထား
ရာ ဆရာတော်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေခဲ့
သည်။

'ဆရာတော်ဘုရား… ဒီကိစ္စကို တပည့်တော်တို့ကို ဖြေ
ရှင်းပေးပါ ဘုရား'





'အင်း အကြောင်းအရာကတော့ ခပ်ဆန်းဆန်းပဲ၊ တိုက်
ဆိုင်တာပဲဖြစ်ဖြစ်၊ အပမီတာပဲဖြစ်ဖြစ် ဘုန်းကြီးကတော့ အားလုံး
ကောင်းမယ့် အစီအစဉ်ကလေးကို လုပ်ပေးမယ်'

'တင်ပါ့ဘုရား… တပည့်တော် သိချင်တာလေးတွေ
လျှောက်ပါရစေ ဘုရား'

'လျှောက်ပါ ဒကာ'

'သရဲ၊ တစ္ဆေ၊ ပြိတ္တာနဲ့ ပတ်သက်တဲ့အကြောင်း ဟော
တော်မူပါ ဘုရား'

'ပြိတ္တာဟူသမျှတို့ဟာ လူကိုခြောက်လှန့်တတ်တဲ့အတွက်
ကြောင့် တစ္ဆေလို့ ခေါ်တယ်၊ တစ္ဆေဆိုတာ 'တဏှာ' ဆိုတာ
က လာတာ၊ ကာလရွေ့လျောတော့ တဏှာက တစ္ဆေဖြစ်လာ
တယ်'

'တင်ပါ့ဘုရား'

'မင်းကွန်းဆရာတော်ကြီးက မေးတယ်၊ *ပြောကြချင်
လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိငဲ့လား၊ သိပါချင် ရှိပါလျှင်*



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား
တဲ့'

'ဒီတော့ မန်လည်ဆရာတော်ဘုရားကြီးက ပြန်ဖြေ
တယ်၊ ပြောပြချင် လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား
မျိုးတူဆွေးသည် တစ္ဆေရှိမည်မဟုတ်ဘူး၊ မြေမှတ်ကို တစ္ဆေပြော
ကြတယ်၊ လောကလူများတဲ့'

'တင်ပါ့ ဘုရား'

'ဆရာတော်ကြီးများရဲ့ အမေးအဖြေအရ တစ္ဆေဆိုတာ
ဖုတ်ပြိတ္တာတွေပဲ ဖြစ်တယ်'

'ပြိတ္တာနဲ့ ပတ်သက်တဲ့အကြောင်း ပြောပြပါ ဘုရား'

'ပြိတ္တာဆိုတာ ကြီးအောင်၊ ငယ်အောင်၊ ဖြူအောင်
မည်းအောင်၊ ထင်မြင်အောင်၊ လူအသွင်ဖန်ဆင်းနိုင်အောင် အဖြ
ဆန်း အမြင်ဆန်းတွေကိုလည်း ပြသနိုင်တယ်၊ ဒါကြောင့် သူတို
ကို နာနာဘာဝလို့လည်း ခေါ်ဝေါ်ကြတယ်'

'ပြိတ္တာအကြောင်း ရှင်းပြတော်မူပါ ဘုရား'





'ပြိတ္တာဆိုတာ ဆိုးဝါးယုတ်ညံ့ပြီး မကောင်းတဲ့ ဒုဂ္ဂတိ
ဘုံသားများဖြစ်တယ်၊ ပြိတ္တာတွေဟာ လူ့ခန္ဓာကိုယ် အတ္တဘောမှ
ကင်းကွာကွယ်လွန်ပြီးနောက် ချမ်းသာသုခမှ ကင်းဝေးသော ဘုံ
ဘဝမှာ ရောက်နေသူများဖြစ်တယ်'

'ပြိတ္တာဘဝကို ဘယ်လိုလူတွေ ရောက်ပါသလဲ ဘုရား'

'ပြိတ္တာဘဝကို ရောက်ကြတဲ့လူတွေဟာ ရှေးဘဝက
မိမိကိုယ်တိုင် ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံအားကြီးသူတွေ
ဟာ ငရဲဘဝကို ကျရောက်ခံစားပြီးမှ ပြိတ္တာဘဝကို ရောက်ကြ
တယ်၊ တချို့က အခြားတစ်ယောက်ကို ပြုစုဝန်တိုပြီး ကာယကံ၊
ဝစီကံ၊ မနောကံနဲ့ ပြစ်မှားပြောဆိုခဲ့တယ်၊ နောက်ပြီး မိမိကိုယ်
တိုင်လည်း မပေးလှူဘူး၊ သူတစ်ပါးက ပေးကမ်းလှူဒါန်းတာ
ကိုလည်း တားမြစ်တယ်၊ အန္တရာယ်ပြုကြတယ်။ သူတို့ သေတဲ့
အခါ ပြိတ္တာဘဝကို ရောက်တယ်'

'တင်ပါ့ ဘုရား'

'တချို့ကတော့ ကောင်းမှုကုသိုလ်တော့ လုပ်ခဲ့ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သေအံ့မူးမူးအချိန်မှာ မိဘ၊ ဖနီး၊ သားသမီး၊ ဥစ္စာပစ္စည်းများကို စွဲလမ်းတဲ့ တဏှာစိတ်နဲ့ သေဆုံးခဲ့တဲ့အတွက် ပြိတ္တာဘဝကို ရောက်သွားတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ပြိတ္တာဘဝဆိုတာ ယုတ်ညံ့တဲ့ဘဝပဲ'

'တင်ပါ့ ဘုရား'

'ပြိတ္တာလေးမျိုး ရှိတယ်ကွယ့်'

'တင်ပါ့ ဘုရား'

'နံပါတ်တစ်က ပရဒတ္တူပဇီဝိတပြိတ္တာတဲ့၊ သူတစ်ပါးပေးတကမ်းစာကိုသာ စားသောက်ပြီး အသက်ရှင်ရတဲ့ ပြိတ္တာမျိုးဖြစ်တယ်'

'နံပါတ်နှစ်ကရော ဘုရား'

'နံပါတ်နှစ်ကတော့ ခုပ္ပိပါသိကာပြိတ္တာတဲ့၊ ထမင်းငတ်ခြင်း၊ ရေငတ်ခြင်း၊ အစာငတ်ခြင်း စတဲ့ အစဉ်ထာဝရ ဆင်းရဲဒုက္ခခံစားရတဲ့ ပြိတ္တာမျိုး ဖြစ်တယ်'

'နံပါတ်သုံးကရော ဘုရား'





'နံပါတ်သုံးကတော့ နိဇ္ဈာမတဏှိကပြိတ္တာတဲ့၊ အမြဲမပြတ် အကြွင်းမဲ့ လောင်ကျွမ်းခြင်းခံရတဲ့အတွက် ပူပန်စိုးရိမ်နေရတဲ့ ပြိတ္တာမျိုးဖြစ်တယ်'

'နောက်ဆုံး ပြိတ္တာအကြောင်း ပြောပြပါဦး'

'နောက်ဆုံးပြိတ္တာကတော့ ကာလကဉ္စိက ပြိတ္တာမျိုးဖြစ်တယ်၊ အသူရကာယ်လို့ သီးခြားခေါ်တဲ့ ပြိတ္တာမျိုးဖြစ်တယ်'

'တင်ပါ့ ဘုရား'

'ဒါကြောင့် လူတွေကပြောကြတယ်မဟုတ်လား၊ အလှူဒါနပြုတဲ့နေရာမှာ စိတ်မထားတတ်ရင် ပြိတ္တာကြီးလေးဦးဖြစ်တယ်လို့ အဆိုရှိတယ်'

'တင်ပါ့ ဘုရား'

'ဒါပေမဲ့ လောကပညတ္တိကျမ်း၊ ဆဂတိဒီပနီကျမ်းတို့မှာ ပြိတ္တာ ၁၂ မျိုးရှိတယ်လို့ ပါရှိတယ်၊ အဲဒီခေတ်က ဂိဇ္ဈကုဋ်တောင်မှာ ပြိတ္တာမြို့အဖြစ် တည်ရှိခဲ့တယ်လို့ အဆိုရှိတယ်'

'ပြိတ္တာမြို့တောင် ရှိသလား ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'ကျမ်းထဲမှာ အဲဒီလို ပါတာပဲ'

'ပြိဟ္ဘာတွေရဲ့ သက်တမ်းက ဘယ်လောက်ရှိသလဲ ဘုရား'

'အင်း… သက်တမ်းကတော့ သီးခြားသတ်မှတ်ခြင်း မရှိဘူး၊ သက်တမ်းမမြဲဘူးလို့ ပြောရမှာပဲ၊ တချို့ပြိတ္တာတွေဟာ လွန်ခဲ့တဲ့ ၉၂ ကမ္ဘာက ပွင့်တော်မူတဲ့ ဖုဿမြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့ လက်ထက်ကတည်းက ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကြောင့် စွဲကျရောက်သူများဟာ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်ရောက်မှာ ပြိတ္တာဘဝက ကျွတ်လွတ်ခဲ့ကြသတဲ့'

'သက်တမ်းက တော်တော်ရှည်တာပဲနော်'

'ပြိတ္တာဘဝဟာ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ ဆိုတာ ပြောပြမယ်'

'ဘင်ပါ ဘုရား'

'ဂိဇ္ဈကုဋ်တောင်က မြွေပြိတ္တာကြီးဟာ ခန္ဓာကိုယ်အရှည်ဟာ မိုင်ပေါင်း ၃၁၇ ဒသမ ၅ မိုင် (၂၅ ယူဇနာ)ရှိသတဲ့'

'အလိုလေး… ရှည်လှချည်လား ဘုရား'

'အိမ်း… ခန္ဓာကိုယ်ဟာ ရှည်လျားပြီး ဦးခေါင်းက လူဦးခေါင်းပုံရှိတယ်၊ ဒါပေမဲ့ အကုသိုလ်ကံကြောင့် ဦးခေါင်းက အမြီး၊ အမြီးက ဦးခေါင်းအထိ အပြန်ပြန်အလှန်လှန် မီးလောင်ခံနေရလို့ တောမီးလောင်နေတဲ့ တောင်ရိုးကြီးနဲ့တူသတဲ့'

'ဘုရား… ဘုရား… ကြောက်ဖို့ကောင်းလှချည်လား ဘုရား'

'၂၅ ယူဇနာ မီးလောင်နေတာ အလျှံညီးညီးနဲ့ ဘယ်လောက်ပူပြင်းလိုက်မလဲ၊ အဲဒီ မြွေပြိတ္တာဟာ ဘယ်တော့ကျွတ်လွတ်မည်လို့ မသိနိုင်ဘူးတဲ့'

'ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဘုရား'

'ပစ္စေကဗုဒ္ဓါရဲ့ ကျောင်းကို မီးရှို့ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးကြောင့်ပေါ့၊ အဝီစိငရဲမှာ အန္တရကပ်လုံး ကျခံခဲ့ပြီးမှ မြွေပြိတ္တာကြီး ဖြစ်ခဲ့တယ်၊

အဲဒီအဖြစ်အပျက်ကို လူတွေရဲ့ ပကတိ မျက်စိနဲ့ မမြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ ဒိဗ္ဗစက္ခု မျက်စိဖြင့် ကြည့်မှ မြင်အပ်တယ်လို့ ဆိုတယ်’

‘ပြိတ္တာတွေနေထိုင်ရာ ဘုံဟာ သီးသီးခြားခြား နေရာဘုံဌာနများ ရှိပါသလား ဘုရား’

‘ပြိတ္တာတွေမှာ သီးခြားဘုံဌာန မရှိပါဘူး၊ လူတို့နေထိုင်အရာ အနီးပတ်ဝန်းကျင် အင်း၊ အိုင်၊ မြစ်ချောင်းများ၊ တောတောင်၊ သုသာန်၊ သချိုင်း၊ ချုံနွယ်ပိတ်ပေါင်း၊ စွန့်ပစ်ထားတဲ့အိမ်အို၊ အိမ်ဟောင်း၊ လိုဏ်ဂူများမှာ နေထိုင်ကြတယ်လို့ ကျမ်းကအဆိုပြုထားတယ်၊ တချို့ ပြိတ္တာဘဝမှာ သက်တမ်းရှည်လျားတဲ့ပြိတ္တာများက နောက်မှရောက်လာတဲ့ ပြိတ္တာငယ်ကလေးတွေကိုအနိုင်ယူကိုလ်ကျပြီး မောင်းထုတ်တတ်တယ်၊ ပြိတ္တာငယ်တွေဟာပြိတ္တာကြီးတွေ ခွင့်မပြုရင် မနေရဘူး၊ ဒီတော့ အရပ်တကာလှည့်လည်ပြီး အစားအစာ ရှာဖွေစားသောက်ရတယ်’

‘ပြိတ္တာတွေ၊ တစ္ဆေ သရဲတွေကို လူတွေက ဘာကြောင့်မမြင်ရတာလဲ၊ ဘာကြောင့် မြင်ရတာလဲ ဘုရား’





‘ဒကာကြီးရဲ့ မေးခွန်းက ထူးခြားတယ်၊ ကျုပ်ကလည်းဒီမေးခွန်းကို ဖြေချင်တာနဲ့ အတော်ပဲ’

‘ပြိတ္တာ၊ သရဲတစ္ဆေ၊ ဖုတ်၊ ကျတ်၊ အစိမ်း၊ ဘီလူး၊ ဘုမ္မစိုး၊ ဥစ္စာစောင့်၊ ရက္ခစိုး စတဲ့ သူတွေဟာ မမြင်အပ်တဲ့ပုဂ္ဂိုလ်အမျိုးအစားမှာ ပါတယ်၊ ကျမ်းအရ ပြောရမယ်ဆိုရင်သူတို့ဟာ လူတွေလိုပဲ ရုပ်နဲ့နာမ် တစ်စုံရှိတယ်၊ အိမ်ထောင်သားမွေးမှုလည်း ရှိတယ်၊ သူတို့ရဲ့ ရုပ်ခန္ဓာဟာ သာမန်ပကတိအမြင်နဲ့မမြင်နိုင်ဘူး၊ ဒိဗ္ဗစက္ခုပိုင်ရှင် တန်ခိုးရှင်များသာ မြင်တွေ့နိုင်တယ်၊သူတို့ရဲ့ ရုပ်ရည်ဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်၊ဒါကြောင့် အကြောင်းတစ်ခုခုကြောင့် မြင်စေချင်ရင် မူလရုပ်ကိုသာ ပြကြတယ်၊ ခြောက်လှန့်ချင်ရင်တော့ ရုပ်ကြမ်းဖြစ်တဲ့ကြောက်မက်ဖွယ်ကောင်းတဲ့ ရုပ်ရည်ကို ပြကြတယ်’

‘တင်ပါ့ ဘုရား’

‘တကယ်တော့ ပြိတ္တာဘဝ ရောက်တဲ့သူတွေဟာအင်မတန် သနားဖို့ကောင်းတယ်၊ ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်



www.burmeseclassic.com

www.burmeseclassic.com



မှုတဲ့ကာလက ပြိတ္တာများရဲ့ ဆင်းရဲမှုကို ဘုရားရှင်က အမိန့်ဒဿန်ပြုပြီး ပြတော်မူခဲ့တယ်'

'အဲဒီအကြောင်းလေး မသိလို့ ဟောပြောပြပါ ဘုရား'

'မြတ်စွာဘုရားရှင်ဟာ တာရာဏသီမြို့အနီးမှာရှိတဲ့ ဂင်္ဂါမြစ်ကမ်းသို့ ကြွစဉ်မှာ ဗိမ္ဗိသာရမင်းကြီးရဲ့ အမဟ်ချုပ်ကြီး ကောလိယရဲ့ လျှောက်ထားချက်ကို အကြောင်းပြုပြီး ပရိသတ်အပေါင်းကို ပြိတ္တာတို့ရဲ့ ဆင်းရဲမှုကို ပြသခဲ့တယ်၊ ဒါကြောင့် ရဟန်းရှင်လူ ပရိတ်သတ်များဟာ ပြိတ္တာတွေရဲ့ဘဝကို အထင်အရှား မြင်တွေ့ခဲ့ဖူးတယ်လို့ ကျမ်းမှာ ဖော်ပြထားပါတယ်'

'တင်ပါ့ ဘုရား'

'အခုအခါမှာတော့ ပြိတ္တာတွေကို ဒိဗ္ဗစက္ခုမျက်လုံးပိုင်ရှင် တန်ခိုးရှိသူများနဲ့ ပြိတ္တာတွေကို မြင်စေနိုင်တဲ့ ဆေးမြစ်ရှိသူများ၊ မန္တန်တန်ခိုးကြောင့်သာ မြင်တွေ့နိုင်တယ်၊ ဒါကြောင့် မမြင်အပ်တဲ့ ပုဂ္ဂိုလ်များဖြစ်လို့ သာမန်လူတွေ မတွေ့နိုင်ဘူး၊ ဒါပေမဲ့ သာမန်လူတွေ တွေ့နိုင်တဲ့အချက် ရှိပြန်တယ်၊ သူတို့ဟာ အမျှ





အတန်းလိုချင်လို့ဖြစ်စေ၊ သူတို့ရှိကြောင်း ပြချင်လို့ဖြစ်စေ၊ ကံနိမ့်လို့ဖြစ်စေ သူတို့ကို သာမန်မျက်စိနဲ့ မြင်ရပြန်ရော'

'တင်ပါ့ ဘုရား၊ အရှင်ဘုရား ဟောပြောမှ ပြိတ္တာအကြောင်းကို တော်တော်ပြည့်ပြည့်စုံစုံ သိရပါတယ် ဘုရား၊ ဒါပေမဲ့ သူတို့သေဆုံးရင် ဘယ်လိုပုံသဏ္ဍာန်ဖြစ်မလဲ ဘုရား'

'ပြိတ္တာတွေဟာ သူတို့ရဲ့ အကုသိုလ်ကံအလိုက် သက်တမ်းအတိုအရှည်ရှိတယ်၊ ပြိတ္တာများ သေဆုံးတဲ့အခါမှာ လူအများ သေဆုံးသလို ရုပ်အလောင်းအထည်အတိုင်း မတွေ့ရဘူး'

'တင်ပါ့ ဘုရား'

'သူတို့ဟာ တံတွေး၊ နှပ်၊ အညှီအဟောက်အကြေး အပုပ်အစပ်များကို စားရပြီး ကြမ်းတမ်းတဲ့ရုပ်ရည်ကို ဖုံးကွယ်မထားနိုင်လို့ လူတွေမသိစေရန် မနောအမိန့်ဒဿန်နဲ့ သေဆုံးသွားကြတယ်၊ ဒါကြောင့် ပိုးကောင်၊ ပေါက်ဖတ်၊ ခြပုန်း၊ မြွေ၊ ကင်းမြီးကောက်၊ ပုတ်သင်ညို၊ ကင်းလိပ်ချော၊ ကင်းခြေများ၊ ငှက်သမင်အသွင်နဲ့ သေကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဘုရား၊ ပြိတ္တာတွေကို ကျွတ်သွားအောင် ဆွေမျိုး၊ မိတ်ဆွေတွေက ဘယ်လိုပံ့ပိုးကူညီရပါ့မလဲ ဘုရား'

'သီလရှိသူ ရဟန်းသံဃာတော်များကို သေသူအား ရည်စူး၍ အလှူအတန်းပြုပြီး အမျှပေးဝေရတယ်၊ သူတစ်ပါး ပေးကမ်းခြင်းကို အမှီပြု အသက်ရှင်ရတဲ့ ပရဒတ္တူ ပဇီဝိတပြိတ္တာ မျိုးဟာ အဲဒီအမျှကိုကြားရပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆို နိုင်ရင် သက်တမ်းတိုတို့နဲ့ ကျွတ်လွတ်ပြီး ချမ်းသာသုခကို ခံစား နိုင်မယ်'

'ဒါမှမဟုတ် မိမိပြုတဲ့ အကုသိုလ်ကံ အနည်းအများကို လိုက်ပြီး သက်တမ်းအတိုအရှည် ရှိတယ်'

'တင်ပါ့ ဘုရား၊ အခုမှပဲ တချို့ ပြိတ္တာများအကြောင်း တော်တော်လေး သိသွားပါပြီ ဘုရား၊ ဒီတော့ ဒီယပ်တောင်ကိစ္စ ဘယ်လိုလုပ်ရမလဲ ဘုရား'

'ယပ်တောင်ကို ကျောင်းမှာထားပြီး သေသူတွေကို အမျှ အတန်းပေးဝေပါ၊ တကယ်လို့ မကျွတ်မလွတ်တဲ့ ဘုံသားများ





ရှိရင်လည်း ကျွတ်သင့်ကျွတ်ထိုက်တဲ့သူတွေ ကျွတ်လွတ်သွား တာပေါ့'

'ဒါဆိုရင် ဒီယပ်တောင်ကို အရှင်ဘုရားကျောင်းမှာ ထားခဲ့ပါရစေ ဘုရား'

မကောင်း ကျောင်းပို့ဟူသည့် စကားနှယ် အပျက်အပျက် နှင့် နာခေါင်းသွေးထွက်သည့် စကားပမာနှယ် လူတကာက မနှစ်မြို့သည့် ခင်စိန့်၏ ယပ်တောင်ကို ဆရာတော်၏ကျောင်း၌ ထားခဲ့ကြသည်။

မကြာမီရက်အတွင်း၌ ဆရာတော်ထံသို့ သင်္ကန်းပရိက္ခရာ အကျွေးအမွေး စုံလင်စွာဖြင့် လှူဒါန်းခဲ့ကြသည်။ ထို့နောက် အားလုံးကို အမျှဝေကာ ကောင်းမှုကုသိုလ်ပြုပေးခဲ့တယ်။

'ဒေါ်ခင်ဖွန်းတင့် ဦးလေးမောင်နှင့် ဦးဘခင်တို့နှင့်တကွ အားလုံး ကြားကြားသမျှ အမျှ··· အမျှ··· အမျှ··· ယူတော်မူ ကြပါကုန်လော့'

'သာဓု··· သာဓု··· သာဓု···'



www.burmeseclassic.com

www.burmeseclassic.com



'အားလုံး အမျှရ၍ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပြီး ကောင်းရာသုဂတိသို့ လားပါစေ'

ထိုသို့ အလှူအတန်းပြုလုပ်၍ အမျှအတန်းပေးဝေပြီး နောက်တွင် ယပ်တောင်ကလေးအား မီးရှို့ဖျက်ဆီးလိုက်ပါသည်။

ထိုအချိန်မှစပြီး ပြဿနာတက်နေသည့် တစ္ဆေယပ် တောင်ကိစ္စကလေးလည်း အေးငြိမ်းသွားခဲ့တယ်။

❑ ❑ ❑

အခန်း(၄)

# တစ္ဆေ့ရဲ့သားကောင်

ကျွန်တော်က မူလတန်းကျောင်းက ကျောင်းဆရာ ကိုနေမင်းပါ။

စတုတ္ထတန်းမှာ စာပြပါတယ်။ ကျွန်တော်က ထူးထူး ဆန်းဆန်းအကြောင်းတွေကို အရမ်းစိတ်ဝင်စားတယ်။

တစ်နေ့မှာတော့ ကျွန်တော်သင်ပြတဲ့ စတုတ္ထတန်းက မောင်မြတ်မွန်ဆိုတဲ့ ကျောင်းသားကလေးက ကျောင်းနှစ်ရက်ပျက် တယ်။ ဒီနေ့မှ ကျောင်းလာတော့ ကျွန်တော်က ခွင့်မတိုင်တဲ့ကိစ္စ နဲ့ သူ့ကို ဆူခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာတင် ကျွန်တော်ဟာ 'တစ္ဆေရဲ့သားကောင်' တစ်ယောက် ဖြစ်သွားခဲ့တယ်။

အဖြစ်ကတော့ ဒီလိုပါ။

'မောင်မြတ်မွန်… မင်း ကျောင်းနှစ်ရက်ပျက်တာ ဘာဖြစ်လို့ ခွင့်မတိုင်တာလဲ'

'သားလည်း ခွင့်တိုင်မလို့ပါပဲ၊ အဘိုးဆုံးသွားပြီး အဘွားကလည်း အရမ်းစိတ်မကောင်းဖြစ်နေတယ်၊ အဲဒါကို အဖေတို့ အမေတို့က ဝိုင်းပြီးချော့နေရလို့ ခွင့်မတိုင်ဖြစ်တာပါ'

'အေးလေ… ဘာပဲဖြစ်ဖြစ် ခွင့်တိုင်ရမှာပေါ့'

'ဟုတ်ကဲ့ပါ… နောက်ဆိုရင် ခွင့်တိုင်ပါ့မယ် ဆရာ'

'အေး… အေး… ဒါနဲ့ မင်းအဘိုးက ဘာဖြစ်လို့ သေတာတုံး'

တကယ်တော့ မနေနိုင်သူက ကျွန်တော်ပါ။ ကျွန်တော် လျှာရှည်မိတဲ့အတွက် တစ္ဆေသံသရာကြော မျောသွားခဲ့ပြီး အခုလို စာတစ်စောင်ပေတစ်ဖွဲ့အဖြစ် ရေးဖြစ်ခဲ့တယ်။





'ကျွန်တော့်အဘိုးကို အရူးမတစ်ယောက်က ယပ်တောင်နဲ့ ယပ်ခတ်သွားလို့ အဘိုး သေသွားတာပါ ဆရာ'

သူ့အပြောကြောင့် ကျွန်တော် လွန်စွာအံ့ဩသွားသလို သုံးဝကို အယုံအကြည်မရှိဘူး။ ကျွန်တော့်ကို လိမ်ညာပြီးပြောတယ်လို့ ခံစားရတယ်။

ဒါကြောင့်…

'ဟေ့ကောင်… မောင်မြတ်မွန်၊ မင်း စကားကို ကောင်းကောင်းပြောမှပေါ့၊ လိမ်ပြောတာ ဆရာ မကြိုက်ဘူး'

'ဟုတ်ပါတယ် ဆရာ'

'ဘာဟုတ်တာလဲ'

'တကယ်ပြောတာပါ၊ ကျွန်တော် လိမ်မပြောပါဘူး၊ အဲဒီ အရူးမ ယပ်ခတ်လိုက်လို့ လူသုံးယောက် သေသွားတယ်၊ အဲဒီသုံးယောက်ထဲမှာ ကျွန်တော့်အဘိုး ဦးလေးမောင်ရယ်၊ အဘိုးနဲ့သူငယ်ချင်း ဦးဘခင်ပါ သေသွားတယ်'

'ဟေ…'



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလောက် တိတိကျကျ ပြောနေတဲ့အတွက် ကျွန်တော် မယုံလို့ မဖြစ်တော့ဘူး။

ဒါဟာ တစ်ခုခုတော့ ထူးခြားနေပြီဆိုတာ သိလိုက်တယ်။

'ဒါနဲ့ မင်းက ဘယ်မှာနေတာလဲ'

'ကြံတောသင်္ချိုင်းအနီးက အလုပ်သမားတွေနေတဲ့ အိမ်တန်းမှာ နေပါတယ် ဆရာ'

'အေး… ဒါဆို ညနေကျောင်းဆင်းရင် မင်းအိမ်ကို ဆရာ လိုက်ခဲ့မယ်၊ မင်းအဘိုးအတွက် သတင်းမေးရင်းပေါ့ကွာ'

'ဟုတ်ကဲ့ပါ ဆရာ'

ကျွန်တော်လည်း ကျောင်းဆင်းတော့ မောင်မြတ်မွန်နဲ့ အတူ သူ့အိမ်ကို လိုက်ခဲ့တယ်။ အလုပ်သမားတွေနေတဲ့ အိမ်မို လား မသိ။

တကယ်ပင် ခနော်တည် ခနော်နဲ့။ ကြမ်းကလည်း ခုနစ် ချောင်း၊ သက်ကယ် ခုနစ်ပျစ်ဆိုတာမျိုး ဖြစ်နေတယ်။





ကျွန်တော့်ကို တွေ့တယ်ဆိုရင် မောင်မြတ်မွန်ရဲ့ အဖေနဲ့ အမေက ဆီးကြိုပြီး…

'ဆရာ အိမ်ပေါ်ကိုကြွပါ'

ဟူ၍ ဖော်ဖော်ရွေရွေ ဖိတ်ခေါ်လိုက်တယ်'

'အင်းဗျာ… ကလေး ကျောင်းမတက်လို့ မေးလိုက်မှ သူ့အဘိုး ဆုံးကြောင်းပြောလို့ ကျွန်တော် လာပြီး သတင်းမေးတာပါ'

'သြော်… အဖေက မြေမြှုပ်ဖို့ တွင်းကိုသွားတူးပေးရင်းနဲ့ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတာပါ'

မောင်မြတ်မွန်၏ အမေက ဤသို့ဖြေလိုက်သည့်အတွက် သားနှင့် အမေ စကားချင်း ကွဲလွဲနေသည့်အတွက် ကျွန်တော်က မောင်မြတ်မွန်ကို စောင်းငဲ့ပြီးကြည့်လိုက်သည်။

သည်တွင် အခန်းတွင်းမှ ၄င်း၏အဘွားဖြစ်သူ ထွက်လာပြီး…

'သမီးပြောတာ မဟုတ်ဘူး ဆရာရဲ့၊ အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ အရှုးမက ယပ်တောင်နဲ့ခတ်လိုက်လို့ သေတာ'

'အို… အမေကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ ဆရာ့ကို အားနာစရာကြီး'

'ဘာ အားနာစရာရှိလဲတော်၊ အဖြစ်မှန်ကို ပြောတာပဲ'

သူတို့သားအမိနှစ်ဦးမှာ စကားများနေသည့်အတွက် ကျွန်တော်ကပင် ကြားဝင်ကာ…

'ကိစ္စမရှိပါဘူး အစ်မ၊ အဘွား ပြောချင်တာ ပြောပါစေ၊ ကျွန်တော်က သတင်းလာမေးတာပဲ'

မောင်မြတ်မွန်၏ အမေကို ဒီလိုပြောလိုက်တယ်။ မောင်မြတ်မွန်ရဲ့အမေဟာ ကျွန်တော့်ရဲ့စကားကြောင့် ဘာမှဆက်မပြောဘဲ နှုတ်ဆိတ်နေလိုက်တယ်။

ဒီတော့ ဘွားအေကြီးအကြိုက်ပေါ့။ သူမရဲ့ အင်မတန်မကျေနပ်ချက်တွေကို စပြီးပြောလိုက်ပါတော့တယ်။

'အခုခေတ်ကာလ သားသမီးတွေဟာ စကားပြောလို့





မကောင်းဘူး၊ ကျွန်မ စကားပြောမယ်ဆိုရင် လိုက်ပြီးပိတ်ပင်နေတော့တာပဲ'

'ကဲ… အဘွား ပြောစရာရှိတာ ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်'

'အရှုးမနာမည်က ခင်စိန်တဲ့၊ ဧရပ်ပေါ်က အသုဘယပ်တောင်တစ်ချောင်းကောက်ပြီး လူတွေကို ယပ်ခတ်ပေးတယ်၊ ပြီးတော့ ကိုနှံ့ဆဲတယ် ဆရာရယ်၊ ပထမဦးဆုံး အမျိုးသမီးက သူ့ယောကျ်ားသေလို့ လာငိုတဲ့ အမျိုးသမီးနဲ့ စကားများပြီး အဲဒီယပ်တောင်နဲ့ ခတ်လိုက်တယ်၊ နှစ်ရက်အကြာမှာ အဲဒီအမျိုးသမီးကားတိုက်ခံရပြီး သေသွားတယ်'

'အမေရယ်… တိုက်ဆိုင်တာပါ'

ဒေါ်အေးဘုံရဲ့ သမီးက ဝင်ပြောလိုက်တယ်။

'အေး… ဒုတိယကျတော့ နင့်အဖေ သေတာပဲ၊ ဒါလည်း တိုက်ဆိုင်တာပဲလား'

'ကဲပါ… အမေ့စိတ်ကြိုက်သာ ပြောပါတော့'



www.burmeseclassic.com

www.burmeseclassic.com



'ခုဘီယ ယပ်တောင်ခတ်ခံရတာကတော့ ကျွန်မယောက်ျား ဦးလေးမောင်ပေါ့၊ ဆရာရယ်၊ ယပ်တောင်ခတ်ပြီး နှစ်ရက်မြောက်တဲ့နေ့မှာ တွင်းတူးရင်း လဲကျသေဆုံးသွားတယ်၊ သူတို့ပြောတော့ ဦးနှောက်သွေးကြောပြတ်တယ်လို့ ပြောတာပဲ၊ ဒီတော့ ကျွန်မကလည်း စိတ်ဆိုးဆိုးနဲ့ အဲဒီအရူးမကို ပြောတာပါ၊ အရူးမကလည်း ဦးဘခင်ဆိုတဲ့ အခေါင်းရောင်းတဲ့လူကြီးကို သူ 'ယပ်တောင်ခတ်ပြမယ်ဆိုပြီး ခတ်တော့တာပဲ၊ အဲဒီလူကြီးကျရင် ဘာမှမဖြစ်ဘူးလို့ ပြောတယ်'

'အဲဒီလူကြီးက ဘာဖြစ်သွားသေးလဲ'

'အဲဒီညပဲ အခေါင်းပြုတ်ကျပြီး ခေါင်းကွဲတဲ့ဒဏ်ရာနဲ့ သေတော့တာပဲ'

'ဟင်…'

'ဒါနဲ့ ဆရာတော် ဦးစန္ဒိမာကျောင်းမှာ ဆွမ်းကပ်ပြီး အမျှဝေခဲ့ကြတယ်'

'ယပ်တောင်ကျတော့ရော'





'မီးရှို့ဖျက်ဆီးလိုက်တယ်၊ ကျွန်မအထင်တော့ အသမိုနေ ဘာနဲ့ တူပါတယ်'

'ဆရာတော် ဦးစန္ဒိမာဆိုတာ အရှေ့ဘက်က ကျောင်းဆိုင်ဆရာတော်လား'

'ဟုတ်ပါတယ်'

'ကဲ… အဘိုးအတွက် အကူငွေထည့်ခဲ့ဦးမယ်၊ ရော့… အဘွား'

ကျွန်တော်က ငွေငါးဆယ် ကူလိုက်ရာ အဘွားက…

'မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ'

လို့ ဆုတောင်းပေးလိုက်တယ်။

ကျွန်တော်ကလည်း အစတစ်ခုရရင် ဆုံးအောင်ဆွဲတတ်တဲ့သူမျိုး ဖြစ်လေတော့ ကျွန်တော့်ဘဝမှာ စလုံးစခုဖြစ်နေတဲ့ ပြဿနာကို သိချင်တာနဲ့ ဆရာတော် ဦးစန္ဒိမာရဲ့ ကျောင်းကို သွားရောက်ခဲ့တယ်။

ကျောင်းပေါ်ရောက်တယ်ဆိုရင်ပဲ ဆရာတော်က…



www.burmeseclassic.com

www.burmeseclassic.com



'ဒကာလေးပါလား၊ ဘယ်ကလှည့်လာသလဲ'

'ဆရာတော့်ဆီပဲ လာတာပါ ဘုရား'

'လာပါ ဒကာလေး'

ဆရာတော်ကို ဦးချပြီး ပဋိသန္ထာရစကားတွေ ပြောဖြစ်တယ်။

နောက်တော့မှ...

'အရှင်ဘုရား... ဟိုနေ့က ဦးလေးမောင်တို့၊ ဦးဘခင်တို့ ဆက်တိုက် သုံးလောင်းသေတယ်လို့ ကြားမိလို့ အရှင်ဘုရားကို လာပြီး လျှောက်ထားမေးတာပါ ဘုရား'

'ဟုတ်တယ် ဆရာလေး၊ ပြဿနာကတော့ ခင်စိန် အပေါ် အားလုံးရောက်တာပေါ့၊ သူက စိတ်က သိပ်မနဲ့တော့ ယပ်ခတ်ပြီး ပြောချင်တာ ပြောတာပေါ့၊ တိုက်ဆိုင်တာလည်း ဖြစ်ရင်ဖြစ်ဖြစ်မယ်၊ ဒါမှမဟုတ် ကျုပ်တို့ ဉာဏ်နဲ့ လိုက်မမီတဲ့ အကြောင်းကိစ္စတွေလည်း ရှိချင်ရှိမယ်၊ ဒါနဲ့ ကျုပ် ကျောင်းမှာ အလှူလုပ်ပြီး အမျှအတန်း ပေးဝေခဲ့တယ်'





'တပည့်တော်ကလည်း ထူးထူးခြားခြား အဖြစ်အပျက်တွေကို စိတ်ဝင်စားပါတယ် ဘုရား'

'ဟုတ်တာပေါ့၊ ထူးခြားဖြစ်စဉ်တွေဟာ စိတ်ဝင်စားစရာ အကြောင်းတရားတွေပဲ'

'တပည့်တော်က တစ္ဆေသရဲနဲ့ပတ်သက်ပြီး အထူးသိချင်ပါတယ် ဘုရား'

'ဟိုတစ်နေ့ကတောင် ဒကာကြီးတစ်သိုက်ကို ပြိတ္တာတွေ အကြောင်း တရားဟောလိုက်သေးတယ်၊ ပြိတ္တာဘုံကို ကျရောက်သွားတဲ့သူတွေဟာ သူတို့ရဲ့ အကုသိုလ် ဂရုကံ လဟုကံကိုလိုက်ပြီး အနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သိန်း သက်တမ်းရှိကြတယ်။ ပြိတ္တာအမျိုးမျိုး ရှိတယ်ကွယ့်၊ သံယုတ်ပါဠိတော်လာမှာ ပြိတ္တာ ၁၂ မျိုးရှိကြောင်း ရေးပြထားတယ်'

'တင်ပါ ဘုရား'

'အဲဒီပြိတ္တာတွေကတော့ အရိုးစု အရိုးဆက်ပြိတ္တာ၊ ခန္ဓာကိုယ်တစ်ခုလုံး သံလျက်မွေးကဲ့သို့ ပေါက်နေတဲ့ ပြိတ္တာ၊ လှံကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အမွေးပေါက်နေတဲ့ ပြိတ္တာ၊ အပ်ကဲ့သို့ အမွေးပေါက်နေတဲ့ ပြိတ္တာ၊ အစာအစားမပါတဲ့ ပြိတ္တာ၊ ပုပ်စော်နံနေတဲ့ ပြိတ္တာ၊ အပ်ပေါက်မျှ ပါးစပ်ခံတွင်းရှိလို့ စားချင်တိုင်း မစားနိုင်တဲ့ ပြိတ္တာ စသဖြင့် ပြိတ္တာအမျိုးမျိုးရှိတယ်'

'တင်ပါ့ ဘုရား'

'မြတ်စွာဘုရား လက်ထက်တော်က ကောင်းကင်ပျံသော ပြိတ္တာအကြောင်း ဟောပြမယ်'

'တင်ပါ့ ဘုရား'

'ရှေးလွန်လေပြီးသောကာလက ရာဇဂြိုဟ်ပြည်မှာ အဇာတသတ်မင်း အုပ်စိုးနေချိန်မှာ အဇာတသတ်မင်းဟာ ဒေဝဒတ်ရဲ့ တိုက်တွန်းမှုကြောင့် ဖခင်ကို သတ်မိပြီး ညစဉ်ညတိုင်း မအိပ်နိုင်အောင် စိတ်ထိခိုက်ခြင်း ဝေဒနာကို ခံစားနေခဲ့ရတယ်။

တစ်ညမှာ လသာဆောင်ကိုထွက်ပြီး စင်္ကြံသွားနေစဉ်မှာ ပြိတ္တာတစ်ဦးဟာ ကောင်းကင်ခရီးက ဖြတ်သွားတာကို တွေ့လိုက်တယ်။ အဲဒီပြိတ္တာဟာ အဝတ်မပါ၊ အရိုးအရေမျှသော





ကိုယ်ရှိကြတယ်။ အဲဒီအခါမှာ အဇာတသတ်မင်းဟာ 'သင်ဟာ အဝတ်လည်း မပါ၊ ပိန်လည်း ပိန်တယ်၊ ညအခါ ဘယ်သွားမလို့ လဲလို့ မေးတယ်။

အဲဒီအခါမှာ ပြိတ္တာက...

'ကျွန်ုပ်ရဲ့သမီးရဲ့ အလှူကို သွားရောက်စားသောက်ဖို့ သွားခြင်းဖြစ်တယ်'လို့ ပြောလိုက်တယ်။

ထိုအခါ အဇာတသတ်မင်းက...

သင်၏သမီးရဲ့ အလှူဒါန အဖို့ဘာဂကို ခံစားပြီးရင် ပြန်လာခဲ့ပါ။ ပူဇော်ပသမှု ပြုပါမည်။ ပြုလုပ်ဖွယ်ရာများကို မှတ်သားပြီး ပြန်လာခဲ့ပါလို့ မှာလိုက်တယ်။

ပြိတ္တာဟာ သမီးဆီသွားပေမယ့် ဒုဿီလများကိုသာ ဆွမ်းကျွေးပြီး အမျှမဝေတဲ့အတွက် ဘာမှမစားရဘဲ ပြိတ္တာဟာ မင်းကြီးထံ ပြန်လာပြီး အကျိုးအကြောင်း ပြောပြခဲ့တယ်။ ဒီတော့ မင်းကြီးက ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကျွေးပြီး ပြိတ္တာကို ရည်စူးပြီး အမျှပေးဝေလိုက်တယ်။ ပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သာစုခေါ်ပြီး ချက်ချင်း နတ်စည်းစိမ်ကို ရသွားခဲ့တယ်'

'တင်ပဲ့ ဘုရား'

'ပြိတ္တာဘဝဟာ အတော်ကြောက်စရာကောင်းပါလား ဘုရား'

'ဒါပေါ့ ဒကာလေးရယ်၊ မမြင်မတွေ့ရတော့ မသိဘူး ပေါ့၊ မသိတော့ မကြောက်ဘူးပေါ့၊ လင်းတနဲ့ပတ်သက်ပြီး အကြောင်းအရာ ဆန်းဆန်းကြယ်ကြယ်တွေ အများကြီးရှိခဲ့တယ်၊ ရာဇဝင်ထဲမှာ တစ္ဆေ မင်းပြုတဲ့အကြောင်းတောင် ရှိသေးတယ်'

'တစ္ဆေ မင်းပြုတယ်ဆိုတာ တကယ်လား ဘုရား'

'တကယ်ပေါ့ ဒကာလေးရယ်၊ ငါးရာငါးဆယ်လိုနိပါတ် တော်မှာ သိဗ္ဗိလုလင်အကြောင်းနဲ့ စပ်လျဉ်းပြီး မဟာဝင်ကျမ်းမှာ တစ္ဆေ မင်းပြုတဲ့အကြောင်း ရှိခဲ့တယ်'

'တင်ပဲ့ ဘုရား၊ အဲဒီ တစ္ဆေ မင်းပြုတဲ့အကြောင်း မိန့်တော်မူပါ ဘုရား'

'ကောသလမင်းကြီးရဲ့ သားတော်တစ်ပါးဖြစ်တဲ့ ဝဋ္ဋူဒူပ





မင်းဟာ ကျွန်မရဲ့သားဖြစ်မှန်း သိတဲ့အခါမှာ သာကီဝင်မင်းတို့ကို စိတ်နာပြီး အားလုံးကို စစ်တိုက်ခဲ့တယ်၊ ဒါကြောင့် သာကီဝင် မင်းတွေဟာ တောအရပ် တောင်အရပ်မှာ ပုန်းအောင်းခဲ့ကြတယ်၊ သာကီဝင်မင်းထဲက မင်းတစ်ပါးဟာ မိဖုရားနဲ့ အတူပြေးခဲ့ပြီး မောရိယတိုင်းပြည်ကို ထူထောင်ခဲ့တယ်။ ဝိဋူဒူဘမင်းဟာ အဲဒီ မောရိယပြည်အထိ လာတိုက်တဲ့အတွက် ပါတလိပုတ်ပြည်ကို ပြေးခဲ့ကြတယ်၊ အဲဒီမှာ မိဖုရားကြီးဟာ သားတော်တစ်ပါး ဖွား မြင်ခဲ့တယ်။

အဲဒီသားတော်ကို လိုက်သတ်မှာစိုးလို့ အိုးထဲထည့်ပြီး နွားခြံဝမှာ ပစ်ထားခဲ့တယ်။ 'စန္ဒ'မည်တဲ့ နွားလားဥသဘက စောင့်ရှောက်ထားတဲ့အတွက် အသက်မသေဘဲ နွားရှင်လက်ထဲမှာ ကြီးပြင်းခဲ့တယ်။ ကြီးပြင်းလာတဲ့အခါမှာ စန္ဒအမည်ရှိတဲ့ နွားလား ဥသဘက စောင့်ရှောက်ထားတာမို့ စန္ဒဂုတ္တ သတို့သားလို့ အမည် တွင်ခဲ့တယ်။ အရွယ်ရောက်လာတဲ့အခါမှာ ပုဏ္ဏားကြီးက မွေးစား ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'တင်ပါ့ ဘုရား'

'အရွယ်ရောက်လာတဲ့အခါမှာ ပုဏ္ဏားကြီးက စန္ဒဂုတ္တကို ဗေဒင်ပညာနဲ့ အဋ္ဌာရသ ၁၈ ရပ်ကို သင်ပေးခဲ့တယ်။ အားလုံး ကျွမ်းကျင်တတ်မြောက်တဲ့အချိန်မှာ ပါတလိပုတ်ပြည့်ရှင် ဓနနန္ဒမင်းကို လုပ်ကြံပြီး ထီးနန်းကို ရယူနိုင်းခဲ့တယ်။ ပါတလိပုတ်မင်းကို နိုင်အောင် တိုက်ခိုက်နိုင်ခဲ့တဲ့အတွက် ပါတလိပုတ်ပြည့်ရှင် စန္ဒဂုတ္တမင်းဆိုပြီး နန်းဘက်ခဲ့တယ်။ ဒီလိုနဲ့ သားတော် ဗိန္ဒုသာရကို မွေးဖွားခဲ့တယ်။ စန္ဒဂုတ္တမင်းဟာ ထီးနန်းသက် ၂၄ နှစ်မှာ ရုတ်တရက် အနိစ္စရောက်ခဲ့တယ်။ သူ အသက်ထွက်စဉ်မှာ အပါးမှာ မည်သူမျှမရှိခဲ့ဘူး။ အဲဒီအနေချိန်မှာ အနီးမှာရှိတဲ့ တစ္ဆေတစ်ကောင်ဟာ စန္ဒဂုတ္တမင်းရဲ့ ခန္ဓာကိုယ်ထဲကို ဝင်အောင်းခဲ့တယ်။

ပထမတော့ နန်းတော်ထဲက မင်းညီမင်းသားတွေရော၊ မှူးမတ်တွေပါ မသိဘူး။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ဖူပျက်လာခဲ့တယ်။ တစ္ဆေဝင်ပူးကပ်နေတဲ့ စန္ဒဂုတ္တမင်းဟာ လူတွေကိုအုပ်ချုပ်





တဲ့နေရာမှာ သူထင်သလို ပရမ်းပတာ အုပ်ချုပ်ခဲ့တယ်။ နောက်ပြီး ညဘက်မှာ စားတော်ပွဲကို နိုးကြောင်နိုးဝှက် စားတော်ခေါ်ခဲ့တဲ့အတွက် သားတော်ဟာ သူကိုယ်တိုင် ချောင်းမြောင်းကြည့်လို့ မယုံကြည်နိုင်အောင် အံ့ဩတုန်လှုပ်ခဲ့တယ်။ ဒါနဲ့ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို၊ ပုရောဟိတ်များကို မေးမြန်းတဲ့အခါမှာ စန္ဒဂုတ္တမင်းဟာ ဖုတ်တစ္ဆေပူးကပ်နေမှန်း သိခဲ့ရတယ်။

ဒါကြောင့် လူစိတ်ပျောက်ပြီး တိုင်းပြည်မှာ သူထင်ရာ သူစိုင်းပြီး စဉ်းစားမဲ့စွာ အုပ်ချုပ်ခဲ့တယ်။ ဒါကြောင့် သေသေချာချာ ဆန်းစစ်ကြည့်လိုက်တဲ့အခါမှာ မင်းအစစ်မဟုတ်တော့ဘဲ ဖုတ်တစ္ဆေ အုပ်ချုပ်နေမှန်း သိခဲ့ရတယ်။ ဒါကြောင့် ဆေးစီရင်ထားတဲ့ဓားနဲ့ထိုးပြီး ဖုတ်တစ္ဆေကို သုတ်သင်ရှင်းခဲ့ရတယ်။ သာသနာသက္ကရာဇ် ၁၈၆ ခုနှစ်မှာ သားတော် ဗိန္ဒုသာရမင်းဟာ မင်းပြုခဲ့တယ်လို့ မဟာဝင်ကျမ်းမှာ အတိအလင်း ဖော်ပြထားတယ်။ ဒါ့ကြောင့် ပါတလိပုတ်မြို့ကို တစ္ဆေ မင်းလုပ်တယ်လို့ ပြောဆိုခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တင်ပါ့ ဘုရား၊ တပည့်တော်က မဟာဝင်ကျမ်းကို မဖတ်ဖူးတော့ မသိဘူး ဘုရား'

'တိပိဋကတ် မင်းကွန်းဆရာတော်ဘုရားကြီးဟာ ဒီကြဲတောသုသာန်မှာ မကျွတ်မလွတ်ဘဲရှိတဲ့ ဆွေမျိုးပြိတ္တာများသာမက အခြားသောပြိတ္တာများကို ရည်စူးပြီး ၁၉၈၃ ခုနှစ်ကစပြီး 'ဉာတိပေတ ဥဒ္ဒိဿဒါန'လို့ခေါ်တဲ့ အကျွတ်အလွတ်ပွဲကို လုပ်ခဲ့တယ်'

'ဉာတိပေတ ဥဒ္ဒိဿဒါ(အကျွတ်အလွတ်ပွဲ)ဆိုတာ ဘယ်လိုပါလဲ ဘုရား'

'ဉာတိပေတဆိုတာ ဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့ ပြိတ္တာများကို ရည်စူးပြီး ကျွတ်လွတ်သွားပါစေကြောင်း ပြုလုပ်တဲ့ပွဲဖြစ်တယ်'

'တင်ပါ့ ဘုရား'

'အဲဒီ အကျွတ်အလွတ်ပွဲကို ဆရာတော်ကြီးတွေက သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ နံနက်ခုနစ်နာရီမှာ ပြုလုပ်လေ့ရှိတယ်၊ အခုပြုလုပ်မယ့် အကျွတ်အလွတ်ပွဲကတော့





ဒကာကြီး ဦးစန်းလွင်က ကြီးမှူးပြီး ဒီစနေနေ့မှာလုပ်မယ်၊ ဒကာလေး စိတ်ဝင်စားရင် လာခဲ့ပါလား'

'တပည့်တော် လွန်စွာမှ စိတ်ဝင်စားပါတယ် ဘုရား၊ စနေနေ့ဆိုတော့ ကျောင်းလည်းပိတ်ပါတယ် ဘုရား၊ တပည့်တော် လာခဲ့ပါ့မယ် ဘုရား'

'အိမ်း... ဒါဆိုတော့ ဒကာလေးလည်း ပိုပြီးသိသွားတာပေါ့'

'တင်ပါ့ ဘုရား'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

## ဉာတိပေတ ဥဒ္ဒိဿဒါနပွဲ

ဘုန်းတော်ကြီး ဦးစန္ဒိမာရဲ့ ဖိတ်ကြားမှုကြောင့် ဉာတိ
ပေတ ဥဒ္ဒိဿဒါနပွဲလုပ်ရာ ကြံ့တောသချိုင်းသို့ နံနက် ၇ နာ
မှာ ရောက်ဆုံခဲ့တယ်။

ဦးစန်းလွင် ဖိတ်မန္တရပြုထားတဲ့ ဆရာတော်ကြီးက
ဤသို့ စတင်တရားဟောခဲ့တယ်။

'သံသရာ ကျင်လည်ခဲ့ရတဲ့ ဘဝတွေဟာ မရေမတွက်
နိုင်အောင် များလွန်းလှပါတယ်၊ အဲဒီ သံသရာတခွင်မှာ မျော





င်း အမိ အဖ ညီအစ်ကိုမောင်နှမ ဇနီးမယား ခင်ပွန်းလင်
ားသမီးများနဲ့ ဆွေမျိုးတော်စပ်ခဲ့ဖူးသူတွေဟာ အနန္တ များပြားလှ
ာတယ်။ ဒီလူတွေထဲမှာ ကောင်းရာသုဂတိကို ရောက်တဲ့သူ
ည်း ရှိမယ်။ အကုသိုလ်ကံကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ
ို ရောက်တဲ့လူလည်း ရှိတယ်'

'တင်ပါ့ ဘုရား'

'ပြိတ္တာဘုံဘဝကို ရောက်နေတဲ့သူတွေဟာ အင်မတန်
င်းရဲပင်ပန်းလှတယ်၊ ဒီပြိတ္တာဘုံသားတွေ ကျွတ်လွတ်အောင်
ဘဝကို ရောက်နေသူတွေက သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့
ာန်းတော်တွေကို ဆွမ်းကပ်လှူပြီး အမျှအတန်းပေးမှ သူတို့
ာ သာဓုခေါ်နိုင်ပြီး ကျွတ်တမ်းဝင်နိုင်တယ်။ အဲဒီအကြောင်း
ာဟာ ဘုရားရှင်လက်ထက်တော်မှာ ဗိမ္ဗိသာရမင်းကြီးရဲ့
ွေမျိုးပြိတ္တာတွေက အကြောင်းပြုခဲ့ကြတယ်ကွယ်'

ဘုန်းတော်ကြီးက ဤသို့မိန့်ကာ အကျယ်တဝင့် ဟော
ာခဲ့သည်။ လွန်ခဲ့သော ၈၂ ကမ္ဘာထက်က အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု။ ထိုအချိန်ကား ဖုဿဘုရားရှင် ပွင့်တော်မူသည့်ကာလ

ဖုဿဘုရားနှင့် အဖေတူမအေကွဲ ညီနောင်မင်းသား
သုံးယောက်ဟာ ခမည်းတော်ထံခွင့်ပန်ပြီး ဝါတွင်းသုံးလလုံး ဆွ
ကွမ်းကိစ္စများကို ပြည့်စုံအောင် မိမိတို့ အပိုင်စားရတဲ့ မြို့ရွာဇနပု
က မင်းချင်းယောက်ျားတစ်ယောက်ကို စေလွှတ်ပြီး အစီအ
တကျ ပြုနိုင်းခဲ့တယ်။ ဇနပုဒ်မှာနေကြတဲ့ ဆွေမျိုးပေါင်း တ
သောင်းတစ်ထောင်တို့ကလည်း ကူညီလုပ်ဆောင်ပေးခဲ့တယ်

ထိုမင်းချင်းယောက်ျားက ပြည့်စုံအောင် စီမံမှုပြုပြီး
အခါ မင်းသားညီနောင်သုံးဦးကို အကြောင်းကြားခဲ့တယ်။ မ
သားညီနောင်တို့ဟာ ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်ပြီး တယ
တစ်ထောင်နဲ့အတူ ဘုရားရှင်နဲ့ သံဃာတော်တွေပါ ဇနပုဒ်
ပင့်ဆောင်ပြီး ဝါကပ်ခဲ့ကြတယ်။

ဆွမ်းချက်၊ ဆွမ်းကပ်ရန် ချက်ပြုတ်ရေးအတွက် ဘဏ္ဍာ
အဖြစ် သူကြွယ်လင်မယားကို တာဝန်ပေးခဲ့တယ်။ ဇနပုဒ်တ
က အလှူအတန်းဝတ်ကို နှောင့်ယှက်လိုတဲ့သဘောနဲ့ အလှူ





နှောင့်ရာယ်ပေးခဲ့ကြတယ်။ အလှူအတန်းလုပ်မယ့် ဆွမ်းထမင်းနဲ့
ကာဇဉ်ချိုချဉ်ရသာ သစ်သီးများကို ဆွမ်းမကပ်ရသေးမီ အရင်
ဦးဖျားဖျား စားကြတယ်။ သူတို့ စားရုံနဲ့တင် မတင်းတိမ်ဘဲ
တို့ရဲ့ သားမယား၊ သားသမီးတွေပါ စားသောက်စေခဲ့တယ်။
လှူဝတ်ကို ဆောင်ရွက်နေသူတွေက အပြစ်ပြောတဲ့အခါမှာ
မ်းစားဇရပ်ကို မီးရှို့ပစ်လိုက်တယ်။ အဲဒီလို အခက်အခဲတွေရဲ့
ားထဲမှာ သူကြွယ်လင်မယားဟာ ဝါတွင်းသုံးလပတ်လုံး
ာက်ဘက်က လိုလေသေးမရှိအောင် စီမံလုပ်ဆောင်ခဲ့တယ်။

အဲဒီအကျိုးကြောင့် ဂေါတမဘုရားရှင်လက်ထက်မှာ
လှူဒါနအတွက် စီစဉ်ပေးတဲ့ မင်းချင်းယောက်ျားဟာ ရာဇဂြိုဟ်
ည့်ရှင် ဗိမ္ဗိသာရမင်း ဖြစ်လာတယ်။

မင်းသားသုံးပါးနဲ့ နောက်ပါတစ်ထောင်ဟာ ကဿဖ
နောင်နဲ့ ရှစ်တစ်ထောင် ဖြစ်လာခဲ့တယ်။

ဘဏ္ဍာစိုး လင်မယားကတော့ ဗိမ္ဗိသာရမင်းကြီးရဲ့
ရင်းနှီးဆုံးမိတ်ဆွေဖြစ်တဲ့ ဝိသာခါသူဌေးကြီးနဲ့ သူဌေးကတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်ခဲ့တယ်။ သူဌေးကတော်ကြီးဟာ ဘုရားရှင်ရဲ့ တော
ဆု ချီးမြှင့်ခြင်းခံရတဲ့ မဟ္မဒိန္နာ ထေရီအရှင်မ ဖြစ်လာခဲ့တယ်

အလှူအတန်းကို အရှုရာယ်ပေးတဲ့ လူတစ်စုကတော
ငရဲသို့ လားခဲ့ရတယ်။ ဤဘဒ္ဒကမ္ဘာမှ ကဿပဘုရားရှင်လက
ထက်သို့ရောက်မှ ငရဲမှကျွတ်ပြီး ပြိတ္တာဘဝသို့ ရောက်ခဲ့တယ်

ပြိတ္တာတွေက ကဿပဘုရားရှင်ထံသို့ လျှောက်ထား
ကြတယ်။

BURMESE CLASSIC .com

'အရှင်ဘုရား ... တပည့်တော်တို့သည်လည်း ဤ
သဘောရှိသော စည်းစိမ်ချမ်းသာကို ခံနိုင်ကြပါအံ့လော ဘုရား
လို့ လျှောက်ထားတဲ့အခါမှာ ကဿပဘုရားရှင်က...

'ယခု ငါဘုရား၏ လက်ထက်တော်၌ မရနိုင်ကုန်
နောင်သောအခါ ဂေါတမမည်သော ဘုရားရှင် ပွင့်လတ္တံ့၊
ဘုရားရှင်လက်ထက်၌ ဗိမ္ဗိသာရမည်သော မင်းသည် ဖြစ်လတ္တံ့
ထိုမင်းသည် သင်တို့နှင့် ဆွေမျိုးတော်စပ်ဖူးသူ ဖြစ်သည်။
အခါ သင်တို့ စည်းစိမ်ချမ်းသာကို ခံစားရအံ့'





ဟူ၍ မိန့်တော်မူခဲ့ပါတယ်။ ထိုအခါ ပြိတ္တာများက
ဗိမ္ဗိသာရမင်းကြီး နန်းတက်မယ့်အချိန်ကို စောင့်စားနေခဲ့ကြတယ်။
ဗိမ္ဗိသာရမင်းကြီး နန်းတက်ပြီးနောက် အလှူအတန်းပေးခဲ့တယ်။
ဒါပေမဲ့ သူတို့ကို အမျှအတန်းဝေဖို့ မေ့သွားပြီး အမျှမဝေဖြစ်တဲ့
အတွက် ပြိတ္တာအတွေအတွက် အမျှမရကြဘူး။ သူဟာ ကမ္ဘာကပ်
များစွာ စောင့်မျှော်နေရပြီး အခုလို မင်းကြီး နန်းတက်ပြီး အလှူ
ပေးတဲ့နေ့တိုင်အောင် အမျှအတန်းမပေးတဲ့အတွက် ကြီးစွာသော
ပူဆွေးသောက ရောက်ခဲ့ကြတယ်။

အဲဒါကြောင့် ပြိတ္တာတွေဟာ ညအချိန်မှာ မင်းကြီးကြား
အောင် ကြောက်မက်ဖွယ်အသံကြီးတွေနဲ့ ဟစ်အော်ခဲ့တဲ့အတွက်
မင်းကြီးအား ကြောက်လန့်တကြားဖြစ်ကာ ဘုရားရှင်ထံသို့သွား
ပြီး လျှောက်ထားမေးမြန်းခဲ့တယ်။

ဒီတော့ ဘုရားရှင်က...

'အသင်မင်းကြီး... အသင်ရဲ့ ဆွေဟောင်းမျိုးဟောင်း
ပြိတ္တာတို့ဟာ အသင်မင်းကြီး၏ အလှူကို စောင့်မျှော်ပြီး အမှျ



www.burmeseclassic.com

www.burmeseclassic.com



ပေးလဲ့ဟူ၍ မျှော်လင့်ခဲ့သည်။ အသင်မင်းကြီးက ယမန်နေ့က အလှူပေးခဲ့သော်လည်း အမျှအတန်းမပေးဝေမိတဲ့အတွက် ပြိတ္တာများ အော်ဟစ်ခြင်းဖြစ်တယ်'

ဟု မိန့်တော်မူလိုက်တယ်။

သည့်နောက် ဘုရားရှင်က ပြိတ္တာတို့ရဲ့ဘဝကို မြင်အောင် ဖန်ဆင်းပြလိုက်တယ်။

မင်းကြီးလည်း ချက်ချင်းပင် မြတ်သောအလှူ လှူပြီး ရေစက်သွန်းချကာ…

'ဤကောင်းမှုသည် ငါ၏ အဆွေအမျိုးတို့အား အတူတကွ အမျှရကြပါစေသော်'

ဟူ၍ အမျှပေးဝေလိုက်တယ်။

ပြိတ္တာများက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်စဉ် တစ်ခဏမှာ ကြာပင် ကြာရိုး ကြာနွယ် အသွယ်သွယ်တို့နှင့်ပြည့်တဲ့ ရေကန်ကြီး ပေါ်ပေါက်လာခဲ့တယ်။ ပြိတ္တာများဟာ အဲဒီကန်မှာ ရေချိုးရေသောက် ပြုပြီးတဲ့အခါမှာ ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊





မွတ်သိပ်ခြင်းကင်းကာ ခန္ဓာကိုယ်ဟာ ရွှေအဆင်းကဲ့သို့ တင့်တယ်လာတယ်။

နတ်ပြည်မှာ ဘုံဗိမာန် ပြာသာဒ်တို့ပေးပြီး နတ်ရွာသို့ လားကြရ ေသ်။ အဲဒီပုံ ပမာပြုပြီး အကျွတ်အလွတ်ပွဲကို ပြုလုပ်ပေးခဲ့ကြတယ်။

ဆရာတော်ကြီးက ဗိမ္ဗိသာရမင်းရဲ့ ဆွေမျိုးပြိတ္တာများ အကြောင်း တရားဟောခဲ့တယ်။

ကျွန်တော်ဟာ ဉာတိပေတ ဥဒ္ဒိဿဒါနပွဲကို လျှောက်ကြည့်ခဲ့တယ်။

အဲဒီပွဲကို လာရောက်တဲ့လူတစ်ခုဟာ အိုးကြီးအိုးငယ်နဲ့ ချက်ပြုတ်နေတာ တွေ့ရတယ်။

'အဲဒါ ဘာအတွက်လဲ'

'တစ္ဆေစာအတွက် ချက်ပြုတ်နေတာပါ'

'ဪ… ဟုတ်လား၊ ကျွန်တော်လည်း တစ်ခါမှ မတွေ့ဖူးလို့ လာခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့် အကျွတ်အလွတ်ပွဲကို လုပ်ကြတာလဲ'

'သံသရာအဆက်ဆက်က ပေါ်ခဲ့ဖူးတဲ့ သူတွေဟာ မကောင်းတဲ့ ပြိတ္တာဘုံမှာ ရောက်နေရင် ကျွန်တော်တို့က အမျှဝေမှ ကျွတ်တမ်းဝင်မှာလေ၊ နို့မို့ရင် သူတို့ဟာ ကျွတ်မှာမဟုတ်ဘူး၊ ဆွေမျိုးမတော်တဲ့သူတွေထဲမှာ ပြိတ္တာဖြစ်တဲ့သူလည်း ရှိနေမှာပဲ၊ ဒုဂ္ဂတိပေတ ဆိုပေမယ့် ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည် ဖြစ်စေ သူတို့အတွက် ရည်စူးပြီး အလှူပေး အမျှအတန်းဝေတဲ့ပွဲပဲ ဖြစ်တယ်'

'ကောင်းပါတယ်၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ဆရာတော်ကြီးတွေကို အလှူပြုပေးပြီးရင် ကျွန်တော်တို့နဲ့အတူ အမျှအတန်းဝေပေးပါ ဆရာရယ်'

'ဟာ… ဒါဟာ သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ၊ ကျွန်တော်လည်း ဒီအလှူမှာ ပါပါ့မယ်'

ကျွန်တော့်ရဲ့ သဒ္ဓါတွေဟာ ယိုဖိတ်လာပြီး အိတ်ထဲမှာပါလာတဲ့ ငွေတစ်ရာကို ဘုန်းတော်ကြီးတွေအတွက် လှူဒါန်းလိုက်





ပါတယ်။ ပြီးတော့ ဤပွဲမှာ ပါဝင်တဲ့ လူကြီးတစ်ဦးက ပြောပြပါတယ်။

'အကယ်၍ ကျွန်ုပ်တို့၏ မိဘဘိုးဘွား ညီအစ်ကို မောင်နှမ စသည်ဖြင့် ကော်စပ်ခဲ့သော ဆွေမျိုးပြိတ္တာအပေါင်းတို့သည် တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖိတ်ကြားခြင်းကို မသိရှိပါက ရွာစောင့်နတ်၊ မြို့စောင့်နတ် အစရှိသော နတ်မြတ်နတ်ကောင်းများက ဤအကျွတ်အလွတ်ပွဲသို့ လာရောက်ပါမှု ကျွန်ုပ်တို့၏ ဆွေမျိုးပြိတ္တာများအား တစ်ဆင့်ဖိတ်ကြားပေးပါဆိုပြီး ဒီရက်မတိုင်မီ တစ်ပတ်အလိုကတည်းက မေတ္တာရပ်ခံ ပန်ကြားခဲ့ကြတယ်'

'သြော်…'

ယနေ့မှာတော့ ဥပုသ်ပေတ ဥဒ္ဒိဿဒါန အလှူပွဲကြီး ပြီးမြောက်ခဲ့ပါတယ်။

ဒါကြောင့် ဤနေရာ၌ ရောက်ရှိကြကုန်သော ပြိတ္တာအပေါင်းတို့အား ကျွန်ုပ်တို့၏ ကောင်းမှုကုသိုလ် အစုစုကိုဆပ်



www.burmeseclassic.com

www.burmeseclassic.com



တူထပ်မျှ ရရှိစေရန် အမျှအတန်းပေးဝေပါ၏။

'အားလုံး ကြားကြားသမျှ အမျှ… အမျှ… အမျှ… ယူတော်မူကြပါကုန်လော့'

'သာဓု… သာဓု… သာဓု…'

ကျွန်တော်တို့အားလုံး အကျွတ်အလွတ်ပွဲကြီးမှာ ပါဝင်ဆင်နွှဲ ကုသိုလ်ယူခဲ့ပါတယ်။

ဆရာတော်ကြီးများက…

'ဒီလို အကျွတ်အလွတ်ပွဲ လုပ်ပေးတဲ့အတွက် သနားစရာကောင်းတဲ့ ပြိတ္တာများအတွက် အလွန် အကျိုးတရား ကြီးမားလှပါပေတယ်'

ဟူ၍ မိန့်ကြားခဲ့ပါသည်။

(မှတ်ချက် ။ ။ တိဗိဋကမင်းကွန်းဆရာတော်ဘုရားကြီးသည် ကြံတောသုသာန်တွင် မကျွတ်မလွတ်သော ပြိတ္တာများအတွက် ပေတဥဒ္ဒိဿဒါနပွဲကို ၁၉၈၃ ခုနှစ်မှ ၁၉၈၇ အထိ ပြုလုပ်ခဲ့သည်။)

အိုယွန်းယုဉ်တာပေ



ကျွန်တော်ဟာ တစ်ခါမှ မကြားဖူးတဲ့ အလှူတစ်ခုကို ပြုခဲ့ရလို့ အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

ကျွန်တော်ဟာ အဲဒီကတည်းက တစ္ဆေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ပိုပြီး စိတ်ဝင်စားလာခဲ့တယ်။ ဒီလို ပေတအလှူဒါန အလှူကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲရတဲ့ အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိတယ်။

ဒီညတော့ မောမောပန်းပန်းနဲ့ အိပ်ပျော်သွားခဲ့တယ်။

အဲဒီမှာ ကျွန်တော် ထူးထူးခြားခြား ဆန်းကြယ်တဲ့ အိပ်မက်တစ်ခုကို မက်ခဲ့တယ်။

ကျွန်တော်ဟာ ပေတဒါနပွဲကို စိတ်စွဲလို့လား မသိဘူး။ မနက်ကသွားတဲ့ ပေတဒါနအလှူပွဲကို ရောက်သွားခဲ့တယ်။ ပေတများကို တစ်ပတ်လောက်ကတည်းက ဖိတ်ခေါ်ထားခဲ့တယ်။ ပေတများ တရားနာဖို့နေရာလည်း လုပ်ပေးခဲ့တယ်။

ကျွန်တော်တို့အုပ်စု ဆရာတော်ကြီးများအတွက် နေရာထိုင်ခင်းနဲ့ လှူဖွယ်ပစ္စည်းတွေ အဆင်သင့်ပြုလုပ်ပေးခဲ့တယ်။

အိုယွန်းယုဉ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ပေတာစာအတွက်လည်း ထမင်းတွေ၊ ဟင်းတွေ အိုးကြီးအိုးငယ်နဲ့ ချက်ပြုတ်ခဲ့တယ်။

စားစရာတွေကတော့ ပေတာတွေအတွက် ပေးထားတဲ့ နေရာက ကွက်လပ်ကြီးပါပဲ။

အားလုံးလည်း ပြင်ဆင်ပြီးရော ပေတာများအတွက် နေရာမှာ အရုပ်ဆိုးဆိုး၊ အကျည်းတန်တဲ့ ယောကျ်ား၊ မိန်းမတွေ ရောက်နေတာ တွေ့ရတယ်။

အဲဒီထဲမှာ ကျွန်တော်နဲ့သိတဲ့ ဦးလေးမောင်တို့၊ ဦးဘခင်တို့ကို တွေ့လိုက်ရတယ်။ သူတို့ကတော့ မူလဘူတ ပုံသဏ္ဍာန်နဲ့ပဲ ဖြစ်တယ်။

ကျွန်တော်ဟာ ဦးလေးမောင်တို့၊ ဦးဘခင်တို့ကို မြင်တော့ အားရဝမ်းသာနဲ့…

'ဦးလေးတို့ပါလား၊ ဒီအလှူကို လာတာလား'

'ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့ကို ဖိတ်ထားလို့ လာခဲ့တာ'





အဲဒီလိုပြောစဉ်မှာ ကျွန်တော်ဟာ ကြက်သီးတဖျန်းဖျန်း ထလာပြီး…

'ဟာ… ဦးလေးမောင်ရော၊ ဦးဘခင်ပါ သေပြီးပြီပဲ'

ဆိုပြီး ချက်ချင်း သတိရလိုက်တယ်။

ဒါနဲ့ သူတို့ကို လှမ်းကြည့်လိုက်တော့ သူတို့ရဲ့ရုပ်ရည်ဟာ တဖြည်းဖြည်း ကြောက်စရာကောင်းတဲ့ အသွင်ကို ကူးပြောင်းလာတယ်။

ဒါနဲ့ ကျွန်တော်က…

'ဦးလေးတို့က သေပြီးသား မဟုတ်လား'

'ဟုတ်တယ် သေပြီးပြီပဲ၊ ဒါပေမဲ့ စွဲလမ်းတဲ့ သမုဒယ သံယောဇဉ်ကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး တစ္ဆေဖြစ်နေခဲ့တယ်'

'ဆရာတော် ဦးစန္ဒိမာ အမျှပေးတုန်းက မရဘူးလား'

'ကျွန်တော်တို့နှစ်ယောက်စလုံး အပြင်သွားနေလို့ အမျှ



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့ဘူး၊ ဟိုတစ်နေ့ကမှ အကျွတ်အလွတ်ပွဲရှိတယ်ဆိုပြီး ဖိတ်လို့ လာခဲ့တာ’

‘ဪ… ဟုတ်လား၊ ဒါဆိုရင် ဦးလေးတို့အတွက် သီးသန့်ပေးထားတဲ့နေရာမှာ သွားနေလိုက်ပါ၊ ပြီးရင် ကျွန်တော်တို့ အမျှအတန်းပေးမယ်’

‘ကောင်းပါပြီ’

သူတို့နှစ်ယောက်ဟာ လူ့ဘဝကရုပ်ရည်မျိုး မဟုတ်ဘဲ ခါးက ကုန်းကုန်း၊ လက်က ယားယား၊ မျက်နှာကလည်း ခပ်ရွဲ့ရွဲ့ပုံသဏ္ဌာန် ဖြစ်နေတယ်။

သူတို့ရဲ့ ခန္ဓာကိုယ်ကလည်း တော်တော်ကြီး ဝနေတယ်။

သူတို့ဟာ နေးကွေးတဲ့ခြေလှမ်းတွေနဲ့ သတ်မှတ်ထားတဲ့ နေရာဆီကို လေးကန်စွာသွားနေခဲ့ကြတယ်။ သူတို့လိုပဲ အခြားသောသူများကလည်း သူတို့ရဲ့ ခန္ဓာကိုယ်အတ္တဘောကြီးကို မနိုင်တနိုင်နဲ့ သွားနေကြတယ်။





တချို့ကတော့ တစ်ကိုယ်လုံးမှာ အမွေးအမှင်တွေနဲ့ လူဝံကြီးလားလို့တောင် ထင်မှတ်ရတယ်.

အရွယ်မျိုးစုံ၊ ဆိုက်မျိုးစုံ ယောကျ်ား မိန်းမတွေဟာ သတ်မှတ်ထားတဲ့ နေရာဆီကို ပုံစံအမျိုးမျိုးနဲ့ လာနေတာ တွေ့ရတယ်။

သူတို့ရဲ့ မျက်နှာနဲ့ ပုံသဏ္ဌာန်ဟာ အချိုးအစားမကျတဲ့ အပြင် ကြောက်မက်ဖွယ်ရုပ်တွေ ဖြစ်တယ်။

နောက်ပြီး ဆရာတော်များက တရားဟောတယ်။ ကျွန်တော်တို့အားလုံးက အမျှအတန်းပေးဝေလိုက်တယ်။ သတ်မှတ်ထားတဲ့နေရာမှာ ရှိနေတဲ့ သူတို့ဟာ သာဓုသုံးကြိမ်ခေါ်ပြီးတဲ့ အခါမှာ ကြောက်မက်ဖွယ်ကောင်းတဲ့ ရုပ်ရည်တွေပျောက်ပြီး မွလာဘူတရုပ်တွေ ဖြစ်သွားတယ်။

အဲဒီအခါမှာ ကျွန်တော်တို့ဟာ သူတို့အတွက် အစားအသောက်တွေ ကျွေးမွေးခဲ့တယ်။

သူတို့ကို ကြည့်ရတာ အလှူအတန်းတစ်ခုမှာ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



လာစားနေသလိုပဲ မူလရုပ်တွေနဲ့ လာစားကြတယ်။

တစ်ခဏအကြာမှာတော့ သူတို့ရဲ့ ရုပ်ရည်တွေဟာ ဖြူစင်ပြီး အဝတ်အစားတွေကလည်း ပြောင်ပြောင်လက်လက်နဲ့။ သူတို့ခေါင်းမှာလည်း လင်းလက်တဲ့ အချွန်အတက်တွေနဲ့ ဇာတ်ပွဲထဲမှာတွေ့ရတဲ့ နတ်သား၊ နတ်သမီးပုံစံမျိုး တွေ့လိုက်ရတယ်။

သူတို့မျက်နှာတွေကလည်း ပြုံးချိုပြီး အလွန်ကျက်သရေရှိတဲ့ ပုံသဏ္ဌာန်တွေကို တွေ့လိုက်ရတယ်။ သူတို့ကို ကြည့်လိုက်တာနဲ့ အလွန်ပဲ စိတ်ချမ်းသာသွားခဲ့တယ်။

နောက်တော့ အားလုံးဟာ ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပလာခဲ့တယ်။

အစားအသောက်တွေ စားပြီးတဲ့အချိန်မှာ ဦးလေးမောင်နဲ့ ဦးဘခင်ဟာ ကျွန်တော့်အနား ရောက်လာပြီး…

'ကျွန်တော်တို့ တစ္ဆေဘဝက ကျွတ်လွတ်သွားပြီး နတ်ဘုံနတ်နန်းကို သွားရတော့မှာမို့ ဆရာတို့အားလုံးကို ကျေးဇူးတင်ကြောင်း ပြောရင်း လာနှုတ်ဆက်တာပါ ဆရာ'





'ဝမ်းသာပါတယ် ဦးလေးတို့ရယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ အမျှအတန်းကိုရပြီး ဒီဘဝက ကျွတ်လွတ်သွားတဲ့အတွက် ကျွန်တော်တို့ လုပ်ပေးရကျိုး နပ်ပါတယ်'

'ကဲ… ဒါဆို သွားတော့မယ်နော်'

သူတို့က ကျွန်တော့်ကို နှုတ်ဆက်အပြီးမှာ ဖျတ်ခနဲ ပျောက်ကွယ်သွားတယ်။

သူတို့ကို ကြည့်ရတာ တကယ့်ရုပ်ရှင်ထဲကအတိုင်းပဲ။ သူတို့ကို ငေးမောကြည့်ရှုနေတုန်းမှာပဲ…

'သား'

ဒါ အမေ့ရဲ့ ကြင်နာတဲ့အသံကလေးပဲလို့ ကျွန်တော် ချက်ချင်းသိလိုက်တယ်။

ဒါကြောင့် ဒီဘက်ကို လှည့်လိုက်တဲ့အခါမှာ တကယ် အမေပဲ ဖြစ်နေတယ်။

'အမေ'

ကျွန်တော်က လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ 'အမေ ဘယ်လိုဖြစ်တာလဲ၊ သားကို ပြောပါဦး' လို့ ပြောလိုက်တယ်။

အမေဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က သေဆုံးသွားခဲ့တာ ဖြစ်တယ်။

ကျွန်တော်တို့မိသားစုဟာ ဆွမ်းသွတ် အမျှဝေခဲ့တာမို့ အမေ့ကို ကောင်းရာသုဂတိကိုပဲ ရောက်သွားတယ်လို့ ယူခဲ့တာ။

ဒီတော့မှ အမေက…

'သား… အမေဟာ သားတို့မိသားစုကို စိတ်မချခဲ့ဘူး၊ အဲဒီ စွဲလမ်းတဲ့စိတ်ကြောင့် အမေဟာ သားတို့အိမ်ရှေ့က သရက်ပင်မှာ တစ္ဆေဘဝနဲ့ နေခဲ့ရတယ်'

'အမေရယ်… သား မသိခဲ့ဘူး အမေ'

'သားက အမေ့ကို မမြင်ရပေမယ့် အမေက သားတို့ကို မြင်ရတယ်၊ အမေဟာ ဆင်းရဲတဲ့ဘဝမှာ ဒုက္ခခံပြီး သားတို့ကို ကြည့်နေတာ'

အိုးယွန်းယုဉ်စာပေ



'အမေရယ်… မကျွတ်မလွတ်တဲ့ ဘဝမှာ ရှိနေသေးကြောင်း သားကို ဘာဖြစ်လို့ အိပ်မက်မပေးတာလဲ အမေ'

'သားရယ်… အိပ်မက်ဆိုတာ ပေးချင်တိုင်းမှ ပေးလို့ရတာ'

'အမေ… ဒါဆို အကျွတ်အလွတ်ပွဲရှိမှန်း ဘယ်လိုသိသလဲ'

'သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက အကြောင်းကြားလို့ပေါ့ သားရယ်'

'အမေ့ကို အစောကြီးတုန်းက သား မမြင်ခဲ့ဘူး အမေ'

'အမေကတော့ သားကို မြင်ပါတယ်ကွယ်၊ သားကို သာပြီးနှုတ်ဆက်ချင်ပေမယ့် အမေ့ရဲ့ ပါးစပ်ဟာ အပ်ပေါက်သား သာပဲရှိတော့ စကားမပြောနိုင်ဘူးပေါ့၊ အပြင်မှာသာ ငါ့သားဟာ မေ့ရဲ့ရုပ်သွင်ကို မြင်ရရင် ကြောက်လန့်ပြီး ထွက်ပြေးသွားမှာ ဒါကြောင့် အမေဟာ သားကို နှုတ်မဆက်နိုင်ခဲ့ဘူး'

'ဖြစ်မှဖြစ်ရလေ အမေရယ်'

အိုးယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အမေလည်း ဒါနပွဲမှာ သာဓုခေါ်နိုင်အောင် သတ်မှတ်ပေးထားတဲ့ နေရာကို မနည်းရောက်အောင် သွားခဲ့ရတယ်၊ သားရဲ့အလှူကိုလည်း အမေ သိတယ်၊ သားဟာ ဉာတိပေတတွေကို လှူတဲ့အလှူထဲမှာ လှူဒါန်းတဲ့အတွက် သားရဲ့အလှူကို အမေ အမျှရတယ်၊ အမေ ကောင်းကောင်းကြီး သာဓုခေါ်နိုင်ခဲ့တယ်၊ ဒါကြောင့် အမေဟာ ဒီလိုရုပ်ရည်မျိုးကို ပြောင်းလဲသွားခဲ့ပြီး နတ်ပြည်မှာလည်း ဘုံဗိမာန် ပေါ်လာခဲ့ပြီ၊ သားကိုလည်း အခုလို အဖြစ်တွေကို ပြောပြနိုင်ခဲ့ပြီ၊ အမေ နှုတ်ဆက်ပါတယ် သားရယ် သားကိုမိသားစုကို အမေဟာ ဘဝနဲ့ထပ်တူ တရားပြခဲ့ပါပြီ၊ အကုသိုလ်ကင်းအောင်နေပါ၊ ကုသိုလ်များများလုပ်ပါ၊ အမေ့လို ဘဝမျိုးကို မရောက်ပါစေနဲ့'

'အမေရယ်၊ ကျေးဇူးကြီးမားလှပါလား၊ သား ကန်တော့ပါတယ် အမေရယ်'

ကျွန်တော်ဟာ အမေ့ရဲ့ စေတနာ၊ အမေ့ရဲ့မေတ္တာတွေကို အခုမှ ကောင်းကောင်းကြီး နားလည်နိုင်ခဲ့တယ်။ အမေ့ကို





ကန်တော့ရင်း မျက်ရည်တွေ တပေါက်ပေါက်ကျလာခဲ့တယ်။

'သားသမီး၊ ခင်ပွန်းသည်ကို စွဲလမ်းတဲ့စိတ်နဲ့ ဆယ်နှစ်တိုင်တိုင် တစ္ဆေဘဝမှာ နေခဲ့ရမှန်း သား မသိခဲ့ပါဘူး အမေရယ်၊ အမေဟာ တစ္ဆေဘဝရောက်တာတောင် သားတို့ကို ကြည့်ရှုပေးနေတုန်းပဲလား အမေရယ်'

'သားလေး… မငိုနဲ့တော့၊ အကုသိုလ်ဝဋ်ကြွေး မကုန်သေးတော့ သားတို့ ဆွမ်းသွတ်အမျှဝေပေးမယ့် အမေ မရခဲ့ဘူး သား၊ အခုတော့ မမျှော်လင့်ဘဲ ပေးတဲ့အလှူပွဲမှာ သားရဲ့ ချွေးနည်းစာနဲ့ရတဲ့ သန့်ရှင်းတဲ့အလှူမှာ အမေဟာ အမျှအတန်းရပြီး သာဓုခေါ်နိုင်လို့ အမေ နတ်ပြည်ကို သွားရမယ်၊ ဒါ့အပြင် သားနဲ့ တိုက်ရိုက်ဆိုင်ဆိုင်တွေ့ပြီး သားကို ပြောပြနိုင်တဲ့ဘဝကို ရောက်ခဲ့တယ်'

'အမေ… သားလေ အမေ ကောင်းရာသုဂတိကို ရောက်သွားမှန်း သိရလို့ ဝမ်းသာပါတယ် အမေ'

'ကဲ… သားလေး၊ အမေ သွားရတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အမေ… အမေ'

အမေဟာ ကျွန်တော့်ရဲ့ မြင်ကွင်းထဲက ဖြုတ်ခနဲ ပျောက်ကွယ်သွားခဲ့တယ်။

'အမေ… အမေ… အန္တကျေးဇူးရှင် အမေရယ်'

ကျွန်တော်ဟာ အမေ့ကို လှမ်းခေါ်ရင်း အိပ်ရာက လန့်နိုးခဲ့တယ်။ ကျွန်တော် အိပ်ရာကနိုးတဲ့အချိန်မှာ ကျွန်တော့်မျက်နှာပေါ်မှာ မျက်ရည်စတွေနဲ့။

ချက်ချင်းပဲ အမေ့ရဲ့အခန်းဆီကို အပြေးသွားခဲ့တယ်။

'အမေ… အမေ…'

ဆိုပြီး အမေ့ကို လှုပ်နှိုးလိုက်တယ်။

အမေက လန့်လန့်ဖျပ်ဖျပ်နဲ့…

'လူလေး… ဘာဖြစ်လို့လဲ'

ဆိုပြီး အကြင်နာအပြည့်နဲ့ မေးလိုက်တယ်။

'အမေ… ကျွန်တော် အမေ့ကို အိပ်မက်မက်တယ်'

'ဘာကိုမက်သလဲ၊ ပြောပါ သားရယ်'





ကျွန်တော်က အိပ်မက်အစအဆုံး ပြောလိုက်တယ်။

အမေက…

'မင်းအမေက ကောင်းရာသုဂတိကို ရောက်သွားလို့ အိပ်မက်ပေးတာ ဖြစ်မှာပေါ့ သားရယ်'

'ဟုတ်မယ် အမေ'

'ဒါနဲ့ မင်းအမေက အမေ့ကိုရော ဘာပြောသွားသေးလဲ'

'အမေ့ကိုတော့ သီးခြားမပြောပါဘူး အမေ'

'အင်း… ငါလည်း မနှိုင်းကောင်း နှိုင်းကောင်း ရွှေမန်းဦးတင်မောင်ဇာတ်ထဲကလို မယ်တော်မာယာ ကွယ်လွန်ပြီး နတ်သားဖြစ်သွားစဥ်မှာ သားဆီကို ရွှေပေလွှာပို့တော့ သုဒ္ဓေါဒနမင်းကြီးက စာထဲမှာ သုဒ္ဓေါလေးများ ပါသလားလို့ မေးသလိုတော့ ဖြစ်နေပါပြီ'

'သြော်… အမေကလည်း ဇိုစရာကို ရယ်စရာဖြစ်အောင် ပြောတတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'သားရယ်… မိသားစုမပြည့်စုံတော့ ဘဝမှာ ငိုစရာကို သည်း ရယ်စရာအဖြစ် ပြောရတာ ဆန်းသလားကွယ်'

'ဩော်… အမေရယ်'

ကျွန်တော်ဟာ ဒီလောက်တိုက်ဆိုင်လှတဲ့အတွက် ပရလောကသားများရဲ့ ဘုံကို အလွန်ပဲ စိတ်ဝင်စားခဲ့ပါတော့တယ်။

❑ ❑ ❑

## အခန်း(၆)

## သခင်ဒေါ်ရာ လိုက်နှဲ့သူ

ကျွန်တော်ဟာ လောကကြီးရဲ့ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်မျိုးစုံနဲ့တွေ့ရတဲ့အခါ တစ္ဆေ ပြိတ္တာတွေရဲ့အကြောင်းကို လွန်စွာစိတ်ဝင်စားသလို စာတစ်စောင် ပေတစ်ဖွဲ့ ပြုစုမယ်လို့ စိတ်ကူးမိတယ်။

အမေ့အကြောင်းနဲ့ ပတ်သက်ပြီး ထူးခြားတဲ့အိပ်မက်ကို အမေ့ကိုတော့ ပြောပြီးပြီ။ ဒုတိယ သိစေချင်တဲ့သူကတော့ ကျွန်တော့်ချစ်သူ။

ဒိုယွန်းယှဉ်တာပေ

www.burmeseclassic.com

'နှင်းဦးဖြူ'ပဲ ဖြစ်တယ်။

သူနဲ့ တွေ့တော့။

မနေ့က အဖြစ်အပျက်တွေအားလုံး ပြောပြလိုက်တယ်။

'အစ်ကိုရယ်… တစ္ဆေသရဲအကြောင်းကတော့ မြို့မှာနေတဲ့သူထက် တောမှာနေတဲ့သူက ပိုပြီးသိတယ် ညီမတို့ ငယ်ငယ်တုန်းက ဧရာဝတီမြစ်ဝကျွန်းပေါ်က ရွာကလေးတစ်ရွာမှာ နေခဲ့တယ်၊ တစ္ဆေသရဲနဲ့ ပတ်သက်တဲ့အကြောင်းတွေ အများကြီး ကြားဖူးခဲ့တယ်'

'ဟုတ်လား၊ အစ်ကိုရဲ့ တစ္ဆေစာတမ်းအတွက် ပြောပြပါဦးလား ညီမရယ်'

'အဲဒီဖြစ်ရပ်ထဲမှာ ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရတာက ညီမရဲ့အစ်မဝမ်းကွဲ နွဲ့ရီအကြောင်းပါပဲ'

'ပြောပြစမ်းပါဦး ညီမရယ်'

'မနွဲ့ရီ ဝိညာဉ်အကြောင်းက ဒီလိုပါ အစ်မရယ်'

ထိုသို့ အစချီကာ နေထိုင်သူဖြစ်ပြီး အပျိုချောကလေး





တစ်ဦး ဖြစ်တယ်။ သူ့ဖခင် ဦးစိန်သန်းမှာ ပင်လယ်သို့ ငါးဖောင်လိုက်သူ ဖြစ်တယ်။ ငါးဖောင်ဆိုတာက ငါးဖမ်းလှေအကြီးကြီး ဖြစ်တယ်။

လှေတစ်ခါထွက်ရင် တစ်ပတ်ခန့်ကြာတတ်တယ်။

အဲဒီခေတ်တုန်းက ရေခဲရိုက်တာတွေ ဘာတွေ မရှိဘူး။ ဖမ်းမိတဲ့ ငါးတွေထဲမှာ ငါးကြီးရင် ငါးခြောက်ခွဲပြီး ဆားပက်နေလှန်းကာ ငါးခြောက်လုပ်ထားရတယ်။ ငါးသေးရင်တော့ ငါးပိဘဝကို ရောက်သွားတယ်။ ပြန်ခါနီး မိတဲ့ငါးတွေမှ အစိမ်းလိုက်ရွာကို ရောက်လာတယ်။

ဦးစိန်သန်းတို့ ငါးဖောင်ဆိုက်လာတယ်ဆိုရင်ပဲ ငါးပိ၊ ငါးခြောက်နဲ့ ငါးစိမ်းတွေ ပါလာတယ်။ ငါးဖောင်လိုက်တဲ့သူတွေရယ်၊ ဖောင်ရှင်ရယ်က သူ့အတွက်ကျ ခွဲယူရတယ်။

တစ်ရွာလုံးက ငါးဖောင်လုပ်ငန်းနဲ့ ပင်လယ်ပြင် ငါးရှာထွက်တဲ့အလုပ်ကို လုပ်ကိုင်ကြတော့ ငါးဖောင်ထွက်ပြီဆိုတာနဲ့ ဘာသီတတန်းကြီးပဲ ထွက်ကြတယ်။ ပြန်လာတော့လည်း တစ်စင်း

www.burmeseclassic.com



ပြီးတစ်စင်း ဆိုက်လာတာပဲ။ သူတို့ဘဝနဲ့သူ အတော်ပျော်စရာကောင်းတယ်။

'အဖေရေ… ငါးတွေ အများကြီးရအောင် ယူခဲ့နော်'

'အေးပါ နွံ့ရိရ၊ ငါးများများရမှ ငါ့သမီး အင်္ကျီလှလှလေး ဝတ်ရမှာဆိုတော့ အဖေ ငါးတွေအများကြီးဖမ်းခဲ့မယ်'

နွံ့ရိတို့သားအဖမှာ ဖအေတစ်ခု၊ သမီးတစ်ခုမို့ တစ်ဦးကိုတစ်ဦး လွန်စွာ သံယောဇဉ်ကြီးခဲ့ကြတယ်။ သူ့အဖေ ဖောင်ထွက်တဲ့နေ့များမှာ သူဟာ ရပ်ရွာထဲက ဦးလေးဖြစ်တဲ့ ကျွန်တော့်ရဲ့ ချစ်သူ နှင်းဦးဖြူရဲ့အဖေ အိမ်မှာ လာပြီးအိပ်ရတယ်။

ဦးစိန်သန်းတို့ ငါးဖောင်တို့အုပ်စုဟာ ရာသီဥတုကောင်းမွန်တဲ့ ဒီလိုနေ့မျိုးမှာ ငါးဖမ်းထွက်ခဲ့ကြတယ်။ ခြောက်ရက်ခန့် အကြာမှာတော့ ပင်လယ်ပြင်မှာ မုန်တိုင်းတိုက်လို့ ငါးဖောင်အတော်များများ ပျက်စီးပြီး ရေထဲမြုပ်တဲ့ငါးက မြုပ် ပျက်စီးပြီး ဖမ်းထားတဲ့ ငါးတွေ၊ ငါးခြောက်တွေလည်း ပင်လယ်ထဲကို ကျသွားတယ်။ အော်သံ ဟစ်သံတွေဟာ ကမ္ဘာပျက်တဲ့အတိုင်းပဲ





မိုးသံ၊ လေသံ၊ လှိုင်းသံတွေကြားမှာ ငါးဖောင်က လူတွေဟာ သေမင်းနဲ့ ရင်ဆိုင်ခဲ့ရတယ်။

ပျက်စီးသွားတဲ့ ငါးဖောင်တချို့က လူတွေဟာ သိပ်ပြီး မပျက်စီးတဲ့ ငါးဖောင်တွေကို တွယ်တက်ခဲ့ကြတယ်။ တချို့က အပေါ်ရောက်ပေမယ့် တချို့ကတော့ ပင်လယ်ထဲပြန်ပြီး ပြုတ်ကျသွားတယ်။

တချို့က လှိုင်းပုတ်ပြီး ပြန်တောင်ပေါ်မလာနိုင်ခဲ့တော့ဘူး။

ဒီလိုနဲ့ တစ်ညလုံး လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ်ကြားမှာ ငါးဖောင်လိုက်တဲ့လူတွေရဲ့ ကံကြမ္မာဟာ အဆိုးဆုံးအခြေအနေကို ရောက်ရှိခဲ့တယ်။ နံနက်မိုးလင်းခါနီးမှ လေငြိမ်သွားတယ်။

ငါးဖောင်တစ်ဖောင်မှာ အနည်းဆုံး လူသုံးဆယ်ယောက်က အယောက်နှစ်ဆယ်ခန့် ပါတယ်။ အခုတော့ ငါးဖောင်ငါးဆယ်ကျော်မှာ ဆယ်ဖောင်သာ ပြန်လာနိုင်ခဲ့တယ်။ လူတစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ လူတစ်ရာလောက်သာ ပြန်လာနိုင်ခဲ့တယ်။ ဒီညနေမှာတော့ ဂါးဖောင်တချို့ ပြန်ရောက်လာခဲ့တယ်။

'ဂါးဖောင်တွေ ပြန်လာပြီဟေ့'

ကမ်းစပ်က အော်လိုက်တဲ့အသံကြားလို့ ရွာထဲကလူတွေဟာ အပြေးအလွှား ကမ်းစပ်ကို ပြေးလာကြတယ်။

'အဖေတို့ဖောင်ရော ပြန်လာပြီလား'

နွဲ့ရီက ပြန်လာတဲ့ ဂါးဖောင်က ဦးလေးကြီးကို မေးလိုက်တယ်။

အဲဒီဦးလေးကြီးက စိတ်မကောင်းစွာနဲ့ ဥပါယ်တံမျဉ်ပြောလိုက်တယ်။

'သမီးနောက်မှာ ပါလာတယ်'တဲ့။

အခိုက်အတန့်ကလေးဖြစ်ဖြစ် စိတ်ချမ်းသာရအောင် ပြောလိုက်ခြင်းပဲ ဖြစ်တယ်။ တကယ်တော့ ဦးစိန်သန်းဟာ ဂါးဖောင်နဲ့အတူ ရေအောက်သချိုင်းမှာ ကွယ်လွန်ခဲ့ပြီပဲ။

နွဲ့ရီကတော့ မသိရှာပါ။





သူ့ဖခင် ဦးစိန်သန်းဟာ ဂါးဖောင်နဲ့အတူ ပြန်လာမှာပဲလို့ထင်ပြီး စောင့်နေခဲ့တယ်။

နောက်တစ်ဖောင် ထပ်ဆိုက်လာပြန်ပြီ။

'ဦးလေး... အဖေတို့ ဂါးဖောင်ရော မလာသေးဘူးလား'

'အေး... ဦးလေးတို့လည်း ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး ဂါးဖောင်တွေနစ်လို့ ဂါးဖောင်နည်းနည်းပဲ ကျန်တော့တယ်'

'ဘုရား... ဘုရား... အဘဦးစိန်သန်းတို့ ဂါးဖောင်ရော နစ်တဲ့အထဲ ပါသေးလား ဦးလေး'

'ဦးစိန်သန်းရဲ့ ဂါးဖောင်က နစ်သွားတာ ဦးလေး တွေ့လိုက်တယ်'

နွဲ့ရီရဲ့ရင်ဝမှာ ဒိန်းခနဲ အလုံးကြီးဆောင့်တက်သွားတယ်။

'ဦးလေး... အဖေရောဟင်'

'အဲဒါ ဦးလေး မသိဘူး၊ အခြား ဂါးဖောင်အဖွဲ့နဲ့ ပါလာလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ရဲ့လား ဦးလေးရယ်၊ အဖေ သွားကတည်းက မျက်ခုံးတွေ လက်ရုံးတွေ လှုပ်နေတာ၊ အဖေများ တစ်ခုခုဖြစ်သွားရင်တော့ ဒုက္ခပါပဲ'

တကယ်တော့ ဂါးဖောင်အချင်းချင်း အားလုံးသိတာပေါ့၊ ဒါပေမဲ့ နွဲ့ရီကို သနားလို့ မပြောရက်ကြဘူး။

ဒီလိုနဲ့ ဂါးဖောင်တစ်စင်းပြီးတစ်စင်း ဆိုက်ခဲ့တာ ဆယ်ဖောင်ဟိုတိ ရှိခဲ့ပြီ။

ဂါးဖောင်တွေကို လာစောင့်တဲ့ ဇနီးမယား၊ သမီးသားတွေထဲမှာ ပင်လယ်ပြင်မှာသေဆုံးခဲ့တဲ့ မိသားစုဝင်တွေ ပါတယ်။ လေမုန်တိုင်းထဲမှာ သေဆုံးမှန်းသိတဲ့ မိသားစုဝင်တွေဟာ ကမ်းစပ်မှာ အော်ဟစ်ငိုယိုနေကြတာ အလွန်စိတ်မကောင်းရာပါပဲ။

'အဖေရယ်··· သမီးတို့ကို ထားသွားပြီလား'

'ကိုဖိုးချက်ရေ··· ကျွန်မ ဘယ်လိုနေရမလဲ'

'အစ်ကို ဖိုးလုံးရေ··· ညီမတို့ဆီ ပြန်လာခဲ့ပါတော့'

စသည်ဖြင့် ဆွေမျိုးသားချင်းများဟာ သေဆုံးသူများ





အတွက် ကမ်းစပ်မှာ လူးလိမ့်ငိုကြွေးတာများ တကယ့် ကမ္ဘာပျက်တဲ့နေ့ပဲ။

နွဲ့ရီတစ်ယောက်ကတော့ ပင်လယ်ပြင်ကို ငေးမျှော်ကာ ဖခင်ဦးစိန်သန်းအလာကို စောင့်မျှော်နေဆဲပါပဲ။

တဖြည်းဖြည်းနဲ့ ညနေခင်းမှ ညအချိန်ကို ရောက်ရှိခဲ့တယ်။

လဆန်းရှစ်ရက်နေ့ဖြစ်လို့ လရောင်ရဲ့အလင်းက ခပ်ဖျော့ဖျော့ကလေး ပင်လယ်ပြင်မှာ သာနေတယ်။ လပြည့်ညလို ထိန်ထိန်သာအောင် လင်းမနေပေမယ့် အတော့်အတန် အလင်းကလေး ရှိနေတယ်။

နွဲ့ရီဟာ သူ့ဖခင်အတွက် စိတ်ပူလွန်းလို့ မျက်ရည်တွေက တားမနိုင် ဆီးမနိုင်အောင် တပေါက်ပေါက်ကျလာတယ်။ မျက်လုံးတွေက ဝေသီနေပြီ။ တဖြည်းဖြည်းနဲ့ သန်းခေါင်ယံအချိန် ရောက်လာခဲ့တယ်။

နွဲ့ရီကတော့ ဇွဲနပဲကြီးစွာ စောင့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အလင်းဖျော့လရောင်အောက်မှာ ခပ်မည်းမည်းသဏ္ဍာန် အမည်းစက်တစ်ခုကို ကွေ့လိုက်ရတယ်။

'ဟော… အဖေ့ရဲ့ဂါးလား မသိဘူး'

နွဲ့ရီဟာ မျှော်လင့်ချက်တစ်ခုနဲ့ ဝမ်းသာသွားတယ်။

ရှိုးရှိုးရှပ်ကြည့်နေရာက ခြေထောက်ကလေးထောက်ပြီး မျှော်ကြည့်မိတယ်။

ဟုတ်ပါပြီ။ အမည်းစက်သဏ္ဍာန်က တဖြည်းဖြည်း ကြီးလာတယ်။ မကြာမီမှာ ဂါးဖောင်တစ်ခုမှန်း သိသာလာ တယ်။

'အဖေ ပြန်လာပြီနဲ့တူတယ်၊ အဖေပဲ ဖြစ်ပါစေတော့

နွဲ့ရီက စိတ်ထဲမှကြိတ်ပြီး ဆုတောင်းနေမိတယ်။

တဖြည်းဖြည်းနဲ့ ဂါးဖောင်ကြီးဟာ ကမ်းစပ်နား… ရောက်လာခဲ့တယ်။

ဂါးဖောင်ပေါ်မှာ မတ်တတ်ရပ်ပြီး လိုက်လာတဲ့ အ ဦးစိန်သန်းကို နွဲ့ရီ တွေ့လိုက်ရတယ်။





'အဖေ… အဖေ ပြန်လာပြီ၊ ဝမ်းသာလိုက်တာ အဖေ ယ်'

နွဲ့ရီ ဘယ်လောက်ဝမ်းသာသွားသလဲဆိုတာ ပြောပြလို့ ောင် မတတ်သာဘူး။

'တော်ပါသေးရဲ့၊ အဖေ မသေလို့၊ အဖေသာ သေရင် မီးတော့ ရှုးမှာပဲ'

နွဲ့ရီက ပျော်လွန်းလို့ ဒီလိုစကားကို တိုးတိုးလေးပြော ိုက်တယ်။

တဖြည်းဖြည်းနဲ့ ဂါးလှေကြီးဟာ ကမ်းစပ်ကို ရောက်ရှိ ာပြီ။

နွဲ့ရီဟာ ဝမ်းသာလွန်းလို့ ရေထဲကို အပြေးဆင်းသွား

'အဖေ… အဖေ' လို့ အသံခပ်ကျယ်ကျယ်နဲ့ အော်ခေါ် ိုက်တယ်။

လှေကြီးအနီးသို့ ရောက်သွားတဲ့အခါမှာ…



www.burmeseclassic.com

www.burmeseclassic.com



'အဖေ' လို့ခေါ်ပြီး သူဖခင်ရဲ့လက်ကို လှမ်းအဆွဲမှာ သူမရဲ့မျက်စိတွေ ပြာဝေသွားပြီး မှောင်အတိကျသွားခဲ့တယ်။

'ဟင်… ဘာဖြစ်တာလဲ'

သူမဟာ သူကိုယ်သူ မယုံနိုင်လောက်အောင်ပါပဲ။

သူမရဲ့မျက်လုံးတွေ တဖြည်းဖြည်းနဲ့ ကြည်လင်လာခဲ့တယ်။ ဒါပေမဲ့ သူမရဲ့ရှေ့မှာ ဘာဆိုဘာမှ မရှိဘူး။ ပင်လယ်ရေပြင်ကြီးပဲ ရှိတယ်။

ဂါးဖောင်ရော အဖေရော ဘာမှမရှိတော့ဘူး။ တကယ့်ကို ဟာလာဟင်းလင်းကြီးပါပဲ။

ညှို့အမှောင်ကြောင့် အမြင်ယောင်လွဲတာလား၊ ပြန်လာစေချင်တဲ့ စိတ်ဆောကြောင့်လား မည်သို့ပြောရမှန်း မသိအောင်ပင်။

'အဖေနဲ့ ဂါးဖောင် ဘယ်ရောက်သွားပြီလဲ'

နွဲ့ရီပဲ အဖေ့ကို မျှော်ရလွန်းလို့ အမြင်တွေ မှားခဲ့ပြီလား။

'အဖေရယ်… ဘာဖြစ်လို့ မတွေ့ရတာလဲ'





'အဖေ သေပြီထင်ပါရဲ့'

'အဖေဟာ တစ္ဆေဘဝနဲ့ အိမ်ပြန်လာတာလား'

သူမရဲ့ စိတ်ထဲမှာ အတွေးတွေဟာပြုံကြီး ဝင်လာခဲ့တယ်။ ညှို့အမှောင်ကပဲ အမြင်ကို သွေဖည်စေတာလား။ ဒါမှမဟုတ် ဝိညာဉ်တစ်ခုရဲ့ ပုံရိပ်ယောင်လေလား။

နွဲ့ရီအတွက် အဖေ ပျောက်ခဲ့ပြီဖြစ်လို့ တကယ်ပဲ ကြေကွဲဝမ်းနည်းရပြီ။ သူမဟာ မျက်ရည်စက်လက်နဲ့ အိမ်ကိုပြန်လာခဲ့တယ်။

နှင်းဥဖြူတို့ မိသားစုကတော့ အသက်ရှင်ပြီး ပြန်လာတဲ့ သင်္ဘောပြန်တွေက ပြောလို့ နွဲ့ရီအဖေ ဆုံးကြောင်း သိခဲ့တယ်။

'နွဲ့ရီ… လာ… လာ… အိမ်ထဲကိုဝင်တော့'

နှင်းဥဖြူတို့က နွဲ့ရီကို အိမ်ထဲခေါ်ခဲ့တယ်။

'နှင်းဦးရယ်'

နွဲ့ရီက နှင်းဥကိုဖက်ပြီး အားရပါးရ ငိုချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဟီး… အဟီး… ဟီး… အဖေတော့ ပင်လယ်ထဲမှာ သေပြီးကျန်ရစ်ခဲ့ပြီနဲ့ တူပါရဲ့ နှင်းဥရယ်'

'ဦးလေး ပြန်လာရင် လာမှာပေါ့၊ မနက်ဖြန် ထွက်စောင့်ကြတာပေါ့'

နှင်းဥဖြူက ဒီစကားပြောပြီး အားပေးလိုက်တယ်။

'မလာနိုင်တော့ဘူး နှင်းဥရယ်၊ အစ်မ မျက်စိနဲ့ သေသေချာချာ အဖေ့ကို တွေ့လိုက်ရတယ်၊ အဖေ သေပြီ၊ အစ်မ သိအောင် ခုနက ကိုယ်ထင်ပြတာဖြစ်မယ်'

'ဘယ်လိုပြတာလဲ'

'အဖေလေ ဂါးဖောင်ကြီးနဲ့ ပြန်လာတာ တွေ့လိုက်ရတယ်၊ အစ်မက ပြေးသွားတော့ အမည်းမှောင်ကြီး ကျသွားတယ်၊ အစ်မ သိတယ်၊ အဖေဟာ အစ်မကို တစ်ဦးတည်းသော သမီးလေးမို့ စိတ်မချလို့ ပြန်လာတာဖြစ်မယ်၊ အဟီး… အဟီး…'

နွဲ့ရီမှာ တစ်ညလုံး ချုံးပွဲချ ငိုကြွေးခဲ့တယ်။ နှင်းဥဖြူတို့ မိသားစုက ချော့မော့ခဲ့ကြတယ်။ ဒါပေမဲ့ သူမဟာ အရမ်းစိတ်





ထိခိုက်ပြီး တစ်ချက်တစ်ချက် စိတ်လွတ်သွားတယ်။ ညနေစောင်းတာနဲ့…

'အဖေ ပြန်လာပြီ၊ အဖေ ပြန်လာပြီ'

လို့ပြောပြီး ကမ်းစပ်ကို ပြေးသွားတယ်။

သူဟာ ကမ်းစပ်ကို ရောက်တာနဲ့…

'အဖေရေ… လာပါ၊ သမီး ရောက်နေပြီ'

ဆိုပြီး အော်တော့တာပဲ။

ပြီးတော့…

'ဟော… အဖေလာပြီ၊ အဖေရေ… သမီးတစ်ယောက်တည်း မထားခဲ့ပါနဲ့၊ သမီးကို ခေါ်သွားပါတော့'

နွဲ့ရီဟာ ပြောပြောဆိုဆိုနဲ့ ငိုတော့တာပဲ။

နောက်တော့ သူဟာ တကယ်ပဲ ရူးသွပ်သွားခဲ့တယ်။

ညနေတိုင်းမှာ သူ့အဖေကို သူ တွေ့ရတယ်တဲ့။

'ဟော… အဖေ လာပြီ၊ အဖေ ထမင်းစားနော်၊ သမီး ထမင်းထုပ်လာတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို နွဲ့ရီဟာ ယမင်းထုပ်ယူလာပြီး ကမ်းစပ်မှာ ချကျွေးခဲ့တယ်။ လူတွေကတော့ နွဲ့ရီတစ်ယောက်တည်း စကားပြောနေတာ တွေ့ရတယ်။

နွဲ့ရီကို မြင်ရတဲ့သူတိုင်း ကရုဏာသက်ကြတယ်။

သူမဟာ ရူးသွပ်နေလို့လား မသိဘူး။ သူမဟာ သူ့အဖေကို မြင်တွေ့နေရတယ်လို့ ပြောတယ်။ အရူးစကားဆိုတော့ ဘယ်လို အာသည့်ယူလို့ရမှာလဲ။

ဒါပေမဲ့ နွဲ့ရီဟာ တစ်ယောက်တည်း ကျန်နေတဲ့ဘဝကို ငြီးငွေ့တယ်။

'အဖေရယ်… သမီးကို ခေါ်ပါနော်၊ သမီးတစ်ယောက်တည်း မနေချင်ဘူး'

အဲဒီလိုပြောပြီး ငိုနေတော့တာပဲ။

❑ ❑ ❑



အခန်း(၇)

## နှင်းဆီပန်းနှင့် ပီညာဦးခေါင်းခွံသူ

က်ကြမ္မာကပဲ ငြိုးမာန့်ဖွဲ့ ရက်စက်ခဲ့လေသလားလို့ မပြောတတ်အောင်ပါပဲ။

ဒီနေ့ နွဲ့ရီရဲ့ မျက်နှာကလေးဟာ ခါတိုင်း နေ့တွေနဲ့မတူဘဲ လန်းလန်းဆန်းဆန်း ဖြစ်နေတယ်။ အမြဲတမ်း ငိုမဲ့မဲ့ဖြစ်နေတဲ့ မျက်နှာလေး မဟုတ်တော့ဘဲ ပြုံးပြုံးရွှင်ရွှင်နဲ့ နှင်းဥဖြူရဲ့ အိပ်ခန်းထဲကို ဝင်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညကိုးနာရီကျော်ပြီမို့ နှင်းဥဖြူလည်း အိပ်တော့မယ်အလုပ်မှာ ထူးထူးခြားခြား အဝတ်အစားအသစ်တွေ ဝတ်ထားတဲ့ နွဲ့ရီကို မြင်လိုက်တယ်ဆိုရင်ပဲ အံ့သြသွားခဲ့တယ်။

'အစ်မ… ညကြီးမင်းကြီးမှာ အဝတ်အစား အသစ်တွေနဲ့ပါလား'

'ဟုတ်တယ် ညီမလေးရဲ့၊ ဒီနေ့ညနေ ကမ်းစပ်မှာ အဖေနဲ့ တွေ့တယ်၊ အဖေက လာခေါ်မယ်တဲ့'

'အစ်မရယ်… ဦးလေးက သေသွားပြီပဲ၊ ဘယ်လိုခေါ်နိုင်မှာလဲ'

'ခေါ်နိုင်တယ် ညီမရဲ့၊ အဖေက ပင်လယ်နဲ့ ဒီရွာကို ကူးချည်သန်းချည် နေတာတဲ့၊ အစ်မက တငိုငို တရယ်ရယ်ဖြစ်နေတာတွေတော့ အဖေက သနားပြီး သူတို့ရဲ့လူကြီးဆီမှာ အစ်မကိုခေါ်ဖို့ ခွင့်တောင်းခဲ့တယ်၊ အခု အမိန့်ကျပြီ၊ အစ်မက အဖေဆီ လိုက်သွားတော့မှာမို့ အဝတ်အစားအသစ်လဲပြီး စောင့်နေတာ'





'အစ်မရယ်… မဟုတ်တာတွေ မပြောပါနဲ့၊ ဦးလေးဆီကို ဘယ်လိုလုပ် လိုက်လို့ရမှာလဲ'

'သြော်… တယ်ခက်ပါလား၊

'လိုက်လို့ရပါတယ်ဆိုနေမှ၊ နင်တို့ စောင့်ကြည့်၊ ငါ့ကို တကယ်လာခေါ်မှာ၊ သိလား'

စိတ်မနှံ့သူတစ်ဦးနှင့် ယှဉ်ပြိုင်မပြောလို၍ နှင်းဥဖြူက အလျှော့ပေးကာ…

'အစ်မပြောတာ ဟုတ်ပါတယ်၊ ဦးလေးက အစ်မကို သိပ်ချစ်တော့ လာခေါ်မှာပါ'

ဒီလိုပြောပြီး နှစ်သိမ့်လိုက်တယ်။

'အစ်မကို အဖေက လာခေါ်မယ်ဆိုတော့ အစ်မ အရမ်းဝမ်းသာတယ်'

'ဟုတ်တာပေါ့'

'အစ်မလည်း အဖေနဲ့ အတူတူနေချင်တာပေါ့၊ အဖေနဲ့ ခွဲနေရတာ အရမ်းလွမ်းတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်မ ဦးလေးနဲ့ လိုက်သွားရင် ညီမတို့ကို မေ့သွားမှာလား'

'မမေ့ပါဘူး ညီမရယ်၊ အဖေနဲ့နေပေမယ့် ညီမကို သတိရတဲ့အခါ ရွာကို ပြန်လာမှာပေါ့'

'ကဲ... ညဉ့်နက်ပြီ၊ အစ်မ အိပ်တော့နော်'

'အေး... အေး...'

နွဲ့ရီက ဒီလိုပြောပြီး သူ့ရဲ့အိပ်ခန်းဆီမှာ ပြန်ပြီးအိပ်လိုက်တယ်။

အဲဒီနေ့ညက နှင်းဥဖြူလည်း အရမ်းအိပ်ချင်လိုက်တာ မျက်လုံးတောင် မဖွင့်နိုင်ဘူး။ နွဲ့ရီသွားပြီး ခဏမှာ အိပ်ပျော်သွားခဲ့တယ်။ နံနက်မိုးလင်းမှပဲ တစ်ရေးနိုးခဲ့တယ်။

နိုးနိုးချင်း နွဲ့ရီရဲ့ အခန်းကို သွားကြည့်တော့ နွဲ့ရီ မရှိတော့ဘူး။

'ဩော်... ဒီနေ့မှပဲ အစ်မက အရင်နိုးပြီး ပျောက်သွားနေပြီ ထင်ပါရဲ့၊ ငါ လိုက်ကြည့်ဦးမှပဲ'





သူမက ဒီလိုအတွေးနဲ့ မျက်နှာသစ်ပြီး အိမ်အနီးအနားမှာ ရှာခဲ့တယ်။ မတွေ့ရဘူး။

'အစ်မ ဘယ်တွေလျှောက်သွားနေပါလိမ့်'

ဒီလိုတွေးပြီး ကမ်းစပ်ဘက်ကို လျှောက်အလာ...

'နှင်းဥရေ... နင့်အစ်မ နွဲ့ရီ ကမ်းစပ်က ကုက္ကိုပင်မှာ ဆွဲကြိုးချပြီး သေနေတယ်'

'အောင်မယ်လေး... ဒုက္ခပါပဲ'

နှင်းဥဖြူလည်း လန့်လန့်ဖျပ်ဖျပ်ဖြစ်သွားပြီး ကမ်းစပ်ဆီကို အပြေးသွားလိုက်တာ ဘယ်လိုလုပ်ပြီး ရောက်သွားမှန်းတောင် မသိဘူး။

ဟော... တွေ့ပါပြီ။

ကုက္ကိုပင်ရဲ့ အောက်ဆုံးက အကိုင်းမှာ ကြိုးတန်းလန်းနဲ့ သေဆုံးနေတဲ့ နွဲ့ရီရဲ့ရုပ်အလောင်းကို တွေ့လိုက်ရတယ်။

'အစ်မရယ်... အဖြစ်ဆိုးလိုက်တာ၊ ဖြစ်မှဖြစ်ရလေ'

နှင်းဥဟာ နွဲ့ရီရဲ့ ရုပ်အလောင်းကို မြင်ရတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလွန်းလို့ ရင်ဆို့သွားခဲ့တယ်။ နွဲ့ရီရဲ့ အလောင်းကို သေသေချာချာကြည့်လိုက်တော့ မနေ့ညက ဝတ်ထားတဲ့ အစိမ်းရောင် ဝတ်စုံအသစ်ကလေးနဲ့။

'အစ်မရယ်… တကယ်ပဲ ဦးလေးရဲ့နောက်ကို လိုက်သွားခဲ့ပြီလား'

နွဲ့ရီရဲ့ အလောင်းနားမှာ နှင်းဥဖြူဟာ အော်ဟစ်ငိုကြွေးလိုက်တယ်။ ရွာထဲကလူတွေ သိသွားပြီး ကမ်းစပ်ကို ရောက်လာကြတယ်။

အဲဒီထဲမှာ နှင်းဥဖြူရဲ့အဖေလည်း ပါတယ်။ နွဲ့ရီဆိုရင် ဦးလေးတော်တာပေါ့။

နှင်းဥဖြူရဲ့အဖေက…

'ငါ့တူမလေးရဲ့ အလောင်းကို ဖြုတ်ပေးကြပါ'

'ဟုတ်ကဲ့ ဦးလေး'

ကာလသားတစ်သိုက်က နွဲ့ရီရဲ့အလောင်းကို ဖြုတ်ပေးလိုက်တယ်။





'ငါ့တူမလေး အဖြစ်ဆိုးလိုက်တာ'

ဦးလေးအပါအဝင် တစ်ရွာလုံး စိတ်မကောင်းဖြစ်ခဲ့ရ တယ်။ နွဲ့ရီဟာ ရွာထဲမှာ အလှူအတန်း၊ သာရေး နာရေးမှာ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ပေးခဲ့သလို စိတ်သဘောထား ကောင်းသူလည်း ဖြစ်တယ်။

အခုလို အဖြစ်ဆိုးနဲ့ သေဆုံးခဲ့ရတဲ့အတွက် တစ်ရွာလုံး က စာနာပြီး အားလုံးဝိုင်းဝန်းလုပ်ပေးခဲ့တယ်။

နွဲ့ရီရဲ့ အသုဘမှာ နှင်းဥဖြူက ထိုနေ့ညက အဖြစ် ပျက်တွေကို ပြောပြခဲ့တယ်။

'အစ်မက ဒီနေ့ညက အစိမ်းရောင် အဝတ်အစားအသစ် ကျွန်မဆီကို လာခဲ့တယ်၊ သူ့အဖေ လာခေါ်နေလို့ သူ လိုက် သွားမယ်လို့ ကျွန်မကို ပြောတယ်'

'ဒီတော့ နှင်းဥက ဘာပြောလိုက်လဲ'

'မဖြစ်နိုင်ဘူးလို့ ပြောတော့ သူက စိတ်ဆိုးတယ်၊ ကြောင့် အလိုက်အထိုက် ပြောလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... သူက စိတ်မနှံ့တဲ့သူဆိုတော့ သူ့အဖေကို သူ့ရဲ့ စိတ်အာရုံမှာ မြင်နေရသလားမှ မသိတာ'

'ဟုတ်မယ်၊ ဟုတ်မယ်၊ ဦးလေးကလည်း သူ့သမီးကို စိတ်စွဲပြီး မကျွတ်မလွတ်တဲ့ဘဝကို ရောက်ချင် ရောက်သွားမှာ'

'ဒီကိစ္စတွေက ဆန်းတယ်၊ မဟုတ်မှလွဲရော၊ သူ့အဖေ လာခေါ်တဲ့နောက်ကို လိုက်သွားတာနေမှာ'

ဒီလိုပြောတဲ့သူက ပြောတယ်။

တချို့ကလည်း...

'နှံ့ရီက စိတ်ဝေဒနာရှင်ဆိုတော့ သူ ထင်ရာမြင်ရာ ပြောမှာပေါ့၊ သူ့အဖေ လာခေါ်တယ်ထင်ပြီး ဆွဲကြိုးချ သတ်သေ သွားတာနေမှာ'

'ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ ဟိုဘဝက ဝဋ်ကြွေးရှိလို့ပဲ'

'နှံ့ရီလေးဘဝက သနားစရာပါပဲ'

နှံ့ရီအကြောင်း တစ်ယောက်တစ်ပေါက် ပြောခဲ့ကြ





တယ်။ တစ်ရွာလုံးက နှံ့ရီကို ချစ်လည်း ချစ်တယ်။ သနားလည်း သနားကြတယ်။ အခုလို အဖြစ်ဆိုးနဲ့ တွေ့ကြုံရတော့ ပြောမဆုံး ပါင် တောသုံးထောင်ဆိုတာမျိုး ဖြစ်နေတယ်။

နှံ့ရီရဲ့ အသုဘကို သုံးရက်မြောက်တဲ့နေ့မှာ အသုဘချ ကြတယ်။ ရွာဓလေ့အရ အခေါင်းထမ်းတဲ့သူတွေကို ရဲဆေးတင် တဲ့အနေနဲ့ အရက်တိုက်ခဲ့ကြတယ်။ ဒီတော့မှ ရဲဆေးနဲ့အတူ ရဲ့ရင့်ရင့် အလောင်းကို ထမ်းသွားကြတယ်။

အလောင်းကို စတင်ထမ်းသွားနဲ့ ရွာရဲ့ တုံးစံလိုဖြစ်နေ ဲ အလောင်းကစားခြင်းကို စတော့တာပဲ။ အလောင်းကစားခြင်း တာက အလောင်းစင်ကို လူလေးယောက်ထမ်းပြီး...

'ဟေး... ဟေး... ဟေး...'

'ဟား... ဟား... ဟား...'

ထိုသို့ အော်ဟစ်ကာ အလောင်းစင်ကိုထမ်းရင်း ဟိုဘက် က် လှည့်ကစားလိုက်သည်။ နာရေးကိစ္စတွင် အလောင်းထမ်း များကြောင့် အရက်၏အရှိန်ကြောင့် မူးနေသဖြင့် ဤသို့



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကစားခြင်းမှာ သူတို့အတွက် ခလေ့လိုလို ဖြစ်နေတယ်။ ဤကိစ္စကို တချို့သော အသုဘရှင်များက မကြိုက်ပေ။

သို့သော်လည်း အလောင်းထမ်းသူ ရှားသဖြင့် မကြိုက်သော်လည်း မပြောကြပေ။ ထိုသို့ဖြင့် နွံ့ရီ၏အသုဘကို ကစားနေစဉ် ငှင်းတို့ဘေးနားမှ လိုက်လာသော ကာလသားခေါင်းကြွက်နီမှာ ၄င်းတို့နည်းတူ အရက်သောက်လာခဲ့သည်။

သူသည် အလောင်းကစားနေသည်ကို ကြည့်ရင်း ကြည့်ရင်း မူးဝေဖြစ်ကာ သူ၏နှုတ်မှ…

'ဟေ့ကောင်တွေ… ငါ့သမီးကို အလောင်းမကစားနဲ့၊ ကောင်းကောင်းမွန်မွန် သွားပါစေ'

ဟူ၍ လွှတ်ခနဲ ထွက်သွားတော့တယ်။ သူ့အပြောက နွံ့ရီရဲ့အဖေ ပြောလိုက်တဲ့ အသံအတိုင်းပဲ။

အခေါင်းကို ထမ်းနေတဲ့ ကာလသားလေးယောက်မှာလည်း ကာလသားခေါင်း၏ ဟိန်းဟောက်ပြောဆိုတာကြောင့် နွံ့ရီရဲ့အဖေ စီးပြီးပြောတယ်ထင်လို့ လန့်သွားပြီး မကစားတော့





ဘဲ ခပ်မှန်မှန် သင်္ချိုင်းသို့ထမ်းသွားခဲ့တယ်။ ဒီလိုနဲ့ နွံ့ရီကိုမြှုပ်မယ့်တွင်းဆီကို ရောက်သွားခဲ့တယ်။

ဘုန်းတော်ကြီးက သရဏဂုံတင်ပြီးနောက် မြေမြှုပ်ဖို့တွင်းထဲကို ချလိုက်တယ်။ ပြီးတော့ မြေကြီးတွေနဲ့ ဖုံးအုပ်စဉ်မှာ နှင်းဥဖြူက…

'အစ်မရေ… အစ်မရဲ့၊ ညီမတို့ကို ခွဲသွားပြီလား'

ဝမ်းနည်းကြေကွဲစွာနဲ့ အော်ငိုလိုက်တယ်။

အဲဒီအချိန်မှာ အိမ်နားကအဒေါ်ကြီးက နှင်းဥဖြူကို နှင်းဆီပန်းတစ်ပွင့်ပေးပြီး…

'ရက်လည်တဲ့နေ့မှာ တရားနာဖို့ နွံ့ရီကို နှင်းဆီပန်းနဲ့ ရိုက်ပြီး ခေါ်ခဲ့'

လို့ ပြောပြီး နှင်းဥဖြူကို နှင်းဆီပန်းနီနီရဲရဲကလေး တစ်ပွင့် ပေးလိုက်တယ်။ ရွာမှာက သေတဲ့လူရဲ့ ဝိညာဉ်ကို အသုဘချတဲ့နေ့မှာ ပန်းနဲ့ရိုက်ပြီးခေါ်တဲ့ဓလေ့ ရှိကြတယ်။

နှင်းဥဖြူတို့ အိမ်မှာနေရင်း သေသွားတာကြောင့် နှင်းဥ



www.burmeseclassic.com

www.burmeseclassic.com



ဖြူတို့ မိသားစုအိမ်မှာ ရက်လည်လုပ်ရမှာ ဖြစ်တယ်။ ဒါကြောင့် ရွာစလေ ရပ်စလေလို ဖြစ်နေတဲ့အတွက်။

လက်ထဲကိုလာပေးတဲ့ နှင်းဆီပန်းကို လှမ်းယူပြီး...

'အစ်မနွဲ့ရီရေ... ကျွန်မတို့နဲ့အတူတူ အိမ်ကိုလိုက်ခဲ့ပါ နော်'

လို့ ပြောပြောဆိုဆိုနဲ့ မြေကြီးပုံပေါ်ကို နှင်းဆီပန်းနဲ့ အသက်အောင့်ပြီး သုံးကြိမ်ရိုက်လိုက်တယ်။ ပြီးတော့ အတူတူ လိုက်ခဲ့ဖို့ သုံးကြိမ်သုံးခါ ခေါ်ရတယ်။

အားလုံးပြီးသွားတော့ နှင်းဥဖြူက နှင်းဆီပန်းကိုကိုင် ကာ လူတွေနဲ့ဝေးတဲ့နေရာကို သွားထိုင်နေလိုက်တယ်။ ဒီလို ခပ်ဝေးဝေးသွားနေတာ အကြောင်းရှိတယ်။

နှင်းဆီပန်းနဲ့ ဝိညာဉ်ခေါ်တဲ့လူဟာ အိမ်မရောက်မချင်း ဘယ်သူနဲ့မှ စကားမပြောရဘူး။ အိမ်ရောက်ပြီး ရေတစ်ဝက်ခန့် ထည့်ထားတဲ့ ဖန်ခွက်ထဲမှာ ထိုးစိုက်လို့ နေရာချပြီးမှ စကားပြော ရတယ်။ ဒါဟာ သူတို့ရဲ့ အယူအဆတွေပဲ။





ဒါကြောင့် ခပ်လှမ်းလှမ်းမှာ ထိုင်နေရင်း နှင်းဥဖြူဟာ အခြေအနေကို စောင့်ကြည့်နေတယ်။ သူ့ဆီကို လူတွေလာပြီး စကားပြောမှာကို စိုးရိမ်နေတယ်။ အားလုံးပြီးသွားတော့မှ သူ ဖခင်နဲ့အတူ အိမ်ကိုပြန်လာခဲ့တယ်။

အိမ်ရောက်တဲ့အခါမှာ ရေတစ်ဝက်ခန့်ထည့်ထားတဲ့ ဖန်ခွက်ထဲကို အဲဒီ နှင်းဆီပန်းကလေး ထိုးစိုက်ပြီး...

'အစ်မရေ... အစ်မအတွက် နေရာပေးပါတယ်၊ အစ်မ ဒီမှာနေပါ'

လို့ ပြောလိုက်တယ်။ နှင်းဥဖြူကတော့ ဒီလိုပြောလိုက် ရတာ တာဝန်ကျေသွားသလိုပဲ။

တိုက်ဆိုင်တာလားတော့ မသိနိုင်ဘူး။

အဲဒီနေ့ညကစပြီး ညညမှာ ညဉ့်နက်ပြီဆိုတာနဲ့ အပုပ်နံ့ ရတယ်။ အိုးတွေ ခွက်တွေလှုပ်တဲ့အသံတွေကို ကြားရတယ်။

ဒီလိုနဲ့ ရက်လည်တဲ့နေ့မှာ နွဲ့ရီအတွက် ဘုန်းကြီးငါးပါး နဲ့ ဆွမ်းသွတ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အမျှအတန်းဝေခဲ့တယ်။

အားလုံးပြီးစီးသွားတဲ့အတွက် နှင်းဆီပန်းကို လှွင့်ပစ်ရ တော့မယ်။ တကယ်ဆိုရင် သချိုင်းကခေါ်လာတဲ့ နွဲ့ရီရဲ့ဝိညာဉ် ကို သချိုင်းထဲမှာပဲ ပြန်ပြီး စွန့်ပစ်ရမှာပါ။

ဒါပေမဲ့ နှင်းဥဖြူလည်း…

'ငါတစ်ယောက်တည်း သချိုင်းကိုသွားရမှာ ကြောက် တယ်'

ဒီလိုအတွေး ဝင်လာခဲ့တယ်။

'ဘာပဲဖြစ်ဖြစ် ပင်လယ်ကမ်းစပ်နဲ့နီးတာပဲ၊ ပင်လယ်ထဲ ပဲ စွန့်ပစ်လိုက်တာ ကောင်းပါတယ်'

နှင်းဥဖြူက ဒီလိုတွေးပြီး ကမ်းစပ်ဆီကို သွားခဲ့တယ်။ ကမ်းစပ်ကနေ လှိုင်းကလေးတွေ ပုတ်ခတ်နေတဲ့နေရာဆီအထိ ရေထဲဆင်းသွားပြီး…

'အစ်မရေ… သွားပေတော့'

လို့ ပြောပြီး ရေထဲမှာ မျှောလိုက်တယ်။





နှင်းဆီပန်းကလေးက လှိုင်းကလေးနဲ့အတူ အဝေးသို့ မျောသွားခဲ့တယ်။ ပြီးတော့ ကမ်းစပ်ကို ပြန်လာတယ်။ ဒီလိုနဲ့ ကမ်းစပ်ကို သုံး၊ လေးခါ ပြန်ရိုက်ပြီးမှ အဝေးကိုမျောသွားတယ်။

'အစ်မရေ… ကောင်းရာသုဂတိ ရောက်ပါစေ'

နှင်းဥဖြူဟာ မျက်ရည်များနဲ့ ဆုတောင်းလိုက်တယ်။

ညီအစ်မအရင်းသဖွယ် အတူနေခဲ့တဲ့ နွဲ့ရီတစ်ယောက် ရုတ်တရက် ကွယ်လွန်သွားတဲ့အတွက် နှင်းဥဖြူမှာ ပူဆွေးဝမ်း နည်းခဲ့တယ်။

ဒီလိုနဲ့ နှင်းဆီပန်းကို စွန့်ပစ်ပြီး သုံးရက်ခန့်အကြာမှာ ညဥ့်ဆယ်နာရီထိုးအချိန်မှာ ရွာရဲ့ကမ်းစပ်ဘက်က ခွေးတွေအူလာ တယ်။

'အူး… အူး… အူး…'

အဲဒီနေ့က ရွာဘက်ကိုဆက်ပြီး အူလာတယ်။

'အူး… အူး… အူး…'

ခွေးတွေဟာ နှင်းဥဖြူတို့အိမ်ဘက်ကို ရောက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို မြင်တွေ့သလို သဲသဲမဲမဲ ထိုးထိုးပြီး ဟောင်ခဲ့တယ်။

'ဝုတ်...'

'ဝုတ်...'

'ဝုတ်...'

နှင်းဥဖြူ အိပ်မပျော်နိုင်သေးပါ။

'ခွေးတွေက ဘာကြောင့် ဒီလောက်တောင် ဟောင်ရပါလိမ့်'

ဒီလို တွေးနေစဉ်မှာ အိမ်ဘေးကထရံကို လက်နဲ့ပုတ်တဲ့အသံ ကြားလိုက်ရတယ်။

'ဘုန်း...'

'ဘုန်း...'

'ဘုန်း...'

'ဟင်... ဒီအချိန်ကြီးမှာ ထရံကို ဘယ်သူ လက်နဲ့ပုတ်ပါလိမ့်'





'အောင်မယ်လေး... အစ်မနွဲ့ရီ တစ္ဆေဖြစ်ပြီးလာခြောက်တာလား မသိဘူး'

နှင်းဥဖြူက တွေးရင်း လန့်လာတယ်။

အဲဒီအချိန်မှာ အပုပ်နံ့ဟာ သူ့နံဘေးမှာ ထောင်းခနဲနံသွားတယ်။ ပုပ်ဟောင်နေတဲ့သူတစ်ယောက် အနားမှာ ရောက်လာသလို ခံစားရတယ်။ နှင်းဥဖြူရဲ့ နံဘေးနားမှာနေတဲ့ ကြောင်ကလေးဟာ ရုတ်တရက် တစ်ခုခုကို တွေ့လိုက်သလို...

'ညောင်'ဆိုတဲ့ အော်သံပေးပြီး အဲဒီနားက ပြေးသွားခဲ့တယ်။ ဒါကြောင့် နှင်းဥဖြူလည်း ကြောက်ကြောက်နဲ့ ခေါင်းမြီးခြုံပြီး အိပ်လိုက်တယ်။

ကြက်လျှောက်တာလား၊ တစ္ဆေခြောက်တာလား။ အိပ်ခန်းအပြင်ဘက်က ခြေသံလိုလို တရှပ်ရှပ်နဲ့ လမ်းလျှောက်နေသံတွေ ကြားရတယ်။

'အစ်မနွဲ့ရီရဲ့ ဝိညာဉ်များလား'

ဒီလို စိတ်ထဲမှာစွဲပြီး ကြောက်လိုက်တာ တုန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တဖြည်းဖြည်း ညှို့နက်လာတော့ နှင်းဥဖြူလည်း အိပ်ပျော်သွားတယ်။

နီးတစ်ဝက် အိပ်တစ်ဝက် မှေးခနဲအိပ်ပျော်သလိုလိုအချိန်မှာ အစ်မနဲ့ရိုဟာ အစိမ်းရောင်ဝတ်စုံကလေးနဲ့ နှင်းဥဖြူဆီကို ရောက်လာခဲ့တယ်။ ဒါပေမဲ့ သူ့လည်ပင်းက အ            သည်ကြီးဖြစ်နေတယ်။

'အစ်မ… အစ်မရဲ့လည်ပင်းက ဘာဖြစ်လို့ အရှည်ကြီး ဖြစ်နေရတာလဲ'

'လည်ပင်းမှာ ကြိုးဆွဲချတော့ လည်ပင်းက အရှည်ကြီး ဖြစ်သွားတာပေါ့'

'အစ်မ အခု ဘယ်ရောက်နေလဲ'

'အစ်မ အခု နေစရာမရှိလို့ လမ်းပေါ်မှာနေရတယ်'

'ဘာဖြစ်လို့ နေစရာမရှိတာလဲ'

'နင်ပဲ ငါ့ကို နှင်းဆီပန်းနဲ့ရိုက်ပြီးခေါ်လို့ လိုက်လာတာလေ'





'ဪ… ဒါက အစ်မကို ဆွမ်းသွတ်မှာ အမျှအတန်း ဝေပြီး ကျွတ်စေချင်လို့ပါ'

'ညီမရယ်… အစ်မမှာ အကုသိုလ်ကံက တော်တော်များပါတယ်၊ အမျှအတန်းကို မရပါဘူး၊ ဒါ့အပြင် ညီမက အစ်မရဲ့ ဝိညာဉ်ကို ခေါ်ထားပြီး ပင်လယ်ထဲကိုလွှင့်ပစ်တော့ အစ်မမှာ နေစရာမရှိဘဲ လျှောက်သွားနေတာပေါ့'

'ဖြစ်မှဖြစ်ရလေ အစ်မရယ်၊ ကောင်းစေချင်လို့ပါ၊ ညီမကြောင့် ပိုဆိုးနေသလို ဖြစ်သွားပြီ'

'အစ်မတော့ ဒီလိုပဲ လျှောက်သွားနေရတာ သိစေချင်လို့'

'စိတ်မကောင်းလိုက်တာ အစ်မရယ်'

'ကဲ… အစ်မ သွားပြီ'

ဒီလိုပြောပြီး အခန်းကို လက်နဲ့ပုတ်ပြီး ထွက်သွားတယ်။ အိမ်ထဲကလည်း ထွက်သွားရော နံ့ရိရဲ့ပုံသဏ္ဌာန်ဟာ အလွန်ကြောက်မက်ဖွယ်ကောင်းတဲ့ ရုပ်အသွင်ကို ပြောင်းသွားတယ်။ အရပ်ကြီးကလည်း အရှည်ကြီးပဲ။ လေထဲမှာ တလွင့်လွင့်မျောရင်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်းစပ်ဘက်ကို သွားနေတာ တွေ့လိုက်ရတယ်။

သူနဲ့အတူ အပုပ်နံ့တွေလည်း ပျောက်သွားတယ်။

အဲဒီတော့မှ နှင်းဥဖြူ လန့်နိုးလာခဲ့တယ်။

အိပ်မက်က ထင်ရှားလွန်းလို့ တကယ်လား၊ အဟုတ်လား၊ တကယ်ပင် ဖြစ်ပျက်နေသလားလို့တောင် ထင်ရှယ်။

မနက်မိုးလင်းတော့ အိပ်မက်ကို သူမရဲ့အဖေကို ပြောပြတယ်။

'သမီး စိတ်စွဲလို့နေမှာပါ' လို့ ပြောတယ်။

ဒါပေမဲ့ နှင်းဥဖြူကိုယ်တိုင်က ဒီပန်းကိုယူလာပြီး သချိုင်းမှာ ပြန်မထားမိခဲ့ဘူး။ ဝိညာဉ်တစ်ခုကိုခေါ်ပြီး ပြန်မထားဖြစ်တာ အပြစ်တစ်ခု..းလို့ သူကိုယ်သူ ဆန်းစစ်မိတယ်။

နှင်းဥဖြူရဲ့ စိတ်ထဲမှာ…

'ငါ့ကြောင့် အစ်မရဲ့ဝိညာဉ်ဟာ တွယ်ရာမဲ့ လေလွင့်ဝိညာဉ် ဖြစ်နေတယ်' လို့ တွေးပြီး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ နှင်းဥဖြူရဲ့ အဖေကတော့…





'သူကို ဆွမ်းသွတ်အမျှဝေပြီးပြီပဲ၊ သမီး စိတ်စွဲလို့ဖြစ်မှာပါ'

လို့ ပြောတယ်။ နှင်းဥဖြူနဲ့ သူ့အဖေတို့နှစ်ဦးဟာ နွဲ့ရီ ဝိညာဉ်အကြောင်းနဲ့ပ..်သက်ပြီး အယူအဆကွဲပြားကာ ဝိရောဓိ ဖြစ်ခဲ့တယ်။ ဒီလိုနဲ့ တစ်ပတ်လောက်အကြာမှာ ပြဿနာတစ်ခု စတင်ဖြစ်ပွားခဲ့တယ်။

လဆန်းသုံးရက်ည ခုံးမျက်စ လ..ကွေးကွေး လရောင် အလင်းကလေး မှိန်တမှိန်မှာ ကမ်းစပ်မှာ လှေသမားတွေ မအိပ်ကြသေးဘဲ ရောက်တတ်ရာရာ စကားပြောနေကြတယ်။

အဲဒီအချိန်မှာ ရေထဲကနေပြီး ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်ဟာ ကမ်းစပ်ကို တက်လာခဲ့တယ်။

ဒီတော့ စကားပြောနေကြတဲ့ လှေသမားများက ညကြီးအချိန်မတော်မှာ ဆံပင်ဖားလျားနဲ့ ရေထဲကလာတဲ့ အမျိုးသမီးကို အံ့သြကြီးစွာနဲ့ ကြည့်လိုက်တယ်။

'ဟာ… နွဲ့ရီပါလား'



www.burmeseclassic.com

'ဟင်… နွဲ့ရီက သေပြီးပြီပဲ'

'မကျွတ်မလွတ်ဘူးနဲ့ တူတယ်'

သူတို့ ကြည့်နေစဉ်မှာ အဲဒီသဏ္ဍာန်ဟာ ဆွဲကြိုးချသေတဲ့ ကုက္ကိုပင်ကြီးဆီကို သွားနေတာ တွေ့လိုက်တယ်။

'ဟော… ကုက္ကိုပင်နောက်ကို ဝင်သွားပြီ'

'လိုက်ကြည့်ကြရအောင်'

လှေသမားတွေက ကုက္ကိုပင်ကြီးနားကို လိုက်ကြည့်ခဲ့ကြတယ်။

'ဟင်… ဘာမှမရှိပါလား'

'ဟုတ်တယ်၊ ဘာမှမတွေ့ရဘူး'

'ဒါဆို နွဲ့ရီတစ္ဆေ ခြောက်တာပေါ့'

တစ်ယောက်တစ်ပေါက် အမျိုးမျိုး ပြောဆိုခဲ့ကြတယ်။

တချို့ကလည်း ညဘက်မှာ ကုက္ကိုပင်ကြီးနားမှာ မိန်းမတစ်ယောက် မတ်တက်ရပ်နေတယ်တဲ့။ အနီးအနား သွားကြည့်တော့မှ ဘာမှမတွေ့ရဘူးလို့ ပြောတယ်။





ရေထဲကတက်လာတဲ့ မိန်းမကို လှေသားတွေက မကြာ-ကြာ တွေ့ကြရသတဲ့။

တွေ့ရတဲ့အချိန်ဟာလည်း အလင်းအမှောင် သိပ်မသဲကွဲတဲ့ ညမျိုးမှာ တွေ့ရတတ်တယ်။

ညရဲ့ အလင်းအမှောင် လှည့်စားခြင်းပေလား။

နွဲ့ရီ တစ္ဆေခြောက်တာလားဆိုတာ ဒွိဟဖြစ်နေကြတယ်။ ဒါပေမဲ့ အားလုံးကတော့ နွဲ့ရီဟာ မကျွတ်မလွတ်လို့ အမျှအတန်း ရယူချင်လို့ အရိပ်အယောင်ပြတာများ ဖြစ်လေမလားလို့ ပြောကြတယ်။

'အဖေ… အစ်မနွဲ့ရီဟာ မကျွတ်မလွတ်တဲ့ ဘဝမျိုးမှာ ရောက်နေသလား မသိဘူး၊ ခဏခဏ ရေထဲကတက်လာတယ်လို့ ပြောတယ်'

'ဟုတ်တယ် သမီး၊ အဖေလည်း နားမဆံ့အောင် ကြားရတယ်'

'အဖေ… သမီးရဲ့စိတ်ထဲမှာ တာဝန်မကင်းဘူးလို့ ယူဆ

www.burmeseclassic.com



တယ်၊ တကယ်တော့ ဝိညာဉ်ကို ဖန်နဲ့ရိုက်ပြီး ခေါ်ခဲ့တာ သမီး ပါ၊ ဒါပေမဲ့ သမီးဟာ ဝိညာဉ်ကို ပြန်မပို့ဘဲ ပြီးစလွယ် ရေထဲ မျှောလိုက်တဲ့အတွက် သူ့ရဲ့ဝိညာဉ်ဟာ နားခိုရာမဲ့ဘဝကို ရောက်နေ တာလားဆိုတာ သံသယရှိတယ် အဖေ'

'ဖြစ်နိုင်တယ် သမီး… ဒါကြောင့် သမီးကိုလည်း အိပ်မက်ပေးတယ်၊ သူ မကျွတ်မလွတ်ကြောင်းသိအောင် ရေထဲ က တက်လာတဲ့ ပုံရိပ်တွေများ ပြနေသလား မသိဘူး'

ဒီတစ်ခါတော့ သားအဖနှစ်ဦးမှာ အတွေးချင်း တူညီခဲ့ တယ်။

'နွဲ့ရီဟာ မကျွတ်မလွတ်တဲ့ဘဝမှာ ရှိနေရင် သူ့ကို ဒီဘဝဆိုးကြီးထဲက ကျွတ်လွတ်သွားအောင် အဖေတို့ ဆွမ်းထပ် ကျွေးရင် မကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့ အဖေရယ်၊ သမီးလည်း သံသယ ရှင်းတာပေါ့'

'ဒါဆိုရင် နောက်တစ်ပတ်မှာ ဆွမ်းကျွေးမယ်'





'ဟုတ်တယ် အဖေ၊ ဘုန်းကြီးငါးပါးပင့်ပြီး ကျွေးကြ တာပေါ့'

'အဖေနဲ့ သမီး ဆွမ်းကျွေးမယ့်ရက်ကို ကုက္ကိုပင်ကြီးနား မှာ သွားဖိတ်ကြတာပေါ့'

'ကောင်းပါတယ် အဖေ၊ ရေစပ်နဲ့လည်း နီးတယ်ဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့'

သို့နှင့်ပင် ဘုန်းတော်ကြီးထံ၌ ဆွမ်းကပ်လှူပူဇော်မည့် နေ့ကို တောင်းခံခဲ့တယ်။ ဆွမ်းကပ်မယ့်နေ့ကို သိရတဲ့အခါမှာ နှင်းဥဖြူရဲ့ အဖေဟာ ကုက္ကိုပင်ကြီးရှေ့မှာ သွားပြီး…

'သန်ဘက်ခါ နံနက်ခုနစ်နာရီမှာ ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကျွေးပါ့မယ်၊ ဒါဟာ နွဲ့ရီကို ရည်စူးပြီး ဆွမ်းကပ်တာဖြစ် လို့၊ အဲဒီနေ့နံနက်မှာ ဦးလေးတို့ အိမ်ဂေဟာကို ဆက်ဆက်လာ ပြီး အတူတကွ တရားနာကြမယ်'

နှင်းဥဖြူရဲ့အဖေဟာ ကုက္ကိုပင်ကြီးမှာ သုံးကြိမ်၊ ရေစပ် မှာ သုံးကြိမ်တိတိ ဖိတ်ခေါ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကို ဆွမ်းကပ်ဖို့ ဆွမ်းချက်နေတုန်းမှာ ဟိုတစ်နေ့ကလိုပဲ ခွေးတွေ အူလာတယ်။ ကမ်းစပ်ဘက်က အူလာတဲ့ ခွေးတွေဟာ နှင်းဥဖြူတို့အိမ်ရှေ့မှာ ရပ်သွားတယ်။

'အစ်မနွဲ့ရီများ ရောက်လာပြီလား မသိဘူး'

အဲဒီလို တွေးထင်နေတုန်း နောက်ဖေးမှာ ဆွမ်းဟင်းချက်နေတဲ့ နှင်းဥဖြူဟာ အပုပ်နံ့တစ်ခုကို ရလိုက်တယ်။ အနားမှာ တစ်ယောက်ယောက် ရောက်လာသလို ခံစားရပြီး ကြက်သီးတဖျန်းဖျန်း ထလာတယ်။

နောက်တော့ အားလုံးချက်ပြုတ်ပြီးလို့ ဘုန်းတော်ကြီးတွေ လာခါနီးမှာ…

'အစ်မနွဲ့ရီရေ… တကယ်လို့များ ဝိညာဉ်ဘဝနဲ့ ရောက်လာတယ်ဆိုရင် ဘုန်းတော်ကြီးကို ကန်တော့ဖို့ ဒီနေရာမှာ နေရာထိုင်ခင်း ပေးပါတယ်'

နှင်းဥဖြူက ဒီလိုပြောဆိုပြီး နေကထိုင်ဖျာကလေးတစ်ချပ်ကို ဘုန်းကြီးပွဲနဲ့ ခပ်လှမ်းလှမ်းမှာ ချထားလိုက်တယ်။





မကြာခင်မှာ ဘုန်းကြီးတွေ ကြွလာပြီး ပရိတ်ရွတ်ပေးခဲ့တယ်။ ဒကာမကြီး မနွဲ့ရီနဲ့တကွ အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

'သာဓု… သာဓု… သာဓု…'

အဲဒီနေ့မှာ ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကျွေးကာ သူ့ကို အမျှအတန်းပေးဝေခဲ့တယ်။ သုံးရက်ခန့်အကြာမှာတော့ နှင်းဥဖြူဟာ နွဲ့ရီကို ထပ်ပြီး အိပ်မက်မက်ခဲ့တယ်။

ဒီတစ်ခါမှာတော့ ပြောင်ပြောင်လက်လက် ပိုးအင်္ကျီ၊ ပိုးထဘီနဲ့ ခေါင်းမှာလည်း ဦးခဆောင်း ဆောင်းထားတဲ့ နွဲ့ရီဟာ ပြုံးပြုံးရွှင်ရွှင်နဲ့…

'ညီမပေးတဲ့ အမျှအတန်းရပြီး သာဓုခေါ်လိုက်ရလို့ အစ်မလည်း ကောင်းရာကို ရောက်တော့မယ်၊ အဲဒါ ညီမကို လာနှုတ်ဆက်တာ'

'အစ်မ ကောင်းရာကိုရောက်မယ်လို့ သိရတော့ အရမ်းဝမ်းသာတာပဲ အစ်မရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အစ်မ အဲဒါ လာပြောတာ၊ အစ်မ သွားတော့မယ်နော်'

'ဟုတ်ကဲ့ အစ်မ'

'ဦးလေးနဲ့ ညီမတို့ကို အမှူးကျေးဇူးတင်ပါတယ်၊ နို့မို့ရင် တစ္ဆေဘဝနဲ့ ပင်လယ်ထဲသွားလိုက်၊ ကုန်းပြင်ကို ပြန်လာလိုက်နဲ့ အတော်ဒုက္ခရောက်တာ၊ အခုတော့ ညီမတို့မိသားစုက အစ်မကို ကူညီလိုက်တာပဲ'

'ကောင်းပါပြီ အစ်မ'

အဲဒီလို စကားပြောရင်းက သူမဟာ အလင်းရောင်တစ်ခု အသွင်ပြောင်းပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့တယ်။

သုံးလခန့် ခြောက်လှန့်ခဲ့တဲ့ နဲ့ရီတစ္ဆေဟာ အဲဒီနေ့က စပြီး ခြောက်လှန့်ခြင်းက ကင်းဝေးသွားခဲ့တယ်။

ဒီအဖြစ်အပျက်ကတော့ နှင်းဥဖြူကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက်တစ်ခုပါပဲ။

သနိုင်းက မြေပုံကို ဟန်းနဲ့ရိုက်ပြီး ခေါ်ခဲ့တဲ့အတွက်





ကြောင့် ဝိညာဉ်ဘဝကို ရောက်သွားတဲ့သူတွေဟာ တကယ်ပဲ ပါလာခဲ့လေသလား။

အဲဒီဟန်းကို သနိုင်းမြေမှာ ပြန်မထားဘဲ စွန့်မိစွန့်ရာ ပစ်လိုက်မိတဲ့အတွက် ဝိညာဉ်ဘဝကို ရောက်သွားသူများဟာ တကယ်ပဲ ဘွယ်ရာမဲ့လိပ်ပြာ ဖြစ်ခဲ့လေသလားဆိုတာ နှင်းဥဖြူ တစ်ယောက် ညာဏ်မမီပေမယ့် ကိုယ်တိုင်ကြုံတွေ့ခဲ့တာမို့ စဉ်းစားစရာတစ်ခု ဖြစ်ခဲ့တယ်။

ဒီအကြောင်းအရာကတော့ ကျွန်တော့်ရဲ့ချစ်သူ နှင်းဥဖြူ ပြောပြတဲ့ သူ့ရဲ့ ကိုယ်တွေ့အတ်လမ်းတစ်ပုဒ်ပါပဲ။

ဒီဖြစ်ရပ်ဆန်းနဲ့ကြုံပြီး နောက်ပိုင်းမှာ နှင်းဥဖြူတို့မိသားစုဟာ ရန်ကုန်ကို ပြောင်းရွှေ့လာခဲ့တယ်။ ဒီလိုနဲ့ သူမနဲ့ ကျွန်တော်ဟာ တစ်ရပ်ကွက်တည်းနေတဲ့ အိမ်နီးချင်းဖြစ်ရာကအစ ချစ်သူတွေ ဖြစ်သွားခဲ့တယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## သချိုင်းရှေ့ပွဲ

နှစ်နှစ်ကျော်ခန့်အကြာမှာ အဖေက ကျွန်တော့်ကို မိန်းမယူဖို့ ပြောခဲ့တယ်။

'အဖေနဲ့ သားနဲ့ နေလာတာ ကြာပြီဆိုတော့ အဖေ မသေခင် မြေးချီချင်တယ်၊ မင်း ချစ်သူနဲ့ မယူသေးဘူးလား'

'အဖေ့ကို ဖွင့်ပြောမလို့ပါပဲ၊ ဒီနှစ်အေးမှာ လက်ထပ်မယ်လို့ စိတ်ကူးထားတယ်'

'ကောင်းတာပေါ့ သားရယ်၊ အဖေ သဘောတူပါတယ်'





ကျွန်တော့်ဘက်ကလည်း အဖေတစ်ခု သားတစ်ခု။

နှင်းဥဖြူဘက်ကလည်း အဖေတစ်ခု သမီးတစ်ခု။

သူကလည်း ပရလောကသားတွေရဲ့အကြောင်းကို စိတ်ဝင်စားတယ်။

ကျွန်တော်ကလည်း ပရလောကသားတွေနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်တွေကို ကြားသမျှ သိသမျှ မှတ်တမ်းကလေးတစ်ခု ပြုလုပ်ထားခဲ့တယ်။

အခုလည်း ကျွန်တော်နဲ့ သူဟာ လက်ထပ်ပြီးလို့ ဟန်းနီးမွန်းထွက်တာ မဟုတ်ပေမယ့် မြန်မာပြည်အထက်ပိုင်းက အမျိုးတွေဆီကို သွားလည်ဖို့ စဉ်းစားခဲ့ကြတယ်။

'အစ်ကို… ကျွန်မတို့ မန္တလေးက အမျိုးတွေဆီကို သွားလည်ရအောင်လား'

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်လို့ သူမက ကျွန်တော့်ကို တိုင်ပင်ခဲ့တယ်။

ကျွန်တော်ကလည်း ခရီးသွားခြင်းကို ဝါသနာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးကို မရောက်တာ ကြာပြီဖြစ်လို့ ကျွန်တော်ကိုယ်တိုင် လိုလိုလားလား သွားချင်ခဲ့တယ်။

'ကောင်းသားပဲ… အမျိုးတွေဆီ မရောက်တာ ကြာပြီ၊ သွားကြတာပေါ့'

ကျွန်တော်တို့နှစ်ဦးသား တိုင်ပင်ဆုံးဖြတ်ပြီး မန္တလေးမြို့ကို သွားခဲ့တယ်။

မန္တလေးက ဦးလေးဖြစ်သူရဲ့အိမ်မှာ တည်းခိုပြီး တန်ခိုးကြီးဘုရားတွေ ဖူးခဲ့တယ်။

အဲဒီလို တည်းခိုနေတုန်းမှာ စစ်ကိုင်းတိုင်း 'ဒုံမင်း' ရွာက ဦးလေးတစ်ယောက် ရောက်လာခဲ့တယ်။

သူက ပဲ၊ ပြောင်း၊ နှမ်းစိုက်တဲ့ တောင်သူတစ်ယောက်ပဲ။

အဖေရဲ့ ညီဖြစ်ပြီး ကွဲသွားတာ ကြာပြီဖြစ်တယ်။

'ငါ့တူ ဦးလေး အပြန်မှာ လိုက်ခဲ့ပါ'

'နေပါစေ ဦးလေးရယ်၊ ဦးလေးမှာ တာဝန်ကြီးပါတယ်'





'တာဝန်မကြီးပါဘူး ငါ့တူရယ်၊ ဦးလေးက ပြည့်စုံပါတယ်၊

'အခုလို ကြုံကြိုက်တုန်း လိုက်ခဲ့ပါကွာ၊ မင်းအဒေါ်ကလည်း အရမ်းဝမ်းသာမှာပါ'

'ဦးလေး ဒီလောက်ခေါ်နေမှတော့ လိုက်ခဲ့ပါ့မယ်'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

## သချိုင်းက ပြန်ခဲ့တယ်

ကျွန်တော်တို့ အဲဒီရွာမှာ ရှိနေစဉ်မှာ နောက်ထပ် ထူးဆန်းတဲ့အကြောင်းအရာတစ်ခုနဲ့ ကြုံခဲ့ရပြန်တယ်။

ဖြစ်ပုံကတော့ ဒီလိုပါ။

ဦးလေးတို့ရွာမှာ ထန်းပင်တွေ အင်မတန်ပေါတယ်။

ရွာအပြင်ဘက် ခပ်ညို့ညို့ကတောတန်းဟာ ထန်းပင်တွေချည်းပဲ။

ထန်းပင်တွေ ပေါသလောက် ထန်းရည်ရောင်းတဲ့ တဲတွေလည်း များတယ်။





ထန်းရည်သောက်တဲ့သူတွေကတော့ တစ်ရွာလုံးက ရွာသားအတော်များများပဲ ညနေဆိုရင် ထန်းတောထဲ ရောက်နေပြီ။

အဲဒီအထဲမှာ ကျွန်တော်လည်း ပါပါတယ်။

အဲဒီတဲကတော့ ယာန်းရည်ရောင်းတဲ့ ကိုညိုမောင်ကြီးရဲ့ တဲပဲဖြစ်တယ်။

ကိုညိုမောင်ဟာ လူချစ်လူခင်ပေါ်များတော့ အခြားဆိုင်များထက် သူ့ဆိုင်က ရောင်းအကောင်းဆုံးပါပဲ။

ညနေပိုင်းမှာလည်း ကိုညိုမောင်က ထန်းပင်တက်ပြီး ထန်းရည်အိုးတွေ ချပေးလေ့ရှိတယ်။

ဒီနေ့ညနေမှာ···

'ကိုညိုမောင်ကြီးရေ··· ထန်းရည်များများချခဲ့ကွာ'

လို့ ထန်းရည်သောက်သူတွေက ပြောလိုက်တယ်ဆိုရင်ပဲ သူ့ရဲ့ ဝဖြိုးတဲ့ခန္ဓာကိုယ်ကြီးဟာ သွက်သွက်လက်လက်နဲ့ ထန်းပင်ပေါ်ကို မျောက်ကလေးတစ်ကောင်လို ခုန်တက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဆိုင်ထဲမှာ ထန်းရည်နည်းနေပြီ။

သောက်မယ့်သူတွေအများကြီး ဆိုင်ထဲကို ရောက်လာကြတယ်။

'ကိုညိုမောင်ကြီးရေ… ထန်းရည်များများ လုပ်ထားဟေ့'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ပြောပြောဆိုဆိုနဲ့ ပုဆိုးကို ခါးတောင်းကျိုက်ပြီး ခြေကွင်းစွပ်ကလေးကိုယူပြီး တဲထဲက ထွက်လာခဲ့တယ်။

ပြီးတော့ တဲနဲ့အနီးဆုံး ထန်းပင်ပေါ်ကို ထောင်တက်လိုက်တယ်။ တဲထဲမှာ အိုးက နည်းနည်းပဲ ကျန်တော့တာမို့ ခပ်မြန်မြန်တက်လိုက်တယ်။ ထန်းပင်ရဲ့ တစ်ဝက်ခန့်အရောက်မှာ…

'ဖတ်…'

ခြေထောက်မှာစွပ်ထားတဲ့ ခြေကွင်းစွပ်က ပြတ်သွားတယ်။





'ဟာ…'

ခြေကွင်းစွပ် ပြတ်သွားတာမို့ အထိန်းအကွပ်မဲ့ ဖြစ်သွားခဲ့တယ်။ ခြေထောက်က ကားသွားပြီး ဟန်ချက်ပျက်သွားတယ်။

'ဘုန်း…'

သူ့ရဲ့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ထန်းပင်ပေါ်က ပြုတ်ကျသွားတယ်။

'ဟာ… ငါတော့ သွားပြီ'

ကိုညိုမောင်က ဒီအတွေး ဝင်စဉ်မှာ သူ့ရဲ့ ခန္ဓာကိုယ်ဟာ တဲပေါ်က ကျသွားခဲ့တယ်။ နောက်တော့ တဲပေါ်က အောက်သို့ ကျသွားခဲ့တယ်။

'ဘုန်း…'ဆိုတဲ့ အသံကြားတာနဲ့ အားလုံးက ထွက်ကြည့်တော့…

'ဟာ… ကိုညိုမောင်ကြီးတစ်ယောက် ထန်းပင်ပေါ်က ကျပြီ'

ဒီတော့ တချို့လူတွေကလည်း…



www.burmeseclassic.com

www.burmeseclassic.com



'ထန်းပင်ပေါ်ကကျမှတော့ သေရောပေါ့'

လို့ ပြောကြပြန်တယ်။

ကိုညိုမောင်ဟာ ထန်းပင်ပေါ်က တိုက်ရိုက်ကျတာ မဟုတ်ဘဲ တဲပေါ်ကို အရင်ကျတယ်။

ပြီးတော့မှ အောက်ကိုကျတယ်ဆိုတော့ နှစ်ဆင့်ကျခဲ့တယ်။

အောက်ရောက်တော့ မြေပြင်ပေါ်မှာ ဆန့်ဆန့်ကြီး သတိလစ်နေတယ်။

'ကိုညိုမောင်… ကိုညိုမောင်… အောင်မယ်လေး… ကိုညိုမောင်ရဲ့၊ သေပြီလား မသိဘူး'

ဆိုပြီး သူ့ရဲ့မိန်းမက လှုပ်နှိုးလိုက်တယ်။ ဒါပေမဲ့ သတိမရဘူး။ ဒါနဲ့ ထန်းရည်သောက်တဲ့လူတွေက ကိုညိုမောင်ကို ပွေ့ယူပြီး ကောက်ရိုးခင်းထားတဲ့ ကွပ်ပျစ်ပေါ် တင်ထားလိုက်တယ်။

'ကိုညိုမောင် မသေသေးပါဘူး၊ သတိလစ်နေတာပါ'





ကျွန်တော်တို့ဟာ ကိုညိုမောင်ကို သွားကြည့်လိုက်တော့ …လိုက် ဖုတ်လိုက်နဲ့ အသက်ရှူနေသေးတယ်။

'ကိုညိုမောင် မသေသေးဘူး၊ သတိလစ်နေတာ၊ ရွာထဲ …က ဆေးဆရာ သွားခေါ်ချေ'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ရွာသားတစ်ယောက်က ဆေးဆရာ သွားခေါ်လာတယ်။

ဆေးဆရာက ကိုညိုမောင်ကို စမ်းသပ်ကြည့်ပြီး…

'ထန်းပင်ပေါ်ကကျတာ အရိုးတွေတောင် ကြေနေပြီ၊ …ကုလို့မရတော့ဘူး၊ ခဏကြာရင် သေလိမ့်မယ်'

'ဆရာရယ်… ဆေးလေးတော့ ကုပေးပါဦး၊ အခုအထိ ကိုညိုမောင်က အသက်ရှူနေတယ် ဆရာကြီးရယ်၊ ရှိသမျှစည်းစိမ် …ကုန်ပါစေ၊ ကုပေးပါ ဆရာကြီးရယ်'

သူ့မိန်းမက ဆေးဆရာကြီးကို ဆေးကုပေးဖို့ ငိုယိုပြီး …တောင်းပန်ခဲ့တယ်။

ဆေးဆရာကြီးက…



www.burmeseclassic.com

www.burmeseclassic.com



'ကုလို့ရရင် ကုပေးပါတယ်၊ အခုတော့ ဘယ်လိုမှ ကုလို့မရဘူး'

'နည်းနည်းဖြစ်ဖြစ် ကုပေးပါ ဆရာကြီးရယ်'

'ကဲ... မင်းကျေနပ်အောင် လုပ်ကြည့်ပေးမယ်'

ဒီလိုပြောပြီး ဆေးမှုန့်တွေကို လက်နဲ့ပွတ်ပြီး ရှူပေးလိုက်တယ်။ နောက်ပြီး တစ်ကိုယ်လုံး ဆေးတွေလူးပေးလိုက်တယ်။

တစ်နာရီခန့် စောင့်ကြည့်ပေမယ့် ဘာမှထူးခြားမလာဘူး။

'အောင်မယ်လေး... ကိုညိုမောင်ရဲ့၊ သတိရပါတော့'

သူ့မိန်းမက တငိုငိုနဲ့ ပြောလိုက်တယ်။

ဒါပေမဲ့ ကိုညိုမောင်ကတော့ တုတ်တုတ်မျှ မလှုပ်သေးဘူး။

သတိမေ့နေဆဲပဲ။

ဒီတော့ ဆေးဆရာကြီးကလည်း...

ဒိုးပွန်းယှဉ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့…

‘သူ သေသွားပြီ’

လို့ ပြောလိုက်တယ်။

‘ကိုညိုမောင် သေသွားပြီတဲ့’

တစ်ရွာလုံး ဒီသတင်းဟာ ပျံ့နှံ့သွားတယ်။

‘ဟယ်… သနားပါတယ်၊ ကိုညိုမောင်ကြီးတစ်ယောက် ထန်းပင်ပေါ်ကကျလို့ သေသွားပြီတဲ့’

မယုံလို့ လာကြည့်တဲ့သူနဲ့၊ စိတ်မကောင်းလို့ လာကြည့်တဲ့သူတွေဟာ တဲထဲမှာ လူတွေပြည့်လျှံနေတာပဲ။

အဲဒီလိုနဲ့ ကိုညိုမောင်ကြီးရဲ့ အသုဘကို သုံးရက်ထားခဲ့တယ်။ အဲဒီမှာတင် ထူးခြားမှုတစ်ခု ဖြစ်ခဲ့တယ်။

ကိုညိုမောင်ရဲ့ အလောင်းဟာ အခြားသေသူများလို တောင့်တင်းမနေဘဲ လူပကတိ အိပ်ပျော်နေသလို ပျော့ပျောင်းနေတယ်။

အဲဒါကို သူ့မိန်းမ မတင်အေးက ကိုင်ကြည့်ပြီး…





‘အောင်မယ်လေး… ကိုညိုမောင်ရဲ့၊ ရှင့်ရဲ့လက်ကလေးတွေက ပုံသေတစ်ယောက်လို မဟုတ်ဘဲ ဘာကြောင့်များ ပျော့ပျောင်းနေရတာလဲ’

‘ကြည့်ကြစမ်းပါဦး အရပ်သူတို့ရေ၊ ကျွန်မယောကျ်ား သေတာမှဟုတ်ရဲ့လား မသိဘူး၊ သတိမေ့နေတာများလား၊ ကြည့်ကြပါဦး’

မတင်အေးက သူ့ယောကျ်ား သေသည်ကို မယုံသကဲ့သို့ ဖြစ်နေသည့်အတွက် ယိုသို့ပြောဆိုနေပါတယ်။

ဆွေမျိုးအပေါင်းကလည်း မတင်အေးကိုကြည့်ပြီး ရင်ထုမှာ စိတ်မကောင်းဖြစ်နေခဲ့ကြတယ်။

အလောင်းကို. ကိုင်ကြည့်ပြန်တော့လည်း မတင်အေး ပြောသလို တစ်ကိုယ်လုံး ပျော့နေတယ်။ ဆွေမျိုးတွေက တစ်ယောက်ပြီးတစ်ယောက် လာပြီးစမ်းသပ်ကြည့်ကြတယ်။

‘ဟုတ်ပါရဲ့ ညိုမောင်ရဲ့၊ အလောင်းက တောင့်မနေဘူး၊ ပျော့နေတယ်’



www.burmeseclassic.com

သေမျိုးစုနှင့် အခေါင်းကို ဘယ်ညာလှည့်ကာ ကစားပါတော့သည်။

ဤတွင် အခေါင်းမှာလည်း ဘယ်ယိမ်းလိုက်၊ ညာယိမ်းလိုက်နဲ့ ပြုတ်ကျတော့မည့်နှယ် ခါယမ်းနေပါတော့သည်။

အသုဘလိုက်ပို့သည့်လူများကပင်...

'သံ...မလုပ်ကြပါနဲ့၊ အခေါင်း အောက်ကျသွားပါဦးမယ်'

'ဖြည်းဖြည်း ကစားကြပါ'

'အခေါင်းအောက်ကျလို့တော့ မဖြစ်ဘူး၊ ရွာနာမယ်'

ထိုသို့ဖြင့် တစ်ယောက်တစ်မျိုး ပြောနေကြတယ်။ အလောင်းကစားတာကတော့ တချို့ရွာများရဲ့ ရုပ်မလေ့ ရွာဓလေ့ပါ။ ဒါပေမဲ့ အလောင်းကစားတဲ့နေရာမှာ အလောင်းကို ဟိုဘက်ဒီဘက် လွှဲနိုင်တယ်။ ကစားနိုင်တယ်။ မြေကြီးပေါ်ကျသွားလို့ မဖြစ်ဘူး။ အဲဒီလိုဖြစ်ခဲ့ရင် ရွာထဲကလူတွေ ဆက်တိုက်သေတတ်တယ်။ ရွာနာတယ်လို့ အယူအဆရှိတယ်။

- ဒိုယွန်းယုင် ၂၀၁၀

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အခေါင်းထမ်းတဲ့သူတွေကလည်း အရက်ကို အလွန်အကျွံသောက်ထားပြီး အလောင်းထမ်းရင်း မြေပြင်ကိုမကျအောင် ကစားပြီးမှ သင်္ချိုင်းသို့ သယ်သွားတတ်ပါတယ်။

အခုလည်း ကိုညိုမောင်ရဲ့အလောင်းကို အားရပါးရ ကျေနပ်အောင် ကစားပြီးမှ သင်္ချိုင်းသို့ ပို့ဆောင်ပေးခဲ့တယ်။

ကိုညိုမောင်တို့မိသားစုဟာ ဆင်းရဲတဲ့မိသားစု ဖြစ်လေတော့ အုတ်ဂူတွေဘာတွေ မလုပ်နိုင်ပါဘူး။

မြေပုံကလေးပဲ လုပ်ဖို့ မြေတွင်းတူးထားခဲ့တယ်။

အခုအချိန်မှာ ကိုညိုမောင်ရဲ့ အလောင်းဟာ ဇရပ်ပေါ်မှာ ရောက်ရှိလာပါပြီ။ အသင့်စောင့်နေတဲ့ ဘုန်းတော်ကြီးဟာ အသုဘတရားဟောပြီး သရဏဂုံတင်ပေးလိုက်တယ်။

ကိုညိုမောင်ရဲ့မိန်းမ မတင်အေးဟာ တက်မတတ် ချက်မတတ် ငိုယိုခဲ့တယ်။

'အောင်မယ်လေး… ကိုညိုမောင်ရဲ့၊ ကျွန်မကို ပစ်သွားပြီလား'





'ကျွန်မကို ဘယ်သူက ထမ်းတက်ပေးမှာလဲ'

'အသေစောလို့ နှမြောလေခြင်း ကိုညိုမောင်ရဲ့'

ပြောပြောဆိုဆို ငိုငိုပြောပြော ပြောကာ…

'နောက်ဆုံးအနေနဲ့ ကိုညိုမောင်အလောင်းလေးကို ဖွင့်ပြပါဦး'

'ဟုတ်တယ်၊ ဖွင့်ပြပါမယ်'

ရွာသားတွေက ကိုညိုမောင်အလောင်းကို ဖွင့်ပြလိုက်တယ်။

ကိုညိုမောင်ရဲ့ အလောင်းက ပုပ်ပွခြင်း၊ အနံ့ထွက်ခြင်း မရှိဘဲ ပကတိ အိပ်ပျော်နေသလိုပဲ။

'ကိုညိုမောင်ရယ်… ရှင် သေတာမှဟုတ်ရဲ့လား၊ ပုပ်လည်း မပုပ်ပါလား'

'ကိုညိုမောင်ရဲ့… ကျွန်မအဖြစ်ကို ကြည့်လှည့်ပါဦး'

မတင်အေးက ကြေကွဲဝမ်းနည်းစွာ ရှုံ့ရှုံ့ရှဲ့ရှဲ့ ငိုကြွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အခေါင်းတွင်းမှ…

'အဟင်း… ဟင်း…'

ဟူသော ညည်းသံကြီး ထွက်ပေါ်လာခဲ့တယ်။

မတင်အေးကိုယ်တိုင် လန့်သွားပြီး…

'လုပ်ကြပါဦး၊ ဘာသံကြီးလဲ မသိဘူး'

အငိုတိတ်ကာ ဤသို့ပြောစဉ်…

'အဟင်း… ဟင်း… ဟင်း…'

ဟူ၍ အလောင်းကောင် ကိုညိုမောင်ဟာက ဖြစ်နေသည်။

'ကိုညိုမောင်… ကိုညိုမောင်ဆီကပဲ'

ထိုစဉ် ကိုညိုမောင်မှာ မျက်စိပွင့်လာပြီး…

'ရေ… ရေဆာတယ်၊ ရေပေးပါ'

ဟု ပြောလိုက်တယ်။

ဟာတော့… ကိုညိုမောင် မသေဘူး၊ ရေတောင်းနေ





ခပ်ချေ

ားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကစားလို့ လှုပ်လှုပ်ရှားရှားဖြစ်ပြီး မင်း ပြန်သတိရလာတယ်နဲ့ တူကယ်'

'ဟုတ်မှာ… ဟုတ်မှာ… အဲဒီလိုဖြစ်ခဲ့ရင် မင်းတို့ဟာ ငါ့ကျေးဇူးရှင်ပါပဲ'

ကိုညိုမောင်ဟာ သေသေချာချာ သတိရလာခဲ့တယ်။ မတင်အေးက…

'ကိုညိုမောင်… ရှင် မသေဘူးနော်'

'မသေပါဘူး၊ မေ့သွားတာပါ'

'အောင်မယ်လေး… ဝမ်းသာလိုက်တာ ကိုညိုမောင်ရယ်'

'ကဲ… မတင်အေး၊ ဝမ်းသာတာ ဘေးထား၊ အခု ကိုညိုမောင်ဟာ လူသေမဟုတ်တော့ဘူး၊ ရှင်လူဖြစ်သွားပြီ၊ ဒါကြောင့် တစ်ခါတည်း ရွာထဲပြန်ကြရအောင်'

'ဟုတ်ပါတော်… ဦးလေး သတိပေးလို့၊ နို့မို့ရင် ကျွန်မ ဘာလုပ်ရမှန်းတောင် သိမှာမဟုတ်ဘူး'





'နင်ကတော့ ငိုဖို့ပဲသိတာ၊ နင့်အဖြစ်ကို ကြည့်ပါဦးလို့ ပြောလို့ သေရာက ပြန်ရှင်လာတာ နေမှာ'

'ဟုတ်ပါတော်… ဟုတ်ပါ၊ ကျွန်မဖြင့် ဝမ်းသာလိုက်တာ၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး'

ကိုညိုမောင်လို အဖြစ်မျိုးမှာ တစ်သောင်းတွင် တစ်ယောက်ဖြစ်ခဲလှပေတယ်။ သည်လိုနှင့်ပင် ကိုညိုမောင်ကို ထန်းရည်တဲသို့ ပြန်ခေါ်လာခဲ့ကြတယ်။

ထန်းရည်တဲရောက်တော့ ထန်းရည်သောက်တဲ့ ဘော်ဒါတွေက…

'ကိုညိုမောင်ကြီးက အရမ်းကံကောင်းတာပဲ၊ ခင်ဗျားလို အဖြစ်မျိုး ရှားတယ်'

'အေးပါကွာ… မင်းတို့နဲ့ ပြန်တွေ့ဖို့ကံရှိသေးတော့ မသေဘဲ ပြန်လာရတာပေါ့'

'ကျုပ်တို့ အကြွေးတွေဆပ်ဖို့ ကံရှိသေးတယ်လို့ ပြောပါဗျာ၊ ကျုပ်တို့က အကြွေးသောက်ပေမယ့် အဲဒီအကြွေးကို



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား သေတာတောင် မတင်အေးကို ဆင်

'ဟော့ကောင်တွေ... တော်ကြတော့၊ ငါ...

ရမလို ဖြစ်နေပြီ'

'အဲဒီလိုပြောတာ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့က ခ

ပြန်ရှင်လာလို့ ဝမ်းသာလို့ ပြောတာပါ'

ထိုစဉ် ဆေးဆရာကြီးကလည်း ကိုညိုမောင် ပြန်ရှင်လာ

သည့်သတင်းကို ဘယ်ကကြားသည် မသိ။ ကိုညိုမောင်ဆီသို့

အပြေးရောက်လာခဲ့တယ်။

'မောင်ညိုမောင်... မင်း ပြန်ပြီး သတိရပြီလား'

'ဟုတ်ကဲ့ပါ ဆရာကြီး'

'အေး... မင်းက သေတာမဟုတ်ပါဘူး၊ သတိလစ်

နေတာပါလို့ ငါ ထင်သားပဲ'

'ဟုတ်ကဲ့ ဆရာကြီး'

'သေတဲ့လူက ခဏလောက်ကြာတာနဲ့ တောင့်တင်းသွား

တာ၊ မင်းက အဲဒီလိုမဟုတ်ဘူး၊ ပျော့နေလို့ ရှူဆေး လိမ်းဆေး





လုပ်ပေးလိုက်တာ၊ မင်းက အဲဒီဆေးတန်ခိုးကြောင့် အသက်ပြန်

ရှင်လာတာ'

ဆေးဆရာကြီးက သူ့ဆေး မည်မျှစွမ်းကြောင်း ဂုဏ်ယူ

ပြီး ပြောလိုက်တယ်။ အလောင်းကစားတဲ့သူတွေကလည်း...

'ကျွန်တော်တို့ အလောင်းကစားလို့ သူ ပြန်သတိရလာ

တာဖြစ်မယ် ဆရာကြီး'

'ဒါလည်း ဖြစ်နိုင်ပါတယ်၊ အလောင်းကို ခပ်ပြင်းပြင်း

လှုပ်လိုက်တော့ အာရုံကြောတွေ နိုးကြားပြီး ပြန်သတိရတာလည်း

ဖြစ်နိုင်ပါတယ်'

'ဘာပဲဖြစ်ဖြစ် အများက ချစ်ခင်တဲ့ ကိုညိုမောင်ကြီးဟာ

သေရွာက ပြန်လာတဲ့အတွက် ဝမ်းသာပါတယ်ကွာ'

'ကဲ... ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ကျွန်တော့်ဆီကို

ရောက်လာကြတဲ့သူတွေ ထန်းရည်သောက်ကြပါ၊ ထန်းရည်နဲ့

ညှော်ခံပါတယ်၊ ဆေးဆရာကြီးကိုတော့ တို့ ထိန်းထားတဲ့ ငွေနဲ့

ကန်တော့လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီတော်'

မတင်အေးက ဆရာကြီးကို တတ်နိုင်သမျှငွေနဲ့ ကန်တော့လိုက်တယ်။

'ကျုပ်တစ်သက်မှာ ဆေးကုစားလာတာ ကြာပြီ၊ သေရွာပြန်ဆီက ဆေးဖိုးရတာ ဒါဟာ ပထမဆုံးပါပဲ'

'ဟား… ဟား… ဟား…'

ဆေးဆရာကြီးရဲ့ စကားကို ကြားတော့…

အားလုံးဟာ ပျော်ရွှင်စွာ ရယ်မောခဲ့ကြတယ်။

❑ ❑ ❑

အခန်း(၁၀)

## သေရွာပြန်နှင့် ပရလောကဆန်းကြယ်

ကိုညိုမောင် ကောင်းစွာသတိရလာပြီဖြစ်လို့ ဆွေမျိုးတစ်စုက ကိုညိုမောင်ကို ဝိုင်းမေးကြတယ်။

'ညိုမောင်… မင်း ဘယ်လိုဖြစ်ပြီး ထန်းပင်ပေါ်က သိမ့်ကျတာလဲ'

'ထန်းပင်ပေါ်ကို တက်ခါနီးကတည်းက စိတ်လေးနေတယ်၊ အပင်တစ်ဝက်လောက်လည်းရောက်တော့ ခြေစွပ်ကွင်းက ပြတ်သွားပြီး ကျွန်တော် တဲပေါ်ကျတယ်၊ တဲက ထန်းရွက်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ မိုးထားတာမို့ သိပ်မနာဘူး၊ သတိရှိသေးတယ်၊ တဲပေါ်က မြေကြီးပေါ်ကို ပြန်အကျမှာ ခေါင်းနဲ့ထိပြီး သတိလစ်သွားခဲ့တယ်။

'အင်း... တဲကတော့ သိပ်မမြင့်ဘူး၊ ဆယ့်ငါးပေလောက်ပဲ မြင့်တာမို့ မသေတာနေမှာ'

'ဟုတ်လိမ့်မယ်၊ သိပ်မမြင့်လို့လည်း မသေတာဖြစ်မှာ'

'မင်း သတိလစ်သွားတုန်းမှာ ဘာထူးခြားမှုရှိလဲ'

'ထူးခြားတာတော့ မပြောနဲ့ ဦးလေးရ၊ ကျွန်တော့်တစ်သက်မှာ ပြောရရင်တောင် ယုံမယ်မထင်ဘူး'

'ဟေ... အဲဒီလောက်တောင်ပဲလား'

'ဟုတ်တယ် ဦးလေးရေ'

'ကျွန်တော်ဟာ ထန်းပင်ပေါ်ကကျပြီး မြေပြင်ပေါ်မှာ လဲကျကတည်းက ထူးခြားမှုနဲ့ စတင်တွေ့ကြုံတော့တာပဲ'

'ဘယ်လိုထူးခြားမှုမျိုးလဲ၊ ပြောပါဦး'

'ကျွန်တော် မြေကြီးပေါ် လဲကျနေတုန်းမှာ ထန်းပင်





တစ်ဝက်လောက်ရှိတဲ့ မည်းမည်းကောင်ကြီးနှစ်ကောင်ဟာ ခေါင်းမှာလည်း အချွန်အတက်တွေနဲ့ ကျွန်တော့်ကို...

'မင်း ငါတို့နဲ့ လိုက်ခဲ့ရမှာမို့ ထန်းပင်ပေါ်က တွန်းချတာ'

လို့ ပြောတယ်။

ထိုသို့ အစချီကာ သူ သတိလစ်စဉ် ခံစားရသမျှကို ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့တယ်။

ကျွန်တော်ကလည်း စိတ်ဆိုးမာန်ဆိုးနဲ့ 'ခင်ဗျားတို့က ကျွန်တော့်ကို ထန်းပင်ပေါ်က တွန်းချမှတော့ သေမှာပေါ့၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ဘာမှ ရန်ငြိုးလည်းမရှိဘဲနဲ့ ဘာဖြစ်လို့ တွန်းချတာတုံး'

လို့ ပြန်မေးလိုက်တယ်။

ဒီတော့ အဲဒီလူကြီးနှစ်ယောက်က...

'မင်းဟာ လူ့သက်တမ်း ကုန်သွားပြီ၊ ဒါကြောင့် မင်းကိုလာခေါ်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူတို့က အရိပ်တွေလိုပဲ ရှေ့ကနေ လွှားလွှား လွှားလွှားနဲ့ သွားနေလိုက်ကြတာ။

ကျွန်တော်က သူတို့ ခြေလှမ်းမီဖို့ နောက်ကနေ အပြေး လိုက်ခဲ့ရတယ်။

ကျွန်တော်သွားတဲ့လမ်းမှာ ကျောက်ခဲတွေ၊ ဆူးပင်တွေ၊ ချုံပုတ်တွေ၊ အုတ်ခဲကျိုးတွေနဲ့မို့ ရှောင်ကွင်းသွားရတယ်။

တချို့နေရာတွေမှာ မရှောင်နိုင်တော့ ကျောက်ခဲတွေ၊ ဆူးပင်တွေ၊ အုတ်ခဲကျိုးတွေကို နင်းသွားရလို့ ခြေထောက်တွေ တောင် ပေါက်ကုန်တယ်။

အဲဒီလို သွားနေရင်းနဲ့ တဲအသစ်ကလေးတွေ ဆောက်နေ တဲ့နေရာကို ရောက်လာခဲ့တယ်။

ဒီတော့ အဲဒီလူနှစ်ယောက်က…

'မင်း ဒီမှာ ခဏနေခဲ့ဦး၊ ငါတို့ ဒီပြင်လူတွေ သွားခေါ် လိုက်ဦးမယ်'

လို့ပြောပြီး ရှေ့ဆက်သွားခဲ့တယ်။





ကျွန်တော်လည်း သူတို့ထားခဲ့တော့ အဲဒီနေရာမှာ ယောင် ချာချာနဲ့ ကျန်ရစ်ခဲ့တယ်။

တဲများက လူတစ်စုကလည်း ဘာတွေ အလုပ်ရှုပ်နေမှန်း မသိဘူး။

အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့။

တချို့ မိန်းမတွေမှာ ကလေးငယ်တွဲလောင်းနဲ့ ကလေးက လည်း ငိုနေတယ်။

အဝတ်အစားက ခပ်စုတ်စုတ် ဝတ်ထားတယ်။

မောင်းထောင်းသူ၊

ဆန်ပြာတဲ့သူ၊

အိမ်ဆောက်နေတဲ့သူ အမျိုးမျိုး တွေ့ရတယ်။

ကျွန်တော်လည်း သူတို့ကို စိတ်ဝင်စားလာခဲ့တယ်။ သူတို့ရှိရာ လျှောက်လာခဲ့တယ်။

ကျွန်တော်ကသာ သူတို့အနား ရောက်လာတာ သူတို့က ကျွန်တော့်ကို လှည့်တောင် မကြည့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



းသိသလိုနဲ့။

ဒါနဲ့ ကျွန်တော်ကလည်း ဘယ်ရွာရောက်နေတယ်ဆိုတာ သိချင်တာနဲ့ မောင်းထောင်းနေတဲ့ အဒေါ်ကြီးကို သွားမယ်အလုပ်မှာ အိမ်ပေါ်ကလူတစ်ယောက် ဆင်းလာတာ တွေ့တယ်။

ကျွန်တော် သေသေချာချာ ကြည့်လိုက်တော့ ကျွန်တော့်ဘကြီး ဦးလှမောင် ဖြစ်နေတာ တွေ့ရတယ်။

ကျွန်တော်ဟာ ဘကြီး ဦးလှမောင်ကို မြင်တွေ့ရတော့ အားတက်သွားခဲ့တယ်။ ဒါကြောင့် ဝမ်းသာအားရနဲ့ လှမ်းခေါ်လိုက်တယ်။

'ဦးလေး ဦးလှမောင်၊ ဦးလေး ဦးလှမောင်'

လို့ ခပ်ကျယ်ကျယ်ကလေး လှမ်းအော်လိုက်တယ်။

ဦးလေးက ကျွန်တော့်ရဲ့ အသံကိုတော့ လှည့်ကြည့်ပြီး…

'ငါ့တူပါလား၊ ဒီရွာကို ဘာလာလုပ်တာလဲ'

လို့ မေးလိုက်တယ်။





'မသိပါဘူး ဦးလေးရာ၊ လူမည်းကြီးနှစ်ယောက် လာခေါ်လို့ လိုက်လာတာ'

'ငါ့တူရယ်… ဒီနေရာက နေရာသိပ်ပြီးမကောင်းဘူး၊ ငါ့တူ ပြန်ပါ'

'ဒီနေရာက မကောင်းဘူးဆိုတော့ ဒီရွာက ဘာရွာလဲ'

'ဒါ သရက်တောလေ'

လို့ ပြောတယ်။ ကျွန်တော်က သရက်ခဲတောလို့ ပြောပေမယ့် သဘောမပေါက်ဘူး။

'ဪ… သရက်တောရွာလား'

'မင်းကတော့ သိပ်အတာပဲ၊ ဒါဟာ သရက်တောသုသာန်ကွ'

'ဟင်… ဟုတ်သားပဲ၊ ဟိုတလောကမှ လုပ်ထားတဲ့ သုသာန်အသစ်ပဲ၊ နောက်ပြီး ဦးလေးလည်း သေပြီးသားမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဦးလေး သေပြီးသားဆိုတာ သတိရလာတယ်။

'ဟုတ်တယ်လေ၊ အခု မင်းလည်း သေပြီ၊ ငါလည်း သေပြီးတဲ့သူမို့ ဒီမှာ ရောက်နေတာပေါ့'

'ဟင်… ကျွန်တော် သေပြီလား'

'မင်း ထန်းပင်ပေါ်ကကျလို့ သေပြီးပြီလေ'

'အောင်မယ်လေး… ဒါဆို မိတင်အေးနဲ့ ကလေးသုံးယောက် ဘယ်လိုများလုပ်စားကြမလဲ မသိဘူး'

'ငါလည်း ငါ့မိသားစုကို စွဲလမ်းလို့ အခုလို တစ္ဆေဖြစ်နေတာ'

'ဟင်… ဦးလေးက တစ္ဆေလား'

'အေး… ဟုတ်တယ်'

'ကျွန်တော် ကြားဖူးတာကတော့ တစ္ဆေဆိုတာ ကြောက်စရာ ကောင်းတယ်ဆို၊ အခုတော့ လူပုံသဏ္ဌာန်အတိုင်းပါပဲလား'





'အေး… ဒါက ငါတို့က နဂိုဘူတပုံနဲ့ နေတာကိုး၊ အခုပုံနဲ့သာဆိုရင် မင်းတို့ သိပ်ပြီး ကြောက်စရာဖြစ်သွားမှာပေါ့'

'အခု ဦးလေးတို့ ဘာလုပ်နေကြတာလဲ'

'ရွာကနေ သင်္ချိုင်းပြောင်းပေးတယ်လေ၊ ဒီတော့ ဒီမှာ ငါတို့နေဖို့ လုပ်နေရတာပေါ့ကွာ'

'ရွာက သင်္ချိုင်းပြောင်းတုန်းက ဦးလေးတို့ပါလား'

'ပါတာပေါ့၊ ငါက ဦးဖိုးစိန်ကြီးရဲ့ လှည်းမှာ ပါတာ၊ အဲဒီအဖွဲ့မှာ ငါက လူကြီးပေါ့၊ ရွာက မီးမဖွားနိုင်လို့ သေသွားတဲ့ မိပေါက်လည်း ပါတယ်၊ မြွေကိုက်လို့ သေသွားတဲ့ ခွေးညိုလည်း ပါတယ်၊ နောက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မကျွတ်မလွတ်တဲ့ ဖိုးကြီးလည်း ပါတယ်'

'ဩော်… ဒါဆို အားလုံးပြောင်းလာကြတာပေါ့'

'ဟုတ်တယ်၊ လှည်းက ဆယ်စီးပဲရှိတယ်၊ ငါတို့အုပ်စုက များတော့ တချို့က ခြေကျင်လျှောက်ပြီး လိုက်ခဲ့ကြရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီညတုန်းကအကြောင်း မင်းကို ပြောပြမယ်'

'ဟုတ်ကဲ့ ဦးလေး'

'ငါက ဦးဖိုးစိန်ကြီး ကြောက်တတ်မှန်းသိလို့ နွားတွေကို ခြောက်လှန့်ပြတယ်၊ ဒီတော့ နွားတွေက ရှုးရှဲ့ပြီး နှာမှုတ်ကြတယ်၊ ပြီးတော့ ငါက ဦးဖိုးစိန်ကြီးနား ကပ်ထိုင်တော့ ငါ့ရဲ့ ကိုယ်က အပုပ်နံ့တွေ တထောင်းထောင်းထနေလို့၊ သူဟာ အဲဒီ အနံ့ကို ရတယ်၊

'သူက နောက်ကိုလှည့်ကြည့် လှည့်ကြည့်နဲ့ ကြောက်နေတာ အဲဒီအချိန်မှာ ငါ့ရဲ့ အခုလို ရုပ်ကြမ်းကိုပြလိုက်ရင် တစ်ခါတည်း တက်သေမှာစိုးလို့ မခြောက်ရဲဘူး၊ ဒါတောင် ဒီကောင် တော်တော်ကြောက်နေမှန်း ငါသိတယ်'

'ကျွန်တော်တော့ ထန်းရည်းမူးနေလို့ ဘယ်သူတွေလည်းနဲ့ သချိုင်းပြောင်းမှန်းတောင် မသိပါဘူး ဦးလေးရယ်'

'အေး… မင်း သိအောင်လို့ ဦးလေးက ပြောပြတာကွယ်'





'ပြောပါ ဦးလေး'

'ဦးလေးတို့ကတော့ နေရာရတာပေါ့ကွယ်၊ ဒါပေမဲ့ တချို့ကျတော့ နေရာမရလို့ လမ်းလျှောက်ပြီး နောက်ကလိုက်ခဲ့ကြတယ်၊ ဦး…ကတော့လည်း ဘာမှမရှိလို့ ဦးလေးတို့ တဲအသစ်တွေ ဆောက်နေကြတာကွယ့်'

'ဦးလေး… ဒါဆိုရင် ကျွန်တော် ဘယ်မှာနေရမလဲ'

'လောလောဆယ်တော့ ဦးလေးနဲ့ပဲ လာနေပေါ့ကွယ်'

'ဟုတ်ကဲ့'

'ဒါဆိုရင် ဦးလေးနဲ့ လိုက်ခဲ့၊ လာ… လာ…'

ကျွန်တော်ဟာ ဦးလေးခေါ်ဆောင်ရာနောက်ကို လိုက်ခဲ့တယ်။

ဦးလေးရဲ့တဲမှာ ထိုင်ပြီး စကားပြောနေတုန်းမှာ ဖြုန်းခနဲ လူမည်းကြီးနှစ်ဦး ရောက်လာခဲ့တယ်။

သူတို့ဟာ ကျွန်တော့်ကို သူတို့ထားခဲ့တဲ့ နေရာမှာ မရှိလို့…



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… မင်း ဘယ်တွေလျှောက်သွားနေတာလဲ၊ ရှာလိုက်ရတာ'

'ကျွန်တော့်ဦးလေးနဲ့တွေ့ပြီး စကားပြောနေလို့'

'မင်းမှာ အချိန်မရှိတော့ဘူး၊ ပြန်ပြီးလိုက်ခဲ့'

'ဘယ်ကို လိုက်ရမှာလဲ'

'မင်းနေရာမင်း ပြန်ပို့မလို့'

'ဘာဖြစ်လို့ ပြန်ပို့မှာလဲ'

'ငါတို့က မင်းကို လူမှားပြီး ခေါ်လာတာ'

'ဟင်… ဟုတ်လား'

'ဟုတ်တယ်၊ ငါတို့ တကယ်ခေါ်ရမှာက ရွာတောင်ဘက်က ဦးညိုကြီးကို ခေါ်ရမှာ၊ အခုတော့ ရွာမြောက်ဘက်က ညိုမောင်ကို ခေါ်မိလို့ ပြန်လိုက်ပို့ရမှာ'

'ဒါဆို… ကျုပ်မိန်းမ မတင်အေးဆီ ပြန်ရတော့မှာပေါ့'

'ဟုတ်တယ်'





သူတို့နှစ်ယောက် အချီအချ ပြောနေစဉ် ဦးလေးဖြစ်သူ ကြားသိရာ…

'ဟော့ကောင်… ညိုမောင်၊ မင်းဟာ အတော်ကံကောင်းတဲ့သူပဲ၊ မင်း မသေတော့ဘူး၊ လူ့ပြည်ကို ပြန်ရတော့မယ်'

'ဟုတ်လား ဦးလေး'

'ဟုတ်တယ် ညိုမောင်၊ မင်း ပြန်သွားရင် ဦးလေးတို့ အုပ်စုကို ရည်စူးပြီး ဆွမ်းကပ်အမျှဝေပေးပါကွာ၊ ဒါမှ ဦးလေးတို့လည်း ကျွတ်လွတ်မှာ'

'ကောင်းပါပြီ ဦးလေး၊ ကျွန်တော် ပြန်ရောက်တာနဲ့ လုပ်ပေးပါ့မယ်'

ထိုသို့ စကားပြောနေစဉ်တွင် မည်းမည်းအကောင်ကြီးမှ…

'ဟော့ကောင်တွေ… စကားပြောမနေနဲ့၊ အချိန်မရှိတော့ဘူး၊ ဟိုမှာ အသုဘချသွားပြီ'

'ဘယ်မှာ အသုဘချတာတုံး'



www.burmeseclassic.com

www.burmeseclassic.com



ညှိမောင်က ဤသို့ မေးလိုက်တယ်။

'ဟိုမှာ မင်းရဲ့အသုဘကို ချသွားပြီ၊ တွေ့လား'

လူမည်းမည်းကြီးက ပြလိုက်ရာ ငွေရောင်ပိတ်ကားပေါ်တွင် ရုပ်ရှင်ပြသည့်နှယ်...

ကိုညှိမောင်၏ အသုဘမှာ သရက်တော သုသာန်သို့သွားနေပြီး ဇနီးဖြစ်သူ မတင်အေးက ငိုယိုပြီးလိုက်လာသည်ကို တွေ့လိုက်ရတယ်။

ဒီတော့ လူမည်းကြီးနှစ်ယောက်က...

'အချိန်မမီရင်တော့ ခက်တော့မှာပဲ'

ပြောပြောဆိုဆို ကိုညှိမောင်ရဲ့ ချိုင်းကိုမပြီး တစ်ဟုန်ထိုး သရက်တောသင်္ချိုင်းရှိရာကို လာခဲ့ကြတယ်။

ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ ကျွန်တော့်ရဲ့အခေါင်းကိုဖွင့်ပြီး မတင်အေးက ငိုနေပြီ။

ပြီးရင် မြေမြှုပ်ကြတော့မယ်။

မြေမြှုပ်ဖို့ မိနစ်ပိုင်းအလိုမှာ မည်းမည်းနှစ်ယောက်နဲ့





ကျွန်တော့်ရဲ့ဝိညာဉ်ဟာ အဲဒီနားကို ရောက်လာခဲ့တယ်။

ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ရုပ်အလောင်းကိုမြင်တော့ ဘာလုပ်ရမှန်း မသိဘဲ ကြောင်ကြည့်နေတုန်း မည်းမည်းနဲ့လူက...

'ဟေ့ကောင်... မင်း ဘာငေးကြည့်နေတာတုံး၊ မင်းကိုယ်ထဲကို မင်းရဲ့စိတ်ကလေး ပြန်ဝင်လိုက်'

'ဘယ်လိုပြန်ဝင်ရမတုံး'

လို့ သူ့ကို လှမ်းပြောလိုက်တော့...

'ကဲကွာ...'

ဆိုပြီး ကျွန်တော့်ကို နားရင်းအုပ်ထည့်လိုက်တာ အလောင်းပေါ်ကို မှောက်ရက်ကျပြီး ကျွန်တော့်ရဲ့ဝိညာဉ်ဟာ အလောင်းထဲကို တောက်လျှောက်ဝင်သွားခဲ့တယ်။

ဒီတော့မှ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ သွေးတွေစီးဆင်းသွားသလို တစ်ကိုယ်လုံး ပူနွေးသွားပြီး ခြေတွေလက်တွေ လှုပ်ရှားနိုင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကျွန်တော့်ရဲ့ နှုတ်ဖျားက တဟင်းဟင်းနဲ့ စတင် ညည်းတွားနိုင်လာခဲ့တယ်။

'အဟင်း... ဟင်း... ဟင်း...'

'လုပ်ကြပါဦး၊ ဘာသံကြီးလဲ မသိဘူး'

မတင်အေးရဲ့ ကြောက်လန့်တကြား အော်လိုက်တဲ့အသံကို ကြားလိုက်ရတယ်။

နောက်တော့ ကျွန်တော့်ရဲ့ ရင်ထဲမှာ အလွန်ပူလောင်ပြီး နှုတ်ခမ်းတွေလည်းခြောက်နေတယ်။ အာခေါင် တစ်ခုလုံးလည်း ခြောက်ကပ်နေတယ်။

'ဒါကြောင့် ရေ... ရေ... ရေပေးပါ'

လို့ ပြောလိုက်တယ်။

အဲဒီတော့ ပရိသတ်ထဲက လူတွေက ဇရပ်ပေါ်ကို ပွေ့သွားပြီး ရေတိုက်ကြတယ်။

နောက်တော့ ကျွန်တော်ဟာ ထန်းရည်တဲဆီ ပြန်ရောက်သွားတယ်။





အားလုံးကို ပုံမှန်အတိုင်း အားလုံးကို ပြန်သတိရလာတယ်။

အဲဒါကတော့ ကိုညိုမောင်ရဲ့ သေရွာပြန်ခရီးစဉ်ကို ပြောပြခြင်းပဲ ဖြစ်ပါတယ်။

သူဟာ... စိတ်လွင့်မျောသွားစဉ်မှာ စိတ်အစဉ်ဟာ ကယောက်ကယက်နဲ့ ရောက်ချင်ရာ ရောက်သွားတာလည်း ဖြစ်နိုင်တယ်။

ဒါမှမဟုတ်... တကယ်ပဲ ပရလောကသားတွေဆီကို အလည်တစ်ခေါက် ရောက်သွားလည်း ဖြစ်နိုင်တယ်။

ဒီကိစ္စတွေဟာ သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်တွေ ဖြစ်လို့ ဘယ်သိပ္ပံပညာရှင်မှ ကောက်ချက်မပေးနိုင်သေးတဲ့ အကြောင်းအရာတွေပဲ ဖြစ်တယ်။

ကိုညိုမောင်က ပြောပြခဲ့တယ်။

မည်းမည်းအကောင်ကြီးနှစ်ကောင် လာခေါ်တုန်းက ရွာတောင်ပိုင်းက ထန်းရည်ရောင်းတဲ့ ကိုညိုမောင်နဲ့ ရွာမြောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



က ထင်းရောင်းတဲ့ ဦးညိုကြီးတို့နှစ်ဦးကို မှားပြီးခေါ်တာပါလို့ ပြောခဲ့တယ်။

အဲဒီတုန်းက နားထောင်တဲ့ ပရိသတ်ဟာ ဟာသပြောသလို အားရပါးရ ရယ်မောခဲ့ကြတယ်။

ပြီးတော့ ကိုညိုမောင်က အဲဒီလိုပြောတဲ့အကြောင်းကို ဦးညိုကြီးကို သွားပြီးပြောပြခဲ့ကြတယ်။

'ဦးညိုကြီး… ညိုမောင်က ပြောနေတယ်၊ ခင်ဗျားကို လာခေါ်တာ၊ လူမှားပြီး သူ့ကို ခေါ်သွားတာတဲ့'

'အေးဗျာ… တော်တော်ရယ်ရတဲ့ အကောင်ပဲ၊ သူ သတိလစ်တဲ့အထဲမှာ ကျွန်တော်တောင် ပါနေပြီပဲ'

'ပါတာတ အရေးမကြီးဘူး၊ ညိုမောင်ပြောသလိုဆိုရင် မည်းမည်းကြီးနှစ်ကောင်က ခင်ဗျားကို လာခေါ်နေဦးမယ်၊ သတိထားနေဦး'

'ဟား… ဟား… ဟား… ရယ်ရတယ်ဗျာ၊

'ညိုမောင်က ထန်းပင်ပေါ်ကကျပြီး ရူးကြောင်မူးကြောင်





ပြောတဲ့စကားကို ကျုပ်က အရေးလုပ်ရမှာလား'

'ခြေသြော်… ဘာရယ်မဟုတ်ပါဘူး၊ ကျုပ်တို့က စိုးရိမ်လို့ သတိပေးတာပါ'

'မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်က ကျန်းမာရေးကို ဒေါင်ဒေါင် မြည်နေတာပဲ၊ ရိုက်သတ်လို့တောင် မသေနိုင်သေးပါဘူးဗျာ'

'ဒါဖြင့်လည်း ပြီးရောဗျာ၊ ဒါပေမဲ့ ဘုရားတရားကိုတော့ မမေ့နဲ့ဦး'

'အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ညိုမောင် ဆီလည်း ကျုပ် သွားပြီးအားပေးလိုက်ဦးမယ်'

'ကောင်းပါတယ်ဗျာ၊ မွှားသူရှာသားအချင်းချင်းပဲ သွား မေးလိုက်ပါဦး'

'အေးပါဗျာ… သွားလိုက်ပါဦးမယ်'

ဦးညိုကြီးလည်း ကိုညိုမောင်ဆီကို သတင်းမေးသွားခဲ့တယ်။

ကိုညိုမောင်က သတိပြန်ရတယ်ဆိုပေမယ့် ထန်းပင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကာကျထားကို တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေလို့ လမ်းမလျှောက်နိုင်သေးဘူး။

ဦးညိုကြီးက သူ့ဆီကို သတင်းမေးလာတော့ ပျာပျာသလဲ ဧည့်ခံပြီး...

'ဦးလေး... ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော် သတိလစ်ပြီး မျောသွားတုန်းက မည်းမည်းကောင်ကြီးနှစ်ကောင်က ဦးလေးကို လာခေါ်တာတဲ့၊ ကျွန်တော့်ကို လူမှားပြီး ခေါ်သွားတာလို့ ပြောတယ်၊ အဲဒါ ဦးလေးကို စိုးရိမ်လို့ ဦးလေးကောင်းတို့နဲ့တောင် ပြောနိုင်းလိုက်သေးတယ်'

'ဟုတ်တယ်၊ သူတို့ လာပြောလို့ မင်းဆီကို သတင်းလာမေးတာ၊ မင်း စိတ်မပူပါနဲ့ကွာ၊ မင်း သတိပေးတာလည်း ဦးလေး ကျေးဇူးတင်ပါတယ်'

ဦးညိုကြီးဟာ ကိုညိုမောင်ဆီကို သတင်းမေးပြီး ပြန်သွားခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ ထူးခြားမှုတွေ ရှိလာတယ်။

❀❀❀



ပထမ ထူးခြားတာကတော့ သန်းရှိုင်း ရွှေပြောင်းစဉ်မှာ ဦးဖိုးစိန်ရဲ့လှည်းနဲ့ သန်းရှိုင်းပြောင်းတာ ကိုညိုမောင် မသိခဲ့ဘူး။

ဒါပေမဲ့ သူ သတိလစ်စဉ် သူ့ဦးလေးနဲ့ တွေ့တုန်းမှာ ဦးဖိုးစိန်ရဲ့ လှည်းနဲ့ သန်းရှိုင်းပြောင်းတာရယ်၊ နွားတွေ တရုန်းရုန်းနဲ့ နာမှုတ်ပြီး ကြောက်လန့်တကြားဖြစ်ခဲ့ကြောင်း ဦးဖိုးစိန်က ပြောပြလို့ သိခဲ့ရတယ်။

ဒါဟာ ကိုညိုမောင် လုံးဝမသိခဲ့တဲ့ အကြောင်းတစ်ခုပဲ။

ဒါဟာ တိုက်ဆိုင်တာလား၊

ဒါမှမဟုတ် ကျွန်တော်တို့ ဉာဏ်မမီတဲ့ အကြောင်းတရားလားဆိုတာ မဝေခွဲနိုင်ဘူး ဖြစ်နေတယ်။

ဒုတိယ ထူးခြားမှုကတော့ ကိုညိုမောင်ကို ဦးညိုကြီးလာတွေ့ပြီး သုံးရက်အကြာမှာ ရွာဟောင်းပိုင်းမှာနေတဲ့ ဦးညိုကြီးဟာ အိပ်ရာပေါ်မှာ သေဆုံးသွားခဲ့တယ်ဆိုတဲ့သတင်းကို ကြားခဲ့ရတယ်။

❀❀❀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လူတွေသွားကြည့်တော့ မျက်လုံးကြီးပြူးပြီး အသက်ကို လန့်နေတယ်တဲ့။

လူတွေအပြောအရတော့…

'ဦးညိုကြီးဟာ တစ်စုံတစ်ခုသော ကြောက်မက်ဖွယ်ရာ မြင်ကွင်းကို မြင်ရလို့ အကြောက်လွန်ပြီး သေသွားတာ ဖြစ်နိုင်တယ်' တဲ့။

ဦးညိုကြီးဟာ အိပ်ပျော်နေရင်းနဲ့ သေဆုံးသွားဘယ်ဆိုတော့ သူ ဘာဖြစ်လို့ သေဆုံးသွားတယ်ဆိုတာ ဘယ်သူမျှ မပြောနိုင်ဘူး။

အဲဒီသတင်းကို ကြားတော့ ကိုညိုမောင်ဟာ ရှိုက်ကြီးတငင် ငိုကြွေးခဲ့တယ်။

'ဦးလေးရယ်… ကျွန်တော် အတန်တန် ပြောပါရက်နဲ့ ကျွန်တော့်စကားကို အရေးမထားလို့ သေရတာ စိတ်မကောင်းပါဘူး ဦးလေးရယ်'

ပြောပြောဆိုဆို လူမည်းကြီးနှစ်ယောက် သူ့ကိုခေါ်သွားပုံကို မြင်ယောင်ပြီး အတော်စိတ်မကောင်းဖြစ်မိတယ်။





ကိုညိုမောင်ဟာ သေခြင်းတရားဟာ လက်တစ်ကမ်းမှာ ပဲ ရှိတယ်ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်သွားခဲ့ တယ်။

သတိလစ်စဉ်တုန်းက တွေ့ခဲ့ရတဲ့ ဦးလေးရယ်၊ ဦးညိုမောင်ကြီးနဲ့ ပရလောကသားတွေအတွက် ရည်စူးပြီး ဘုန်းကြီးငါးပါး ဆွမ်းကပ်ခဲ့တယ်။

ပြီးတော့ ကောင်းမှုအစုစုကိုလည်း အမျှအတန်း ဝေခဲ့ တယ်။

သူကိုယ်တိုင်လည်း ခဏနေရတဲ့ဘဝလေးမှာ အကုသိုလ် မယူချင်တာနဲ့ ထန်းရည်ရောင်းတဲ့အလုပ်ကို စွန့်ပြီး ဈေးထဲမှာ ဈေးရောင်းခဲ့တယ်။

အထက်ပါ ထူးခြားဆန်းကြယ်တဲ့ ပရလောကသားတွေ ရဲ့ အကြောင်းကို သိခွင့်ရခဲ့တယ်။

ဒါကြောင့် ကျွန်တော့်ရဲ့ မှတ်တမ်းထဲမှာ ဒီလို သေချာ



www.burmeseclassic.com

www.burmeseclassic.com



ကိုညိုမောင်ရဲ့အကြောင်းကို ရေးသားမှတ်ထားလိုက်တယ်။

တကယ်တော့ တမလွန်ရဲ့ နောက်ကွယ်က ဖြစ်ရပ်ဆန်းကြယ်တွေဟာ သာမန်လူများရဲ့ ဉာဏ်နဲ့ လိုက်မမီလောက်အောင် ထူးခြားလွန်းလှပါတယ်။

စာဖတ်ပရိသတ်များကို လေးစားသော

သိုက်မွား

BURMESE CLASSIC .com

www.burmeseclassic.com